BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ မေလ | အမှတ် (၃၉)

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားသွေးစည်းညီညွတ်ရေး ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်အတွင်း ပြည်သူထောင်ပေါင်းများစွာ ပူးပေါင်းပါဝင်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၂ ခု မေလ(၆)ရက် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် တနှစ်တာကာလအတွင်း ပါတီစည်းရုံးရေးလုပ်ငန်းရပ်ကြီးသုံးရပ်ဖြစ်သည့် အမျိုးသားသွေးစည်းညီညွတ်မှုတည်ဆောက်ခြင်း၊ ပါတီရုံးများ ပုံမှန်လှုပ်ရှားဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် လူထုစည်းရုံးရေးလုပ်ငန်းများအား တနိုင်ငံလုံးအနှံ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်ပါသည်။ ယခုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် တနှစ်ပြည့်မြောက်နေ့၊ မေလ (၆)ရက်နေ့တွင် မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်သို့ ပါတီစည်းရုံးရေးခရီးစဉ်အဖြစ် သွားရောက်လျက်ရှိသည်။ ယင်းရက်ရှည်ခရီးစဉ်မပြီးဆုံးသေးသော်လည်း ခရီးစဉ်တလျှောက် လှုပ်ရှားမှုအခြေအနေများအား စာဖတ်သူများ သိရှိနိုင်ရန်ရည်ရွယ်၍ မိုးကြိုးသတင်းစဉ်က ခရီးစဉ်မှတ်တမ်းလွှာအဖြစ် ဖော်ပြအပ်ပါသည်။

**❖ အသံလွှင့်ဌာနအသီးသီး၏ ထုတ်လွှင့်ချက်များအား မှီငြမ်းကိုးကား၍ဖော်ပြပါသည်။ ❖**



**မေ(၆)ရက်။** ။ ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ချုပ် လူငယ်(၁၂)ဦးတို့ လိုက်ပါလျက် ကချင်ပြည်နယ်သို့ ပါတီစည်းရုံးရေးခရီးစဉ် စတင်ထွက်ခွာခဲ့သည်။ ပါတီစည်းရုံးရေး လုပ်ငန်းရပ်များအနက် ယခု ခရီးစဉ်သည် အရှည်လျားဆုံးခရီးစဉ်ဖြစ်ပြီး တလခန့် ကြာမြင့်မည့် ခရီးစဉ်လည်းဖြစ်သည်။

ထိုနေ့ည ၁၂ နာရီခန့်တွင် မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးတိုင်းအဖွဲ့ချုပ်ရုံးတွင် ညအိပ်ရပ်နားသည်။

အာဏာပိုင်များက မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ အဖွဲ့ချုပ် အဖွဲ့ဝင်များကို ဆင့်ခေါ်၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို အဖွဲ့ချုပ်ရုံး၌သာ ကြိုဆိုနိုင်ကြောင်း၊ လမ်းများပေါ်တွင် ကြွေးကြော်သံများ အော်ဟစ်၍ ကြိုဆိုခြင်း၊ စာတန်းများ ရေးထိုး၍ ကြိုဆိုခြင်းများ မပြုလုပ်ရန် ကြိုတင်တားမြစ်ခဲ့သည်။ တဘက်တွင်မူ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုမည့်သူများအား ဖမ်းဆီးမည်ဟု သတင်းလွှင့် ခြိမ်းခြောက်ထားသည်။

**မေ(၇)ရက်။** ။ မန္တလေးတိုင်းရှိ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ကြိုဆိုရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ခရီးစဉ်အတွက် ဆွေးနွေးညှိနှိုင်းသည်။

မန္တလေးမြို့အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ သွားလာရာတွင် စစ်ထောက်လှမ်းရေးများက အတင်းအဓမ္မ ဓာတ်ပုံရိုက်သည့်အတွက် မဟာမြတ်မုနိဘုရားကြီးနှင့် မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးရာဇဓမ္မတို့ကို ဖူးမျှော်ရန်အစီအစဉ်အား ဖျက်သိမ်းခဲ့ရသည်။

**မေ(၈)ရက်။** ။ နံနက် ၇ နာရီတွင် မန္တလေးမြို့မှထွက်ခွာ၍ စစ်ကိုင်းတိုင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူမြို့များသို့ ခရီးဆက်သည်။ ရွှေဘိုရောက်သည်အထိ ကားလမ်းတလျှောက် ကျေးရွာများမှ ပြည်သူလူထုများက ပန်းစည်းများ၊ ပန်းများပေးကာ ထွက်၍ ကြိုဆိုကြသည်။ ရဟန်းသံဃာတော်များပါမကျန် ထွက်၍ ကြိုဆိုကြခြင်းဖြစ်ပြီး ရဟန်းရှင်လူပြည်သူအားလုံးက ဒေါ်စုနှင့် အဖွဲ့ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းကြသည်။ ရွှေဘိုမြို့သို့ နံနက် ၁၁း၃၀ နာရီခန့်တွင် ရောက်ရှိသည်။ စောင့်ဆိုင်းကြိုဆိုနေကြသည့် ပြည်သူ ၁၀,၀၀၀ (တသောင်း)ခန့်ကို ဒေါ်စုက မိန့်ခွန်းပြောကြားသည်။ ရွှေဘိုတွင် အဓမ္မ ဓာတ်ပုံရိုက်သည့်အတွက် ဒေါ်စု စိတ်အနှောင့်အယှက်ဖြစ်ရသည်ဟုဆိုသည်။ ရွှေဘိုမှ ပြန်လည်ထွက်ခွာလာစဉ် ကြံ့ဖွံ့အဖွဲ့က ဒိုင်နာကား(၃)စီးဖြင့် လူအပြည့်တင်၍ နောက်မှလိုက်လာခဲ့ကြကြောင်း သိရသည်။

မူလက ရွှေဘိုတွင် ဆိုင်းဘုတ်တင်ရန် စီစဉ်ထားသော်လည်း အာဏာပိုင်များက ရုံးမြေနေရာသည် လယ်မြေနှင့် မလွတ်ကင်းကြောင်း အကြောင်းပြကာ တားမြစ်ခဲ့သည်။ ခင်ဦးမြို့တွင် လူငယ်အဖွဲ့ ဖွဲ့စည်းပေးခဲ့ပြီး ကန့်ဘလူမြို့သို့ ခရီးဆက်သည်။ ကန့်ဘလူမြို့တွင် အဖွဲ့ချုပ်၏ မြို့နယ်စည်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဆိုင်းဘုတ်တင်ခွင့်မရခဲ့။ ရွှေဘိုတွင် အဓမ္မ ဓာတ်ပုံရိုက်ခံခဲ့ရသည့်ကိစ္စအား အာဏာပိုင်များထံ တိုင်ကြားမည်ဟုသိရသည်။ ဇီးကုန်း၌ ညအိပ်ရပ်နားသည်။

**မေ(၉)ရက်။** ။ ကောလင်းနှင့် ဝန်းသိုမြို့များသို့ သွားရောက်ခဲ့သည်။ မြို့နယ်ကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သော်လည်း ဆက်သွယ်ရေးအခက်အခဲကြောင့် မြို့နယ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ခြင်း မပြုလုပ်နိုင်ခဲ့။ ကောလင်းမှ ဝန်းသိုသို့သွားရောက်ပြီး ကောလင်းမြို့တွင် ညအိပ်ရပ်နားသည်။

ကောလင်းတွင် ကြိုဆိုနေကြသည့် ပြည်သူလူထုကို စကားပြောခွင့် မရရှိခဲ့။ ထို့အပြင် ကြံ့ဖွံ့အဖွဲ့ဝင်များက "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ"ဆိုသည့် ဆိုင်းဘုတ်များ လမ်းလယ်ခေါင်တွင် ဖြတ်၍ထောင်ထားခြင်း၊ မြို့လည်တွင် နဖူးစည်းစာတမ်းကြီးများ ချိတ်ဆွဲထားခြင်းတို့ဖြင့် ဟန့်တားနှောင့်ယှက်ခဲ့သည်။

**မေ(၁၀)ရက်။** ။ ကသာမြို့သို့ ညပိုင်းတွင် ရောက်ရှိပြီး ညအိပ်ရပ်နားသည်။ ကသာမြို့အဝင် ရွာတရွာတွင် ကြံ့ဖွံ့ ၂၅၀ ခန့်က ကားလမ်းဘေးတဖက်တချက်စီတွင် စုရုံးပြီး "ပြည်ပအားကိုး........ ဆန့်ကျင်ကြ"ဆိုသည့် ပိုစတာများ ကိုင်ဆောင်၍ အော်ဟစ်ခြင်း၊ နဖူးစည်းစာတမ်းများ ချိတ်ဆွဲခြင်းတို့ပြုလုပ်ခဲ့သည်။ တဘက်နှင့်တဘက် တင်းမာမှုဖြစ်ပွားခဲ့သဖြင့် ဒုဗိုလ်မှူးကြီးအဆင့်ရှိသူတဦး လာရောက်ဖြေရှင်းမှ ကြံ့ဖွံ့အဖွဲ့များ ပြန်လည်ထွက်ခွာသွားသည်။



ဒေါ်အောင်ဆန်းစုကြည်၏ ရောဝတီတိုင်းစည်းရုံးရေးခရီးစဉ်

နောက်ကျောဖုံးသို့

## (၁၃)ကြိမ်မြောက် ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပ

**မေ၊ (၂၇)ရက်။**

ယနေ့ကျရောက်သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၃)နှစ်မြောက်အခမ်းအနားကို ရန်ကုန်မြို့ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ရုံးတွင် မွန်းလွဲ(၁)နာရီအချိန်၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် အဲန်အယ်လ်ဒီအဖွဲ့ချုပ်က (၁၃)နှစ်မြောက် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်းတစောင်နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း ကြံ့ဖွံ့အဖွဲ့၏ နှောင့်ယှက်ဟန့်တားမှုများအား နေရာဒေသအလိုက် အသေးစိတ်ဖော်ပြထားသည့် ကြေညာချက်တစောင်ကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တွင် ရောက်ရှိနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာတစောင် ပေးပို့ခဲ့သည်။ သဝဏ်လွှာတွင် ဒီမိုကရေစီအတွက် မျှော်လင့်ချက် ကြီးမားစွာဖြင့် မဲပေးခဲ့ကြသည့် ပြည်သူတို့၏ဆန္ဒကို မချိုးဖောက်သင့်ကြောင်းနှင့် ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှုခြင်းသည် ပြည်သူကို တန်ဖိုးမထားရာ၊ စော်ကားရာ ရောက်ကြောင်း အဓိကထား ဖော်ပြထားသည်။ ထို့ပြင် စည်းရုံးရေးခရီးစဉ်များ၏ အတွေ့အကြုံအရ

စာမျက်နှာ(၂၀)၊ကော်လံ(၁)သို့

**မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ**

## အယ်ဒီတာ့အာဘော်

# ၁၉၉၀ ပြည့် ရွေးကောက်ပွဲတိုက်ပွဲဝင်စိတ်ဓာတ်ကို မြှင့်တင်ကြ

၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် ရှစ်လေးလုံး ဒီမိုကရေစီ အုံကြွပေါက်ကွဲမှုကြီး၏ အကျိုးတရားအဖြစ် ပေါ်ထွက်လာသော နိုင်ငံရေးအရ ပိုမိုနက်ရှိုင်းကျယ်ပြန့်သည့် လူထုလှုပ်ရှားမှုကြီးဖြစ်သည်။ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်ကို ပယ်ချလိုက်ပြီး စစ်မှန်သော ဒီမိုကရေစီစနစ် ထူထောင်ရေးအတွက် ဆန္ဒမဲပြားများမှတဆင့် ဖော်ပြလိုက်သည့် ပြည်သူလူထု၏ ဆန္ဒခံယူပွဲကြီးလည်းဖြစ်ပေသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၈-၉-၈၈ နေ့တွင် ပြည်သူလူထုတရပ်လုံး၏ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေးတောင်းဆိုချက်ကို လျစ်လျူရှု၍ အပြစ်မဲ့ပြည်သူရာပေါင်းများစွာကို သတ်ဖြတ်ပြီး နိုင်ငံတော် အာဏာကို သိမ်းယူခဲ့သည်။ နဝတ မှ အာဏာသိမ်းယူပြီးလျှင်ပြီးချင်း ထုတ်ပြန်သော ကြေညာချက်အမှတ် (၁/၈၈)တွင် ဖော်ပြထားသည့် နဝတ၏ လုပ်ငန်းဆောင်တာများအနက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရေးဟူသောလုပ်ငန်းသည် နဝတ၏ လုပ်ငန်းတာဝန်တရပ်ဖြစ်သည်ဟုပါရှိသည်။ သို့ပါ၍ ၃၁-၅-၈၉ နေ့၌ နဝတသည် ဥပဒေအမှတ် (၁၄/၈၉)အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် ရည်ရွယ်၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ အခန်း(၂)၊ ပုဒ်မ(၃)တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟု ပြဋ္ဌာန်းထားရာ ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန်မှာ နဝတ၏ ရှောင်လွှဲမရသော သမိုင်းပေးတာဝန်ဖြစ်ပါသည်။

ယင်းဥပဒေအရ ၁၉၉၀ ပြည့် မေလ(၂၇)ရက်နေ့တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သော်လည်း ယင်းရွေးကောက်ပွဲ၏ ရလဒ်ဖြစ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို (၁၃)နှစ်ကြာသည့်တိုင် ခေါ်ယူကျင်းပနိုင်ခြင်း မရှိသေးချေ။ ယင်းရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် (၄၈၅)နေရာအနက် (၃၉၂)နေရာ အနိုင်ရခဲ့သည့် အဲန်အယ်လ်ဒီမှ ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် တစိုက်မတ်မတ် တောင်းဆိုခဲ့သော်လည်း နအဖ စစ်အာဏာရှင်တို့က လျစ်လျူရှုလျက် အာဏာကို အာသာငန်းငန်း ဖက်တွယ်လျက်ရှိနေဆဲဖြစ်သည်။ အကျိုးဆက်မှာ နိုင်ငံရေးရေစီးကြောင်း ရပ်တန့်နေမှုကြောင့် တတိုင်းပြည်လုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အခြေအနေအရပ်ရပ်မှာ အဆိုးဝါးဆုံးအနေအထားတရပ်ဆီသို့ ရောက်ရှိနေပြီး တတိုင်းပြည်လုံး ကျေပြုန်း ပျက်သုဉ်းမည့် အခြေအနေသို့ ဦးတည်နေပြီဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပေသည်။

ဤနေရာတွင် ဖော်ပြရန်ရှိသည်မှာ ၁၉၉၀ ပြည့် ရွေးကောက်ပွဲသည် ပြည်သူတို့က ပြည်သူတို့ကို အုပ်ချုပ်ရန် အစိုးရတရပ်ကို ရွေးချယ်ရုံသက်သက်မျှသော သာမန်ရွေးကောက်ပွဲမဟုတ်ဘဲ အနှစ်သာရအားဖြင့် စစ်အာဏာရှင်စနစ်အား အကုန်အစင် ဖျက်သိမ်းရေး၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံထူထောင်ရေး လုပ်ငန်းတာဝန်အား ပြည်သူလူထုတရပ်လုံးမှ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဲန်အယ်လ်ဒီအား တာဝန်ပေး အပ်နှင်းလိုက်ခြင်းဖြစ်သည်ဟုလည်း အဓိပ္ပာယ်ရပါသည်။ အဲန်အယ်လ်ဒီမှလည်း ပြည်သူကိုယ်စားပြုသောပါတီ ပီသစွာ လှိုင်းလေမည်မျှထန်ပါစေ၊ မုန်တိုင်း မည်မျှကြမ်းပါစေ၊ ကြံ့ကြံ့ခံရပ်တည်လျက် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်အား အကောင်အထည်ဖော်ရေးဟူသော ရည်မှန်းချက်ပန်းတိုင်ကို အခိုင်အမာ ထိန်းသိမ်းကာကွယ်လျက်ရှိပေသည်။

စင်စစ်အားဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှတဆင့် ပြသလိုက်သည့် ပြည်သူလူထုတရပ်လုံး၏ လိုအင်ဆန္ဒကို အကောင်အထည်ဖော်ရေးတာဝန်သည် ရွေးကောက်ခံပါတီနှင့် ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သက်သက်မဟုတ်ဘဲ ပြည်သူတရပ်လုံး၏ သမိုင်းပေးလုပ်ငန်းတာဝန်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်နိုင်ဘဲလျက် မြန်မာပြည်ဒီမိုကရေစီရေး တိုးတက်မှုဖြစ်စဉ်ကို ရှေ့တိုးလာစေရန် ဆောင်ရွက်ရေးသည် လက်တွေ့တွင် ဖြစ်နိုင်ဖွယ်ရာ မရှိပေ။ သို့ပါ၍ ၁၉၉၀ ပြည့် ရွေးကောက်ပွဲ တိုက်ပွဲဝင်စိတ်ဓာတ်ဖြစ်သည့် "ပြည်သူလူထုကြီးနှင့် တသားတည်း ရပ်တည်လျက် စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး"တည်းဟူသော စိတ်ဓာတ်ကို အခိုင်အမာကိုင်စွဲ၍ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် ပျက်ကွက်နေသည့် နအဖစစ်အာဏာရှင်တို့အား ဒဏ်ခတ်အရေးယူရေးတာဝန်မှာ ယနေ့ကာလ၏ သမိုင်းပေးတာဝန်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# နအဖကိုဘယ်ညာညှပ်ပြီး ဆွေးနွေးပွဲစားပွဲပေါ် ရောက်အောင် လုပ်မည် အမေရိကန်ရောက် အန်ဒီအက်စ်ကိုယ်စားလှယ်အဖွဲ့ ပြောကြား



**အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ခွန်ဥက္ကာ**

**မေ၊ (   )ရက်**

တိုင်းရင်းသားကိုယ်စားလှယ်(၇)ဦးပါဝင်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုမှ အဖွဲ့တဖွဲ့သည် ကိုလံဘီယာတက္ကသိုလ် ပဋိပက္ခဖြေရှင်းရေးနှင့် နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ၏ ရပ်တည်မှုအခြေအနေနှင့် သဘောထားများကို နိုင်ငံတကာမှ သိရှိရန် ဆောင်ရွက်နေကြကြောင်း သိရသည်၊

ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ခွန်ဥက္ကာ ဦးဆောင်သည့် အဆိုပါအဖွဲ့တွင် ကေအဲန်ယူမှ စောဒေးဗစ်ထော၊ ရခိုင်လွတ်မြောက်ရေးပါတီမှ ဥက္ကဋ္ဌ ခိုင်ရဲခိုင်၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးမှ အထွေထွေအတွင်းရေးမှူး မိုင်အိုက်ပုန်း၊ လားဟူဒီမိုကရက်တစ်တပ်ဦးမှ ဒုတိယဥက္ကဋ္ဌ ဦးဘာဆေး (ခေါ်) ခေါင်ဟောင်း၊ ချင်းအမျိုးသားတပ်ဦးမှ ဒေါက်တာရွှေခါးနှင့်၊ နအဖနှင့် အပစ်အခတ် ရပ်စဲထားသည့် မွန်အဖွဲ့မှ ကိုယ်စားလှယ်တဦးတို့ ပါဝင်ကြပြီး အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ တာဝန်ပေးချက်အရ ဝါရှင်တန်မြို့သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အတူတကွရှိနေကြပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အခြေခံပေါ်တွင် အားလုံး၏အမြင်များ တူညီကြောင်း၊ တိုင်းရင်းသားများသည် ပြည်ထောင်စုမှ ခွဲထွက်လိုသူ ခွဲထွက်ရေးသမားများ မဟုတ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားများ၏ အနာဂတ်မျှော်မှန်းချက်များအား အမေရိကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအား ပြသနိုင်ရန် ရည်ရွယ်၍ ယခုခရီးစဉ်ကို ထွက်လာခြင်းဖြစ်ကြောင်း အဖွဲ့ ခေါင်းဆောင် ခွန်ဥက္ကာက ပြောကြားသည်။ ထိုအဖွဲ့သည် ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် နိုင်ငံရေး ပြဿနာများအား နိုင်ငံရေးနည်းနှင့် ဖြေရှင်းရန် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အဲန်အယ်လ်ဒီနှင့် နအဖတို့ တွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်လာရေးမှသည် တိုင်းရင်းသားများအားလုံး ပါဝင်သည့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲအဆင့်ထိ တက်လှမ်းနိုင်ရေးကို နိုင်ငံတကာက ထောက်ခံအားပေးလာရန် တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့အရေး စိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံခွင့်ရခဲ့ပြီး မြန်မာပြည်တွင် တွေ့ကြုံနေရသည့် နိုင်ငံရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာများအား ဆွေးနွေးခဲ့ကြသည်။❖

# လက်နက်တင်ပို့မှု ရပ်ဆိုင်း၍ ဆွေးနွေးပွဲဖြစ်မြောက်ရေး ကြိုးပမ်းရန် နိုင်ငံတကာသို့ ကေအဲန်ယူတိုက်တွန်း

**မေ၊ (၁၇)ရက်။**

နအဖစစ်အုပ်စုအား စစ်လက်နက်ပစ္စည်းများ ရောင်းချနေသည့်နိုင်ငံများသည် လူ့ကျင့်ဝတ်သိက္ခာနှင့် မညီညွတ်သော ရာဇဝတ်မှုကို ပြုလုပ်နေခြင်းဖြစ်ကြောင်း ကေအဲန်ယူက မေလ(၁၆)ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

အိန္ဒိယအစိုးရက မကြာသေးခင် ရက်များအတွင်း မြန်မာနိုင်ငံကို လက်နက်များ တင်ပို့ ရောင်းချနေကြောင်း အတည်ပြုပြောကြားခဲ့ပြီးသည့်နောက် ကေအဲန်ယူက နိုင်ငံတကာအနေဖြင့် မြန်မာစစ်အုပ်စုအား လက်နက်များ တင်ပို့ရောင်းချနေမှုကို ရပ်ဆိုင်းပေးရန် ယခုကဲ့သို့ ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကြေညာချက်တွင် နအဖစစ်အုပ်စုသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ အဲန်အယ်လ်ဒီကို အာဏာလွှဲပြောင်းပေးခြင်း မပြုရုံမက ဘက်ပေါင်းစုံ ဖိနှိပ်မှုများ ပြုလုပ်နေခြင်း၊ တိုင်းရင်းသားလူမျိုးစုများအပေါ် ဆက်လက်စစ်ဆင်တိုက်ခိုက်နေပြီး နအဖ စစ်တပ်များက လူသတ်၊ ပစ္စည်းလု၊ မုဒိမ်းကျင့်သည့်ကိစ္စများ ကျူးလွန်နေခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုများရှိနေပြီး မူးယစ်ရာဇာများကို အကာအကွယ်ပေးထားခြင်းတို့ကြောင့် နအဖ စစ်အုပ်စုသည် အကြမ်းဖက်သမားများ ဖြစ်ကြောင်း ဖော်ပြထားသည်။

ကေအဲန်ယူအထွေထွေ အတွင်းရေးမှူး ပဒိုမန်းရှာလာဖန်းက နအဖသည် စစ်လေယာဉ်၊ စစ်သင်္ဘော၊ တင့်ကားများ ဝယ်ယူခဲ့ပြီး နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးလုပ်ငန်းကိုလည်း ကြိုးပမ်းနေကြောင်း ပြောဆိုခဲ့သည်။ ၎င်းက နိုင်ငံတကာအနေဖြင့် နအဖစစ်အုပ်စုအား စစ်လက်နက်များ ရောင်းချခြင်း၊ စစ်သင်တန်းများ ပေးနေခြင်းတို့ကို အမြန်ဆုံးရပ်ဆိုင်းပြီး မြန်မာပြည်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးပြဿနာများအား တရားမျှတစွာ ဆွေးနွေးဖြေရှင်းနိုင်မည့် စစ်မှန်သောနိုင်ငံရေး ဆွေးနွေးပွဲများ ပေါ်ပေါက်လာရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်သည်။ ❖



# နအဖနှင့် အဲန်အယ်လ်ဒီ တွေ့ဆုံဆွေးနွေးရန် ကိုဖီအာနန် တိုက်တွန်း

**မေ၊ (၁၅)ရက်။**

လာမည့်ဇွန်လအတွင်း ရန်ကုန်မြို့သို့ (၁၀)ကြိမ်မြောက်ခရီးစဉ်အဖြစ် သွားရောက်မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာရာဇာလီ၏ ခရီးစဉ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးကြရန် မြန်မာစစ်အာဏာပိုင်များနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းပြောကြားလိုက်သည်။



**ကုလသမဂ္ဂ**
**အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ**
**ကိုဖီအာနန်**

မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာရာဇာလီအစ္စမေးလ်သည် လာမည့် ဇွန်လ(၆)ရက်နေ့တွင် မြန်မာနိုင်ငံသို့ (၁၀)ကြိမ်မြောက်ခရီးအဖြစ် လာရောက်မည်ဖြစ်ရာ ထိုခရီးစဉ်အတွင်း နအဖ စစ်ဗိုလ်ချုပ်ကြီးများနှင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အဲန်အယ်လ်ဒီ ခေါင်းဆောင်များအား တွေ့ဆုံ၍ လပေါင်းအတော်ကြာ ရပ်တန့်နေခဲ့သည့် နှစ်ဘက်တွေ့ဆုံဆွေးနွေးမှုကို ပြန်လည် အသက်သွင်းနိုင်လိမ့်မည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်က မျှော်လင့်နေကြောင်း ၎င်း၏ ပြောခွင့်ရပုဂ္ဂိုလ် ခရက်အဲဆတ်က ပြောကြားခဲ့သည်။

မြန်မာ့အရေး ကြားဝင်ဆောင်ရွက်ပေးနေသည့် မစ္စတာရာဇာလီ၏ မြန်မာပြည်ခရီးစဉ်သည် (၉)ကြိမ်တိုင် ပြီးမြောက်ခဲ့ပြီဖြစ်သော်လည်း မြန်မာ့နိုင်ငံရေး အခြေအနေ တိုးတက်လာခြင်း မရှိသည့်အပေါ် ဒီမိုကရေစီလိုလားသူများ၏ ဝေဖန်သံများ ပြီးခဲ့သည့်ကာလများအတွင်း ထွက်ပေါ်လာခဲ့ပြီးနောက် ယခုကဲ့သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုယ်တိုင် ထုတ်ဖော်တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မစ္စတာရာဇာလီ၏ ယခုခရီးစဉ်တွင် ထူးခြားမှုများရှိလာနိုင်ကြောင်း လက်ရှိအခြေအနေတွင် ကိုဖီအာနန်ကိုယ်တိုင် တာဝန်ခံ ပြောဆိုလာသည့်သဘောရှိကြောင်း အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က မေလ(၁၅)ရက် ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ ❖

# ဆွေးနွေးပွဲများ ရပ်တန့်နေ၍ ပြင်သစ်သမတ စိုးရိမ်

**မေ၊ (၁၄)ရက်။**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် စစ်အစိုးရက ပျက်ကွက်နေခြင်းကြောင့် စိုးရိမ်မကင်းဖြစ်မိကြောင်း ပြင်သစ်သမတ ဂျက်ရှီရက်က ထိုင်းဝန်ကြီးချုပ်အား ပြောကြားလိုက်သည်။

ထိုင်းဝန်ကြီးချုပ် မစ္စတာ တပ်စင်ရှီနာဝပ်သည် ပုဂ္ဂိုလ်ရေးခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေစဉ် ပြင်သစ် သမတ ရှီရတ်နှင့် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ် ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်အစိုးရ ပြောရေးဆိုခွင့်ရှိသူများက ထုတ်ဖော်ပြောဆိုခဲ့သည်။ မြန်မာစစ်အုပ်စုသည် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းအတွက် မကြာခင်က နိုင်ငံရေးအကျဉ်းသားအချို့အား ပြန်လည်လွှတ်ပေးခဲ့သည့် တိုးတက်မှုမျိုး အနည်းငယ်ရှိခဲ့သော်လည်း ဆွေးနွေးပွဲများ ပြုလုပ်ရန် ရပ်တန့်နေပုံရကြောင်း ပြင်သစ်သမတက ပြောကြားခဲ့သည်။ ၎င်းက မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် စစ်အုပ်စုအတွက်ရော ဒေသတွင်း အကျိုးစီးပွားကိုပါ အထောက်အကူပြုရာ ရောက်ကြောင်း၊ စစ်အုပ်စု နားလည်သဘောပေါက်လာစေရေးအတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများက တွန်းအားပေးသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်သမတ၏ ပြောကြားချက်များသည် ဧပြီလက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့သည့် ဥရောပသမဂ္ဂ ထိပ်သီးညီလာခံမှ ထွက်ပေါ်လာခဲ့သော ရလဒ်၏ တစိတ်တပိုင်းဖြစ်သည်။ အီးယူနိုင်ငံခြားရေး ဝန်ကြီးများက ထိုညီလာခံတွင် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ် တိုးတက်လာမှု မရှိသေးသည့်အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။



**ပြင်သစ်သမတ ဂျက်ရှီရက်**

❖ ❖ ❖

# မြန်မာပြည်အတွက် အဓိပ္ပာယ်မဲ့သည့် နှစ်တနှစ်သာဖြစ်ခဲ့ကြောင်း ဗြိတိန် ဝေဖန်

**မေ၊ (၇)ရက်။**

ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီး မိုက်အိုဘရိုင်ယန်က နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးလိုက်သည့်အတွက် ကြိုဆိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သော်လည်း နအဖစစ်အုပ်စုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ဆောင်ခြင်း မရှိသေးကြောင်း ယမန်နေ့က ဝေဖန်ပြောဆိုလိုက်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည်မှာ တနှစ်ပြည့်သွားပြီဖြစ်သော်လည်း ထိုနှစ်သည် မြန်မာပြည်အတွက် အလဟဿ ဆုံးရှုံးသွားသည့် နှစ်တနှစ်သာဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

၎င်းက "ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာချိန်က မြန်မာပြည်တွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာတော့မည်ဟု လူအများက ယုံကြည်ခဲ့ကြသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် စစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အခြား ဒီမိုကရေစီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ပျက်ကွက်ခဲ့ကြောင်း" အိန္ဒိယနိုင်ငံမှတဆင့် ပေးပို့သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဆက်လက်၍ ဘရိုင်ယန်က ဗြိတိန်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကြိုးပမ်းနေသည့် မြန်မာ့ဒီမိုကရေစီ ရရှိရေးလုပ်ငန်းစဉ်ကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး နအဖက နိုင်ငံရေးအကျဉ်းသား ၂၁ ဦးတို့ကို လွှတ်ပေးသည့်အပေါ် ကြိုဆိုပါကြောင်း၊ အခြားကျန်ရှိနေသည့် ရာပေါင်းများစွာသောနိုင်ငံရေး အကျဉ်းသားများကိုလည်း အမြန်ဆုံး လွှတ်ပေးမည်ဆိုပါက စစ်အုပ်စု၏ ဒီမိုကရေစီရေး ကြိုးပမ်းမှု သင်္ကေတအဖြစ် မျှော်လင့်နိုင်မည်ဖြစ်ပါကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။❖



**ဗြိတိန် နိုင်ငံခြားရေးရုံးဝန်ကြီး**
**မစ္စတာ မိုက်အိုဘရိုင်ယန်**

# သမတအိမ်ဖြူတော်ရုံး ထုတ်ပြန်ကြေညာချက်

## မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမျိုးသား အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိနေခြင်း



**အမေရိကန်သမတ**
**ဂျော့ဒဗလျူဘုရှ်**

မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီရရှိရေးလှုပ်ရှားသူအတိုက်အခံများကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့မှုကြောင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ မပြုလုပ်ရန် ကွန်ဂရက်သို့ နိုင်ငံခြားဆက်သွယ်ရေး ဥပဒေပုဒ်မ–၅၇၀(ခ)နှင့် သက်ဆိုင်ရာ အက်ဥပဒေကို ကိုးကားလျက် သမတသည် ၁၉၉၇ ခု မေလ(၂၀)ရက်နေ့တွင် အမိန့်အာဏာ အမှတ်(၁၃၀၄၇)ကို ထုတ်ပြန်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအစိုးရ၏လုပ်ရပ်နှင့် မူဝါဒများကြောင့် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေး မူဝါဒအပေါ် ခြိမ်းခြောက်မှုဖြစ်ပေါ်စေသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ကိုင်တွယ်ရန် အမျိုးသားအရေးပေါ်အခြေအနေတရပ်ကိုလည်း သမတက ကြေညာခဲ့ပါသည်။

"မြန်မာနိုင်ငံအစိုးရ၏ လုပ်ရပ်များနှင့် မူဝါဒများသည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးဝါဒကို မကြုံစဖူး ထူးထူးကဲကဲ ခြောက်လှန့်လျက်ရှိနေသဖြင့် ၁၉၉၇ ခု မေလ(၂၀)ရက်နေ့က ထုတ်ပြန်ခဲ့သော အရေးပေါ်ဆိုင်ရာ လုပ်ဆောင်ချက်များကို ၂၀၀၃ ခုနှစ် မေလ(၂၀)ရက်နေ့ကို လွန်မြောက်ပြီး ဆက်လက်ကျင့်သုံးသွားရမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ အမျိုးသားအရေးပေါ် အက်ဥပဒေပုဒ်မ–၂၀၂(ဃ)အရ မြန်မာနိုင်ငံနှင့် ပတ်သက်သောအရေးပေါ်သဘောထားကို ကျွန်ုပ်က တနှစ် ဆက်လက်ပြဋ္ဌာန်းလိုက်သည်"

ဤကြေညာချက်ကို ပြည်ထောင်စုမော်ကွန်းထိန်းရုံးက ထုတ်ပြန်ပြီး ကွန်ဂရက်သို့ တင်သွင်းရမည်။

ပုံ

ဂျော့ဒဗလျူဘုရှ်
အိမ်ဖြူတော်
၂၀၀၃ ခုနှစ်၊ မေလ(၁၆)ရက်

# ပြည်သူများအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးရန် ဗိုလ်ချုပ်မှူးကြီး လုပ်ဆောင်နေ

**မေ၊ (၂၄)ရက်။**

ဗိုလ်ချုပ်မှူးကြီး သန်းရွှေဦးစီးသည့် နအဖ စစ်သားများက လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေသောကြီးမြတ်သည့်ခေါင်းဆောင် တဦးအား ခြိမ်းခြောက်ရန်လိုနေခြင်းသည် အလွန်တုန်လှုပ်စရာကောင်းသော ဖြစ်ရပ်တခုဖြစ်ကြောင်း အမေရိကန် ကွန်ဂရက် အမတ်များက ပြောကြားလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ပါတီစည်းရုံးရေးခရီးစဉ်အတွင်း ကြံ့ဖွံ့အဖွဲ့၏ နှောင့်ယှက်ဟန့်တားနေမှုများသည် အလွန်အမင်း စိတ်ပျက်ဖွယ် ဖြစ်ရကြောင်း၊ ယခုလို ကြံ့ဖွံ့အဖွဲ့၏ နှောင့်ယှက်ဟန့်တားနေမှုများသည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သည့် စစ်အုပ်စုက တိုင်းပြည်ကို အကြမ်းဖက် ရက်စက်မှုများနှင့် ဆက်လက်အုပ်ချုပ်နိုင်ရန် ပြုလုပ်နေခြင်းဖြစ်ကြောင်း နယူးယောက်မှ ရီပတ်ဘလီကန် အမတ် ပီတာကင်းနှင့် မက်ဆာချူးဆက် ပြည်နယ်မှ ဒီမိုကရက်တစ်ပါတီ အမတ် မိုက်ကယ်ကက်ပူးဝါးလ်နီးတို့က ပြောဆိုခဲ့သည်။

မစ္စတာပီတာကင်းသည် ဩဇာတိက္ကမရှိသော နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့် ဘဏ္ဍာရေးဆိုင်ရာ ဥက္ကဋ္ဌလည်းဖြစ်သည့်အပြင် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့တွင် ကြီးကြပ်ရသူဖြစ်သည်။

မက်ဆာချူးဆက်အမတ်ကတ်ပူးဝါးလ်နီးက ဗိုလ်ချုပ်မှူးကြီးသည် အာဏာတည်မြဲရေးအတွက် ပြည်သူများအပေါ်အကြမ်းဖက်၍ အကြောက်တရားများ ဆက်လက်လွှမ်းမိုးနေရန် ပြုလုပ်နေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ဧပြီလ(၃၀)ရက်နေ့ကလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ရ/သုံးငွေ ခွဲဝေသုံးစွဲရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်အမတ် မက်ကောနားက နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် တွေ့ဆုံရာတွင် မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့တားမြစ်အရေးယူရေးကိစ္စများအား ဥပဒေတရပ်အဖြစ် ပေါ်ပေါက်လာရေးအတွက် မကြာခင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

❖ ❖ ❖

# ရှေးဟောင်းပစ္စည်း ရောင်းချခြင်းအား တားမြစ်ရန် ကုလသမဂ္ဂ တောင်းဆို



**ပြတိုက်များ လုယက်ခံရသည့်အထဲမှ ကျန်ရှိနေသော အပိုင်းအစတချို့**

**မေ၊ (၃)ရက်။**

ဘဂ္ဂဒက်ရှိ အမျိုးသားပြတိုက်မှ လုယက်သွားသော တန်းဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းပစ္စည်းများ တင်းသွင်းမှုကို တားမြစ်သည့် ဆုံးဖြတ်ချက်ချမှတ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ယူနက်စကိုမှ အကြံပြုလိုက်ပြီဖြစ်သည်။

"တကယ်လို့သာ အီရတ် ယဉ်ကျေးမှုအနုပညာ ပစ္စည်းတွေ တင်သွင်းမှုကို တားမြစ်တဲ့ နိုင်ငံအားလုံးကို တောင်းဆိုထားတဲ့ အသစ်ပြဋ္ဌာန်းလိုက်တဲ့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ဖြစ်တယ်ဆိုလို့ရှိရင်တော့ ဒါဟာ အလွန်အရေးကြီးတဲ့ ခြေလှမ်းပဲ ဖြစ်ပါလိမ့်မယ်"ဟု ယူနက်စကို ဒါရိုက်တာကွိုင်ချီရှိ မတ်ဆူးရာ က ပြောကြားခဲ့သည်။

ယခင် ဂျပန်သံအမတ်ဟောင်းဖြစ်သူ မစ္စတာမတ်ဆူးရာက နယူးယောက်၌ ဤကိစ္စကို လုံခြုံရေးကောင်စီ (၁၅)နိုင်ငံနှင့် အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်တို့ ဆွေးနွေးရန် စီမံခဲ့သည်။

ယူနက်စကိုသည် ရှေးဟောင်းပစ္စည်းများအား ပြန်လည်ဖော်ထုတ်သည့် အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုအား ဦးဆောင်နေသည်။ ဤအထဲတွင် အချို့မှာ ဧပြီလက ညွန့်ပေါင်းတပ်ဖွဲ့များလက်သို့ ကျရောက်သွားသည့်အချိန်က ဘဂ္ဂဒက်မြို့ကြီး ဗရုတ်ဗရက်ဖြစ်နေစဉ်တွင် သူခိုးများနှင့် သာမန်အရပ်သူအရပ်သားများက ယူဆောင်သွားကြသည့် သမိုင်းမတိုင်မီခေတ်ကာလမှ ရှေးဟောင်းပစ္စည်းများ ပါဝင်သည်။ လုယက်မှုများမှာ ဘဂ္ဂဒက်တမြို့လုံး အနှံ့အပြား ဖြစ်ပွားခဲ့သည်။ သို့သော် အမျိုးသားပြတိုက်အား ဖျက်ဆီးလုယက်မှုမှာ တကမ္ဘာလုံး ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

ဝါရှင်တန်နှင့် ဗြိတိန်တို့က ပျောက်ဆုံးသွားသော ပစ္စည်းများအား ပြန်လည်ရရှိရေးအား ကူညီရန် ကတိပေးလိုက်သည်။

မစ္စတာမတ်ဆူးရာသည် ဤတပတ်လန်ဒန်၌ ပြုလုပ်သော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဤအစည်းအဝေးတွင် ကမ္ဘာ့အကြီးဆုံးပြတိုက်ကြီးများမှ ပြတိုက်မှူးများနှင့် နိုင်ငံတကာ အနုပညာရေးရာ ကျွမ်းကျင်သူများက လုယက်ခံရသော ရှေးဟောင်းအနုပညာပစ္စည်းများအား ပြန်လည်ရရှိရန်နှင့် ၎င်းတို့အား ရောင်းချခြင်းကို တားမြစ်ရန် အာမခံခဲ့ကြသည်။

၎င်းသည် အီရတ်သို့ အထူးမစ်ရှင်အဖွဲ့ စေလွှတ်ရန်၊ ဘဂ္ဂဒက်ရှိ ပြတိုက်များနှင့် ယဉ်ကျေးမှု တည်ရာဒေသများသို့ သွားရောက်လည်ပတ်ရန်နှင့် သက်ဆိုင်ရာ အီရတ်အရာရှိများနှင့် တွေ့ဆုံရန် သိမ်းပိုက်ထားသော အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးနေသည်။ ထို့ပြင် စာချုပ်အား လက်မှတ်ရေးထိုးခဲ့သော နိုင်ငံများအား (ယဉ်ကျေးမှုပစ္စည်းများ ကာကွယ်ရေး)အတွက် လုယက်ခံရသော ရှေးဟောင်းပစ္စည်းများ ပြန်လည်ဖော်ထုတ်ရေး ကြိုးပမ်းမှုများ ပြုလုပ်ရန် ပန်ကြားခဲ့သည်။ ❖

# အမေရိကန်စစ်သား ၂၅၀၀၀ ဘဂ္ဂဒက်တွင် ဆက်လက်ရှိနေ

**မေ၊ (၁၉)ရက်။ [သည်နေရှင်း]**

ဧပြီလ(၉)ရက်နေ့ မြို့တော်ကျသည့်အချိန်မှစ၍ မြို့တော်တွင်း လွှမ်းမိုးနေသည့် ရာဇဝတ်မှုများ တိုက်ဖျက်ရန် အမေရိကန်စစ်သား(၉,၀၀၀)အား ထပ်မံစေလွှတ်တပ်စွဲလိုက်ပြီဖြစ်ကြောင်း အမေရိကန် ဗိုလ်ချုပ်ကြီးတဦးက စနေနေ့တွင် ပြောကြားခဲ့သည်။

ယခင်လက ဘဂ္ဂဒက်တွင် အမေရိကန်စစ်သား(၁၆,၀၀၀)ရှိရာမှ ယခုအခါ (၂၅,၀၀၀)ထိ ရှိလာပြီး တပ်မတော်သည် မြို့တော်တွင်း (၂၄)နာရီ ကင်းလှည့်နေရကြောင်း ဗိုလ်ချုပ် ဝီလျံဝက်ဘ်စတာက ပြောကြားခဲ့သည်။ "လုံခြုံရေးအခြေအနေနဲ့ ပတ်သက်လို့ ကျနော်တို့ အများကြီး စိုးရိမ်တယ်၊ ဒါဟာ ကျနော်တို့လုပ်ရမယ့် ထိပ်တန်းဦးစားပေးလုပ်ငန်းပဲ"ဟု ဝက်ဘ်စတာက ပြောပြခဲ့သည်။ "ကျနော့်အနေနဲ့ အီရတ်ပြည်သူ့ရဲဌာနကို သူတို့ကိုယ်တိုင် လည်ပတ်နိုင်တဲ့အထိ ပြန်လည်တည်ဆောက်ချင်တယ်၊ အီရတ်တပ်ဖွဲ့တခုလုံးကို စစ်ဝတ်ချွတ်ပြီး အရပ်ဝတ် ပြောင်းဖို့ မမျှော်လင့်ပါဘူး"ဟု ဗိုလ်ချုပ်ကြီးက ပြောကြားခဲ့သည်။

"ကျနော်ထင်တယ်၊ ငြိမ်ဝပ်ပိပြားရေးက လက်ရှိအခြေအနေအတိုင်း ဆက်ဖြစ်နေမယ်ဆိုရင်တော့ ပြဿနာတွေကတော့ ဆိုးဆိုးရွားရွား ဆက်ဖြစ်နေအုံးမှာပဲ"ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားသည့် အရေးကိစ္စများနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ ညွန်ကြားရေးမှူး ကင်ဇိုအိုရှီးမားက တောင်ပိုင်းမြို့တော်ဘာဆာတွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဘာဆာမြို့တွင် ညတိုင်းနီးပါးလိုပင် အိမ်ခေါင်မိုးများပေါ်မှ သေနတ်သံများကြားနေရပြီး လုယက်ဖောက်ထွင်းသူများကလည်း အဆောက်အဦများတွင်းသို့ ဝင်ရောက်ကာ မွှေနှောက်ဖျက်ဆီးနေကြသည်။ ဘဂ္ဂဒက်တွင် တဘက်နှင့်တဘက် ပစ်ခတ်မှုများနှင့် ခိုးမှုများက ပို၍ပင် အနှံ့အပြား ဖြစ်လာနေသည်။

"လုံခြုံရေး မရှိတာကြောင့် အီရတ်ပြည်သူတွေကို လူသားချင်း စာနာထောက်ထားတဲ့အကူအညီတွေပေးဖို့ အဟန့်အတားဖြစ်နေတယ်" "တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးအခြေအနေတွကလည်း တကယ့်ကို တဲတဲပဲ ကျန်တော့တယ်၊ ကျနော်တို့ လုပ်နေတာနဲ့ ဖြစ်နေတာတွေကတော့ တကယ့်ကို ပြောင်းပြန်တွေပဲ"ဟု အိုရှီးမားက ပြောကြားခဲ့သည်။ ❖

# ဆက်ဒမ် ပေးစာ ခုခံတော်လှန်ရေးကို တောင်းဆို



**အီရတ်သမတဟောင်း ဆက်ဒမ်ဟူစိန်**

**မေ၊ (၁)ရက်။ [ရိုက်တာ–လန်ဒန်]**

ယမန်နေ့က လန်ဒန်ထုတ် အာရဗီသတင်းစာကြီးက ပေးစာတစောင်ကို ဖော်ပြခဲ့သည်။ ထိုစာမှာ တိုင်းပြည်အား သိမ်းပိုက်ထားသော ဗြိတိသျှနှင့် အမေရိကန်တပ်ဖွဲ့များအား တော်လှန်ဖယ်ရှားပစ်ရန် ပြည်သူများအား တောင်းဆိုထားသည့် ပုန်းအောင်းနေသော အီရတ်သမတ ဆက်ဒမ်ဟူစိန်ထံမှ ဖြစ်သည်။

"ဒီစာကို ကျနော်တို့ ဖက်စ်ကတဆင့် အင်္ဂါနေ့တုန်းက လက်ခံရရှိခဲ့ပါတယ်။ စာက လက်ရေးမူနဲ့ ဆက်ဒမ်ဟူစိန် လက်မှတ်ထိုးထားတယ်၊ ရက်စွဲကတော့ သူ့မွေးနေ့ဖြစ်တဲ့ ဧပြီ ၂၈ ရက်"ဟု အယ်လ်ကွတ်စ်သတင်းစာ အယ်ဒီတာ ဘရီအက်တဝမ်က ပြောဆိုခဲ့သည်။

"အရင်က သူ့လက်မှတ်ကို ကျနော်တွေ့ဖူးပါတယ်၊ အခုလည်း အဲဒီတုန်းကလိုပဲ၊ တူတယ်၊ ဒါပေမယ့်လို့ ကျနော်ကတော့ လက်ရေးပါရဂူ မဟုတ်ပါဘူး"ဟု သူက ထပ်လောင်းပြောကြားခဲ့သည်။

သတင်းစာကြီးက ဆက်ဒမ်၏ လက်မှတ်ပါသော ဖက်စ်မိတ္တူမူရင်းနှင့်တကွ ပေးစာတွင်ပါသော စာသားများအား ပုံနှိပ် ဖော်ပြခဲ့သည်။ ဤပေးစာသည် အစစ်အမှန်ဖြစ်ကြောင်း ပြောဆိုမှုအား ဆက်ဒမ်နှင့် နီးစပ်သောသတင်းရပ်ကွက်အား ကိုးကားဖော်ပြခဲ့သည်။ ဤသို့ဆိုလျှင် ဆက်ဒမ်သည် ဘဂ္ဂဒက်တွင် အမေရိကန်ဗုံးဒဏ်မှ လွတ်ကင်းပြီး အသက်ရှင်နေသည်ဆိုခြင်းကို ဤစာက ပထမဆုံး ညွှန်းဆိုခြင်း ဖြစ်ပေလိမ့်မည်။

စာထဲတွင် ဆက်ဒမ်က သူသည် အိမ်ငယ်တလုံးတွင် နေထိုင်နေပြီး သူ၏ နေရာဟောင်းအား စွန့်ခွာခဲ့သည်မှာ အချိန်အတော်ကြာပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မည်သည့်နေရာတွင် ရှိသည်ဆိုသည်ကိုတော့ မပြောခဲ့ချေ။ သူက အီရတ်ပြည်သူများအား အမေရိကန်တို့၏ ခွဲရေးကြိုးပမ်းအားထုတ်မှုများအတွင်းသို့ မသက်ဆင်းမိစေရန် တောင်းဆိုခဲ့သည်။ "ကျူးကျော်သိမ်းပိုက်သူများအား ဆန့်ကျင်ကြ၊ စွန်နီ–ရှီးဟိုက် ဆိုပြီး ပြောဆိုနေသူများအား မယုံကြည်ကြနှင့်၊ အဘယ်ကြောင့်ဆိုသော် ယခုအခါ သင်တို့၏ မဟာအီရတ်နိုင်ငံတော်ကြီး ရင်ဆိုင်နေရသည့် တခုတည်းသောကိစ္စမှာ ကျူးကျော်သိမ်းပိုက်ခံနေရခြင်းပင်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ လူသတ်ကောင် ရာဇဝတ်သား ကျူးကျော်သိမ်းပိုက်သူများအား ကန်ထုတ်ပစ်ရန်မှတပါး အခြားရွေးစရာ မရှိ၊ အီရတ်ဟာ မုချအောင်ပွဲခံရမယ်။ သူတို့ အစိတ်စိတ် အမွှာမွှာ ခွဲပစ်ချင်တဲ့ အီရတ်နိုင်ငံတော်ကြီးကို ကျွန်ုပ်တို့ ပြန်တည်ဆောက်ရမယ်၊ စည်းလုံးညီညွတ်ကြ၊ ရန်သူနဲ့ ပူးပေါင်းပါဝင်တဲ့ သစ္စာဖောက်တွေ ထွက်ပြေးလိမ့်မယ်။ ကျူးကျော်သိမ်းပိုက်သူတွေကို သပိတ်မှောက်ကြ၊ ဒါဟာ အစ္စလာမ်တရားတော်အရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ သင်တို့ရဲ့တာဝန်ပဲ" ဟု ပါရှိသည်။

သစ္စာဖောက်များကြောင့် အီရတ်ပြည်သူများ အကြီးအကျယ် ရှုံးနိမ့်ခဲ့ရသည်ဟု သူက ပြောခဲ့သော်လည်း အသေးစိတ် ရှင်းမပြခဲ့ချေ။

"ဆက်ဒမ်က သူ့ပြည်သူတွေဆီကို ကြေညာချက်ထုတ်လိမ့်မယ်ဆိုတာကို လွန်ခဲ့တဲ့ နှစ်ရက်က ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်တဲ့ အီရတ်တော်လှန်ရေးသမားတွေလို့ သူကခေါ်တဲ့ အဖွဲ့ဝင်တွေက သူ့သတင်းစာကို ပြောပြခဲ့လို့ ဖက်စ် ရောက်တာနဲ့ အဆင်သင့်ဖြစ်နေတာ"ဟု အက်တဝါက ပြောပြခဲ့သည်။

အမေရိကန်တပ်ဖွဲ့များဝင်ရောက်သဖြင့် ထွက်ပြေးတိမ်းရှောင်နေရသော ပြည်သူများအတွက် ကြားခံအဖြစ် ဤသတင်းစာအား အသုံးပြုနေသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပေ။ အတိတ်တုန်းကလည်း ဝရမ်းပြေး အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ထံမှ အီးမေးလ်များနှင့် စာများ လက်ခံရရှိခဲ့သည်။ ❖

# အာရှတဝှမ်း မေဒေးနေ့ဆန္ဒပြပွဲများ ကျင်းပ အလုပ်သမားများ လုပ်ခများများနှင့် နိုင်ငံရေးအပြောင်းအလဲလိုချင်

**မေ၊ (၂)ရက် ။ [ပီကင်း–အေပီ]**

အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် ဖိလိပိုင်ရှိ ထောင်ပေါင်းများစွာသော ပြည်သူများသည် လုပ်ခမြင့်မားရေး၊ ပိုမိုကောင်းမွန်သော အလုပ်ချိန်နှင့် နိုင်ငံရေးအပြောင်းအလဲများအတွက် ကန့်ကွက်ဆန္ဒပြခြင်းအားဖြင့် ယမန်နေ့က မေဒေးနေ့ အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ဆိုးလ်မြို့ရှိ ကိုရီးယန်း ချီတက်ဆန္ဒပြသူများက ၎င်းတို့၏ တပတ်အလုပ်ချိန်အား (၆)ရက်မှ (၅)ရက်သို့ လျှော့ချပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်အား ရည်ညွှန်းသည့် "WTO ကျဆုံးပါစေ"အပါအဝင် ဂလိုဘယ်လိုက်ဇေးရှင်းအား ဆန့်ကျင်သည့် ကြွေးကြော်သံများကိုလည်း ကြွေးကြော်ခဲ့ကြသည်။ ပုလိပ် ရာပေါင်းများစွာတို့သည် လူအုပ်ကြီးအား စောင့်ကြည့်နေခဲ့ကြသော်လည်း မနှောင့်ယှက်ခဲ့ကြချေ။

မြောက်ကိုရီးယားမြို့တော် ပြုံယမ်းတွင် အလုပ်သမားများသည် ၎င်းတို့၏စိတ်ထဲတွင် စစ်ပွဲကိုသာ အာရုံထားနေကြသည်ဟု KCNA သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် တိုင်းပြည်အား ရန်သူ့ကျူးကျော်မှုမှ ခုခံကာကွယ်ရန် အချိန်မရွေး အသင့်ရှိနေမည်ဖြစ်ကြောင်းကို တပ်ရင်းများ၊ တပ်မများသို့ အကြောင်းကြားရန် ကတိပြုခဲ့ကြသည်ဟု ဖော်ပြခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက တရုတ်အစိုးရသည် တပတ်ကြာ နားရက်ပေးပြီး မေဒေးနေ့ ကျင်းပရန် အလုပ်သမားများအား ခွင့်ပြုခဲ့သည်။ ဤအနားယူချိန်ကာလများအား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည့် ခရီးသွားခြင်းနှင့် ငွေသုံးစွဲခြင်းတို့အား အားပေးရန် စီမံခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုနှစ် အနားယူရက်သည် ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် တိုတောင်းခဲ့သည်။

ဆားစ်ရောဂါ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် ဟောင်ကောင်ရှိ အလုပ် သမားများက အလုပ်ရှင်များသည် လုပ်ခများနှင့် လူမှုသက်သာချောင်ချိရေး အကျိုးအမြတ်များကို ဖြတ်တောက်ရန် ဤရောဂါကို ဆင်ခြေတခုလို အသုံးချနေကြသည်ဟု တိုင်တန်းပြောဆိုခဲ့ကြသည်။

သီရိလင်္ကာအလုပ်သမားများသည် ကျွန်းတခုလုံးတွင် စုရုံးကြပြီး လုပ်ခ ကောင်းမွန်ရေးနှင့် အလုပ်သမားများအား ကာကွယ်ရန် ခိုင်မာသည့် ဥပဒေများရှိရန်တို့ကို တောင်းဆိုကြသည်။ အင်ဒိုနီးရှားပြည်သူများက အကြောင်းမျိုးမျိုးအတွက် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ လူ(၂၀၀၀)ခန့်သည် မြို့တော် ဂျာကာတာရှိ သမတအိမ်တော်သို့ ချီတက်ခဲ့ကြပြီး "လုပ်ခ ၁၀၀%ထိ တိုးပေးပါ၊ အီရတ်မှာ အမေရိကန် ကိုလိုနီဝါဒ ရပ်ဆိုင်းပစ်"ဟု ရေးသားဖော်ပြထားသည့် တံခွန်များ လွှင့်ထူခဲ့သည်။ အလယ်ပိုင်း ဂျားဗားပြည်နယ်ရှိ ကန့်ကွက်ဆန္ဒပြသူ ရာကျော်တို့သည် သမတမေဂါဝါတီပူထရီ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ အလားတူ ဖိလိပိုင်အများအပြားသည် သမတ အာရိုရိုအား မကျေနပ်ကြောင်း ဖော်ပြကြပြီး နုတ်ထွက်ပေးရန် အော်ဟစ်ကြသည်။

# ဆားစ် ရောဂါ နောက်ဆက်တွဲ ဖြစ်ရပ်များ



## ထိုင်ဝမ်တွင် ရောဂါ တိုးမြင့်နေ ကျန်းမာရေးဝန်ကြီးနုတ်ထွက်

**မေ၊ (၁၇)ရက်။ [ထိုင်ပေ၊ ရိုက်တာ]**

ဆားစ်ရောဂါ ကူးစက်မှု ဒုတိယလှိုင်းအား ထိန်းချုပ်နေစဉ် အဓိကဆေးရုံကြီး (၃)ရုံတွင် ဆားစ်ရောဂါ ဆက်လက်ဖြစ်ပွားမှုကြောင့် ထိုင်ဝမ်ကျန်းမာရေးဝန်ကြီးက ၎င်းတွင် အပြစ်ရှိသည့်အတွက် နုတ်ထွက်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ နောက်ထပ်သေဆုံးမှုများနှင့် ကူးစက်မှုများရှိကြောင်း သိရသည်။ ထိုင်ဝမ်သည် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်ပြီးလျှင် ဆားစ်ရောဂါဖြစ်ပွားမှု တတိယလိုက်သည့်နိုင်ငံဖြစ်သည်။ ယခုထိ သေဆုံးသူ (၃၅)ဦးနှင့် ကူးစက်သူပေါင်း (၂၇၄)ဦး ရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

## ဟောင်ကောင်တွင် ရောဂါဖြစ်ပွားမှု တိုးပွားနိုင်

**မေ၊ (၁၇)ရက်။**

ဟောင်ကောင်တွင် နောက်ထပ် လူ (၄)ဦးသေဆုံးပြီး (၃)ဦး ထပ်မံကူးစက်မှုဖြစ်ပွားကြောင်း၊ ဤနှုန်းသည် ဆားစ်ရောဂါဖြစ်ပွားချိန်မှစပြီး တနေ့တည်းတွင် အနည်းဆုံးဖြစ်ပွားသည့် နှုန်းဖြစ်ကြောင်း ယမန်နေ့က ဟောင်ကောင်မှ သတင်းထုတ်ပြန်ခဲ့သည်။ ကိန်းဂဏန်းအသစ်များက ဖော်ပြနေသည်မှာ ယနေ့ချိန်ထိ ရောဂါဖြစ်ပွားသူ (၁,၇၀၆)မှုနှင့် သေဆုံးသူ (၂၃၈)ဦးထိ တစစတိုးပွားလာနေကြောင်း သိရှိရသည်။

## တရုတ်ပြည်တွင် နောက်ထပ် (၄)ဦးသေဆုံး

**မေ၊ (၁၇)ရက်။ [ပီကင်း–အေဂျင်စီ]**

ဆားစ်ရောဂါကြောင့် (၂၄)နာရီအတွင်း နောက်ထပ် (၄)ဦး သေဆုံးပြီး ရောဂါဖြစ်ပွားမှု (၃၉)မှုရှိကြောင်း တရုတ်ပြည်က အစီရင်ခံခဲ့သည်။ ပီကင်းတွင် နောက်ဆုံးရောဂါဖြစ်ပွားသူ (၂၈)ဦးဖြစ်ပြီး ဧပြီလ (၂၈)ရက်မှစ၍ ကမ္ဘာ့နေရာအတော်များများတွင် တနေ့တည်း၌ ဖြစ်ပွားသည့် နှုန်းထားအနေဖြင့် ဒုတိယအနည်းဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO)ကမူ တရုတ်ပြည်သည် ယခုထိ ဆားစ်ရောဂါဖြစ်ပွားမှုအား လျှော့ပေါ့ အစီရင်ခံနေသည်ဟု ပြောကြားခဲ့သည်။

## ထိုင်းနိုင်ငံတွင် ဆားစ် ရောဂါ ထိတ်လန့်မှုကြောင့် နိုင်ငံခြားသား လည်ပတ်မှု ကျဆင်း

**မေ၊ (၁၇)ရက်။**
**[ဘန်ကောက်ပို့စ်–စီးပွားရေး]**

ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် ထိုင်းခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုသည် ဆက်လက်ဆိုးရွားနေပြီး ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိမှု ဆက်လက်ကျဆင်းနေလျက်ရှိ၍ မည်သည့်အချိန်တွင် အဆုံးသတ်မည်ကိုလည်း ရှင်းရှင်းလင်းလင်း မသိရသေးချေ။

ခရီးသွားလာရေးနှင့် အားကစားဝန်ကြီး ဆွန်သရာခွန်ပလူအမ်းက မေလ (၁၆)ရက်နေ့က တရားဝင် စာရင်းအင်းများ ထုတ်ပြန်ရာ ဧပြီလတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်ပေါင်း နှစ်စဉ်လာနေကျမှ ၄၆%ထိ ကျဆင်းသွားပြီး အရေအတွက်အားဖြင့် ၃၂၀,၀၀၀ ကျဆင်းခဲ့သည်။ မေလတွင် ရောက်ရှိသူ အရေအတွက်မှာ ၅၅%ထိ ကျဆင်းခဲ့သည်။

ဇန်နဝါရီလ (၁)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့ထိ ကမ္ဘာလှည့်ခရီးသည် အရေအတွက် ၁၁%ကျဆင်းခဲ့ပြီး၊ အရေအတွက်အားဖြင့် ၂.၆ သန်းမှ ၂.၃သန်းထိ ဖြစ်သည်။

ရ/သုံးခန့်မှန်းချေငွေစာရင်းကို လွန်ခဲ့သည့်နှစ်ကရှိသည့် ဘတ်သန်းပေါင်း ၃၂၀ မှ ၁၂%ကျရန် မှန်းဆထားစဉ်မှာပင် ဤနှစ်တွင် ခရီးသည် ရောက်ရှိမှုစုစုပေါင်းမှာ လွန်ခဲ့သည့်နှစ် မှတ်တမ်းတင်ထားသည့် ဘတ်ငွေ ၁၀.၈ သန်းမှ ၁၀%ထိ ကျဆင်းလိမ့်မည်ဟု ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ခန့်မှန်းခဲ့ကြသည်။

ဤအကျပ်အတည်းအား လွန်မြောက်ရန် ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့သည် အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှုဘုတ်အဖွဲ့အား ပြည်တွင်း၊ ပြည်ပဈေးကွက်အတွက် အရေးပေါ် ရန်ပုံငွေ ဘတ်ငွေ ၂.၉ ဘီလျံ(သန်းပေါင်း ၂,၉၀၀) ကူညီရန် တောင်းဆိုခဲ့သည်။

## မဲခေါင်လေကြောင်းလိုင်းများ ပျံသန်းမှုအားလုံး ဆိုင်းငံ့

**မေ၊ (၁၇)ရက်။**
**[ဘန်ကောက်ပို့စ်–စီးပွားရေး]**

ဆားစ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်းတွင် ခရီသွားများ သိသိသာသာ ကျဆင်းလာမှုကြောင့် ဇွန်လတိုင်အောင် ၎င်း၏ လေကြောင်းလိုင်းအားလုံးအား ဆိုင်းငံ့ထားလိုက်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ မဲခေါင် လေကြောင်းလိုင်းမှ ယမန်နေ့က ပြောကြားခဲ့သည်။

ပုဂ္ဂလိကပိုင်ခရီးသည်တင် လေယာဉ်များက ဤသို့ဆောင်ရွက်မှုများအား ဇန်နဝါရီလက စတင်ခဲ့သည်။ ၎င်းလေကြောင်းလိုင်းများသည် ဖနွမ်းပင်နှင့် ရှေးဟောင်းမြို့ ဆီယင်ရိ၊ ဟောင်ကောင်၊ ကွာလာလမ်ပူ၊ စင်္ကာပူတို့အကြား စုစုပေါင်း တပတ်လျှင် (၃၃)ကြိမ် ပြေးဆွဲနေကြသည့် လေကြောင်းလိုင်းများ ဖြစ်သည်ဟု လေကြောင်း အရာရှိများက ပြောဆိုခဲ့ကြသည်။

ကုမ္ပဏီက ၎င်းတို့အနေဖြင့် မည်သည့်ပြည်တွင်းပြည်ပ ဝန်ထမ်းကိုမျှ ဖြုတ်ပစ်လိမ့်မည် မဟုတ်သော်လည်း ပျံသန်းမှုများ ဆက်လက်ဆိုင်းငံ့ထားစဉ်တွင် လစာနှင့် ပတ်သက်၍ ကျိုးကြောင်းဆီလျော်သော ညှိနှိုင်းမှုများကိုတော့ လုပ်ခဲ့ရသည်ဟု အရာရှိများက ပြောဆိုခဲ့ကြသည်။ ❖



## ကနေဒါနိုင်ငံ ၌ ဆားစ်ရောဂါဖြစ်ပွားမှုနှုန်းကျဆင်း

**မေ၊ (၁၅)ရက်။ [သည်နေရှင်း]**

အာရှတိုက်မှလွဲ၍ ဆားစ်ရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်သော နိုင်ငံက ဆားစ်ရောဂါဖြစ်ပွားမှုမှာ ၂၁ ဦးမှ ၁၆ ဦးသို့ လျော့ကျသွားပြီဖြစ်ကြောင်း မေလ(၁၄) ရက်နေ့က ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံ၏ ပြည်ထောင်စု ကျန်းမာရေးဌာနကပြောကြားရာတွင် ဆားစ်ရောဂါကြောင့် သေဆုံးမှုမှာ နောက်ဆုံးအချိန်အထိ ၂၄ ဦးဖြင့် တန့်နေခဲ့ပြီး နောက်ဆုံး သေဆုံးသွားသူမှာ တနင်္ဂနွေနေ့က သေဆုံးသွားသော အသက်(၆၇)နှစ်အရွယ် အဘွားကြီးဖြစ်သည်။ ရောဂါဖြစ်ပွားမှုအများဆုံး ဖြစ်သော အွန်ဒါရီးယိုးပြည်နယ်၌ ဆားစ်ရောဂါဖြစ်ပွားမှုမှာ ၁၉ ဦးမှ ၁၄ ဦးသို့ လျော့ကျသွားပြီး ရောဂါဖြစ်ပွားသူနှစ်ဦးသည် စိုးရိမ်စရာအခြေအနေတွင် ရှိနေသေးသည်။

ဆားစ်ရောဂါနှင့် ပတ်သက်၍ သေဆုံးမှုများအားလုံးမှာ ပြည်နယ်၏ မြို့တော်တိုရန်းတိုးနှင့် ပတ်ဝန်းကျင်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

ဗြိတိသျှကိုလံဘီယာ ပြည်နယ်တွင် ဆားစ်ရောဂါဖြစ်နိုင်ခြေ နှစ်ဦးရှိကြောင်း မေလ(၁၄)ရက်နေ့က အစီရင်ခံထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စစ်ဆေးတွေ့ရှိချက်အရ ဆားစ်ရောဂါဖြစ်နိုင်ခြေရှိသူများအား ဓာတ်မှန်ဖြင့် စစ်ဆေးကြည့်သောအခါ အသက်ရှူကျပ်သည့် ဝေဒနာခံစားရကြောင်း သိရှိရသည်။

❖ ❖ ❖

# နို–ဘုရှ် ထိပ်သီးဆွေးနွေးပွဲ ဟန်ပြ ပေါင်းစည်းထားသည့် အပြင်ပန်း

**မေ၊ (၁၆)ရက်။ [သည်နေးရှင်း]**

စည်းလုံးညီညွတ်မှုရှိကြောင်း အများပြည်သူရှေ့မှောက်၌ အခိုင်အမာ ပြဆိုသည့်အနေဖြင့် မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်များရှိနေမှုကို သည်းခံလိမ့်မည် မဟုတ်ကြောင်း သမတ ဂျော့ဘုရှ်နှင့် တောင်ကိုရီးယားသမတ နိုမြွန်ဟွန်းက ပထမဆုံး ထိပ်သီးဆွေးနွေးပွဲတွင် သတိပေး ပြောကြားခဲ့သည်။

သမတဘုရှ်သည် ၎င်း၏ မိစ္ဆာဝင်ရိုးတန်းရန်သူများနှင့် ရင်ဆိုင်နေရသည့် တိုက်ပွဲအပေါ် အမေရိကန်တပ်မတော်၏ တုံ့ပြန်မှုအား ထိတ်လန့်ကြောက်ရွံ့နေခြင်းကို သက်သာစေရန် လုပ်ဆောင်ခဲ့သည်။ သို့သော် နျူကလီးယားလက်နက်များအတွက် ကွန်မြူနစ်နိုင်ငံ၏ ထိုးစစ်အား ကဖျက်ယဖျက်လုပ်ရန် ၎င်းတို့အနေဖြင့် မည်သို့ကြံရွယ်ထားသည်ဆိုခြင်းကိုမူ နှစ်ဘက်စလုံးက အသေးစိတ် မတင်ပြခဲ့ချေ။

အမေရိကန်ဘက်က ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ၎င်းတို့ ဆက်လက်တည်ရှိမှုအား ထိန်းသိမ်းထားရန် ကတိပြုခဲ့သော်လည်း တပ်အင်အား(၃၇,၀၀၀)ကြောင့် တောင်ကိုရီးယားပြည်သူများ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုအား လျှော့ပါးစေရန် ကြိုးစားမည်ဟု အချက်ပြခဲ့သည်။

“ငြိမ်းချမ်းစွာ အဖြေရှာနိုင်ဖို့ ကျနော်တို့ ဆက်လုပ်ကြမယ်ဆိုတာ သမတနိုကို အာမခံခဲ့ပါတယ်”ဟု ဗုဒ္ဓဟူးနေ့က အထိမ်းအမှတ်ပြုသည့်အနေဖြင့် အိမ်ဖြူတော် နှင်းဆီဥယျာဉ်တွင် သမတနိုနှင့် ပူးတွဲထွက်ပြကာ ပြောဆိုခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်လက တရုတ်ပြည်လည်း ပါဝင်သည့် စတာလင်ဝါဒ လက်ကိုင်ထားသည့်နိုင်ငံနှင့် အမေရိကန်တို့၏ တွေ့ဆုံဆွေးနွေးပွဲသည် မပြီးဆုံးသေးသော်လည်း ဤအကျပ်အတည်းအား အဆုံးသတ်ရန် ဆောင်ရွက်နေသည့် တိုးတက်ကောင်းမွန်မှုများအား ဘုရှ်က ကိုးကားပြောဆိုခဲ့သည်။

ဤဇာတ်လမ်းတွင် စစ်အင်အားအသုံးပြုမှုသည် ရွေးလမ်းတခု မဖြစ်သင့်ကြောင်း နိုက အခိုင်အမာပြောဆိုခဲ့သည်။ သို့သော် ရွေးလမ်းအားလုံးသည် စားပွဲပေါ်၌ ဆက်လက်တည်ရှိနေဆဲ ဖြစ်ကြောင်း သံခင်းတမန်ခင်းနည်းဖြင့် အမေရိကန် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပြုံယမ်းသည် ၎င်း၏ နျူကလီးယားထိုး စစ်ကို စွန့်ပယ်သည့်တိုင် မည်သည့်အပေး အယူမျှ လုပ်နိုင်မည် မဟုတ်ကြောင်း ဘုရှ်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ မဟာမိတ်ဖွဲ့မှုအကြား ကွဲပြားမှုအား စူးစမ်းလေ့လာသည့် ပြုံယမ်း၏ အစဉ်အလာ နည်းဗျူဟာအား နှောင့်ယှက်ရန် ဘုရှ်နှင့် နိုတို့က အားထုတ်ခဲ့ကြကြောင်း ကြေညာချက်တခုတွင် ဖော်ပြခဲ့သည်။

၎င်းတို့အနေဖြင့် မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်များရှိနေခြင်းကို သည်းခံလိမ့်မည် မဟုတ်ကြောင်း သမတနိုနှင့် သမတဘုရှ်တို့က ထပ်လောင်းအတည်ပြုခဲ့သည်ဟု ဤကြေညာချက်တွင် ပြောဆိုခဲ့သည်။

မြောက်ကိုရီးယား နျူကလီယားလက်နက် ဖျက်သိမ်းရေးအစီအစဉ်အား ငြိမ်းချမ်းသောနည်းလမ်းဖြင့် လုံးဝ အတည်ပြု စစ်ဆေးပြီး နဂိုအတိုင်း ပြန်မကောင်းနိုင်သည့် အနေအထားအထိ လုပ်ဆောင်ရန် ခိုင်မာသည့် ကတိကဝတ်များ ပြုထားကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ထပ်ခါတလဲလဲ ဖော်ပြပြောဆိုခဲ့ကြသည်ဟု ကြေညာချက်တွင် ဖော်ပြ ပြောဆိုခဲ့သည်။

သို့သော် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအား ခြိမ်းခြောက်မှုများ တိုးပွားလာပါက နောက်ထပ်ခြေလှမ်း လှမ်းဖို့ စဉ်းစားရလိမ့်မည်ဟု ၎င်းတို့က ပြောဆိုခဲ့သည်။

၎င်းတို့၏ နျူကလီးယား လက်နက်ဖျက်သိမ်းရေးနှင့်ပတ်သက်သည့် မလိုက်လျောမှုအား အပြစ်ပေးရန်အတွက် ပိတ်ဆို့အရေးယူသည့် မည်သည့်ပြဋ္ဌာန်းချက်မဆို “စစ်ကြေညာမှုတခု”ကဲ့သို့ ရှုမြင်လိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားက သတိပေးပြောကြားခဲ့သည်။

ဤအကြပ်အတည်း လျှော့ပါးစေရေး ကြိုးပမ်းမှုတွင် ဒေသတွင်းအင်အားစုများပါဝင်ရေးကို ဤကြေညာချက်တွင် တောင်းဆိုထားသည်။

❖ ❖ ❖



တောင်ကိုးရီးယားသမတ နိုမြွန်ဟူးနှင့် အမေရိကန်သမတဘုရှ်

# ဘာ့ကြောင့် ကုလသမဂ္ဂရဲ့ကြိုးပမ်းမှု မအောင်မမြင်ဖြစ်ရသလဲ

**တင်မောင်သန်း**

ကုလသမဂ္ဂဟာ အာဏာရှင်တွေနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အလွန့်အလွန်ကို ညံ့ဖျင်းတယ် ဆိုတာကို တော့ ကျနော့်အနေနဲ့ ဘွင်းဘွင်းရှင်းရှင်းပဲ ပြောပါရစေ။ ဘာကြောင့်လဲဆိုတော့ ကုလသမဂ္ဂဟာ ဘေးထိုင်လက်ပိုက်ကြည့်နေပြီး စစ်အုပ်စုအောက်က ကျနော်တို့ ပြည်သူတွေ လွတ်မြောက်စေဖို့ ဘာမှမလုပ်သလောက်ဘဲ ဆိုတာကို မြန်မာလူမျိုးတယောက်အနေနဲ့ ကျနော်ဖြတ်သန်းခဲ့ရတဲ့ ကျနော့်ကိုယ်ပိုင် အတွေ့အကြုံအရ သိနေလို့ပါ။

ဒါကြောင့် ကုလသမဂ္ဂဟာ အခြား အာဏာရှင်တဦးဖြစ်တဲ့ ဆက်ဒမ်ဟူစိန်ရဲ့ ပြဿနာကိုဖြေရှင်းရာမှာ မအောင်မမြင်ဖြစ်ခဲ့ရပြီး နောက်ဆုံးမှာ အမေရိကန်ဦးဆောင်တဲ့ ညွန့်ပေါင်းတပ်ဖွဲ့တွေကပဲ ဝင်ရောက်တာဝန်ယူ ဖြေရှင်းရတဲ့အဖြစ်ကို ကျနော်ကတော့ နည်းနည်းလေးမှ မအံ့သြမိပါဘူး။

ကုလသမဂ္ဂက မြန်မာစစ်အစိုးရကို ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာဖို့၊ လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့၊ ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးဖို့နဲ့ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တွေ့ဆုံဆွေးနွေးပွဲကို စတင်ဖို့ အစရှိတာတွေကို လိုက်နာဖို့ ပြဋ္ဌာန်းချက်အမျိုးမျိုး လုပ်ခဲ့ပေမယ့်လည်း ဆယ်စုနှစ်တခုသာ ကျော်လာခဲ့တယ် ဘာမှတိုးတက်မှု မရှိခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရစီအဖွဲ့ချုပ်က ၁၉၉၀ ခုနှစ် ပါလီမန်ရွေးကောက်ပွဲမှာ အမတ်နေရာ ၈၂% ရရှိပြီး အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့် နှစ်အနည်းငယ်အကြာမှာ နဝတဟာ အမျိုးသားညီလာခံကို ကျင်းပခဲ့ပြီး လွှတ်တော်ရဲ့ အမတ်နေရာ ၈၅%ကို သူတို့ရဲ့ဆွဲခန့်အမတ်များနဲ့ပဲ ဖြည့်စွက်ခဲ့ပါတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေဟာ သူတို့နဲ့ ဒေါ်စုကြည်တို့အကြားမှာ ကြားဝင်ဖျန်ဖြေပေးသူအဖြစ် ကုလသမဂ္ဂ အထူးသံ ရာဇာလီအစ္စမေးလ်ကို လက်ခံရေးမှာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က မြန်မာပြည်အပေါ်မှာ ကန့်သတ်မှုရှိတဲ့ ပိတ်ဆို့အရေးယူမှုတွေကို ပြဋ္ဌာန်းအပြီး (၃)နှစ်ကြာမှ လက်ခံခဲ့တာပါ။

၂၀၀၂ ခုနှစ် မေလမှာ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ကနေ ပြန်လွှတ်ပေးအပြီးမှာ စစ်အစိုးရက မြန်မာနိုင်ငံဟာ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ဝင်ရောက်လာပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ စစ်ထောက်လှမ်းရေး အကြီးအကဲနဲ့ စစ်အစိုးရ အတွင်းရေးမှူးဖြစ်သူ ဒုတိယ–ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပွဲ စတင်တော့မည်ဖြစ်ကြောင်း ရာဇာလီကို ကတိပေးခဲ့ပါတယ်။ ကမ္ဘာကလည်း နိုင်ငံရေး တိုးတက်ပြောင်းလဲမှုတရပ် မကြာခင်အချိန်အတွင်းမှာဖြစ်ပေါ်လာတော့မယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် တနှစ်ကြာတဲ့ထိ ဘာတိုးတက်ပြောင်းလဲမှုမှ မဖြစ်ပေါ်ခဲ့ပါဘူး။

မလေးရှားနိုင်ငံ အင်တာနက်သတင်းဝန်ဆောင်မှုတခုဖြစ်တဲ့ Malaysiakini နဲ့ နိုဝင်ဘာလအတွင်း တွေ့ဆုံမေးမြန်းခန်းတခုမှာ ရာဇာလီက စစ်အစိုးရဟာ သူတို့ ပေးထားတဲ့ကတိကို ဘာကြောင့် ချိုးဖောက်ရသလဲဆိုတာကို နားမလည်နိုင်အောင် ဖြစ်ရကြောင်း ပြောကြားခဲ့ပါတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေက ဒေါ်စုကြည်နဲ့ မကြာခင်မှာ ဆွေးနွေးပွဲတွေ စတင်ပါတော့မယ်ဆိုတာနဲ့ ပတ်သက်ပြီး သူ့ကို ရက်စွဲအတိအကျ ပြောဆိုခဲ့ခြင်း မရှိပေမယ့်လည်း သူတို့ ပြောစကားအရ ဆွေးနွေးပွဲကို အချိန်တိုကာလအတွင်းမှာပဲ စလိမ့်မယ်လို့ ရာဇာလီက ကောက်ချက်ချခဲ့ပါတယ်။ အချိန်တိုကာလဆိုတာကို (၂)ပတ် ဒါမှမဟုတ် (၃–၄)ပတ်လို့သာ နားလည်ထားကြောင်း ရာဇာလီက ပြောကြားသွားခဲ့ပါတယ်။ ဒါတွေအားလုံးဟာ ဘာကြောင့် အကောင်အထည် ပေါ်မလာရပါသလဲ။ အကြောင်းကတော့ စစ်အာဏာရှင်တွေဟာ ကုလသမဂ္ဂကို ချွေးသိပ်နေလို့ပဲ ဖြစ်ပါတယ်။

စစ်အစိုးရဟာ ကုလသမဂ္ဂကိုမထီမဲ့မြင် ပြုနေသော်လည်း တဘက်မှာတော့ အမေရိကန်ပြည်ထောင်စုနဲ့ မြန်မာနိုင်ငံအရေး တွေ့ဆုံဆွေးနွေးရဖို့ ကြိုးပမ်းနေတာကတော့ မအားမလပ်ရအောင်ပါပဲ။ ဘာဖြစ်လို့ပါလဲ။ အကြောင်းကတော့ အမေရိကန်တို့ သွားနေတဲ့ ခြေလှမ်းအတိုင်း သတိထားလှမ်းရမယ်ဆိုတာကို သူတို့သိနေလို့ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနဲ့ အလုပ်သမားဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Lorne Craner က "အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုဆိုတာကို စောင့်ရတာ ကျနော်တို့ စိတ်မရှည်တော့ဘူး။ ဒါကြောင့် ဗြိတိန်၊ အခြားနိုင်ငံများနဲ့အတူ ကျနော်တို့ဟာနောက်ထပ် စီးပွားရေးပိတ်ဆို့မှုတွေ အပါအဝင် နည်းလမ်းပေါင်းစုံကို စဉ်းစားနေပါပြီ"လို့ သတိပေး ပြောကြားအပြီးမှာ ဖြစ်ပါ တယ်။

ဖေဖော်ဝါရီလမှာ ဒီမှတ်ချက်ချအပြီး တပတ်အကြာ စစ်အစိုးရဟာ မြန်မာနိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှု၊ စီးပွားရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးပွဲမှာ အမေရိကန်ပါဝင်ဖို့ တောင်းဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး တည်ငြိမ်တဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ အမေရိကန်က အကြံဉာဏ်ပေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ လုံးဝဖြစ်နိုင်တာကတော့ အဲဒီအချိန်က အီရတ်နယ်စပ်မှာ အလုံးအရင်းနှင့် ဝင်ရောက်နေရာယူထားတဲ့ အမေရိကန်ရဲ့ စစ်အင်အားကို စစ်အစိုးရက သတိပြုမိခဲ့ပုံပေါ်ပါတယ်။ စစ်ဗိုလ်ချုပ်ကြီးများဟာ ကုလသမဂ္ဂကို ဂရုမစိုက်ဘဲနေလို့ရပေမယ့် အမေရိကန်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အင်အား တောင့်တင်းမှုကိုတော့ ဥပေက္ခာ မပြုရဲပါဘူး။

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံမှုများ ပိတ်ပင်ခြင်း၊ စစ်အစိုးရအဖွဲ့ဝင်တွေကို ခရီးသွားလာခွင့် ကန့်သတ်ခြင်းနဲ့ လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းတွေကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ Craner ရဲ့ မှတ်ချက်အပြီးမှာ မြန်မာနိုင်ငံအပေါ် နောက်ထပ်ပိတ်ဆို့မှုများ ရှိလာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ပြီးတော့ စစ်ဗိုလ်ချုပ်ကြီးများဟာ အမေရိကန်က ဘာကို ပြောချင်တယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်။ ဒီအချက်ဟာ အားလုံးအတွက် သင်ခန်းစာပါ။ အာဏာရှင်တွေကို ပြတ်ပြတ်သားသား ဆန့်ကျင်တဲ့သူတွေကို အားလုံးက လေးစားရပါတယ်။ ဒါကြောင့် မြန်မာအာဏာပိုင်များအဖို့ ကုလသမဂ္ဂကို မကြောက်ရဘဲ အမေရိကန်ကို ကြောက်နေရခြင်းဖြစ်ပါတယ်။

ယဉ်ကျေးမှုနိမ့်ကျပြီး မတိုးတက်သေးတဲ့ နိုင်ငံတွေကို အလေးထားပေမယ့်လည်း အချို့ကို သူတို့နဲ့တန်မယ့် သူတို့နားလည်မယ့် စကားမျိုးနဲ့ပဲ ပြောရပါမယ်။ ရက်စက်မှုနဲ့ အကြမ်းဖက်မှုတွေကို ယဉ်ကျေးမှုက အောင်နိုင်ဖို့ လိုအပ်တဲ့အခါမျိုးမှာ သုံးစွဲရတဲ့ ဘာသာစကားကတော့ ကံအကြောင်းမလှစွာဘဲ "အင်အား"ဆိုတဲ့စကားပဲ ဖြစ်ပါတယ်။ အမေရိကန်က ဒီအချက်ကိုနားလည်သဘောပေါက်ပေမယ့်လည်း သဘာဝကျစွာပဲ၊ တခါတရံမှာတော့ ရက်စက်ဆိုးသွမ်းမှုကို စစ်ပွဲနဲ့ပဲ ကျော်နင်းရပါမယ်။ စစ်ပွဲဟာ ယဉ်ကျေးတဲ့ လူသားမျိုးနွယ်တွေအတွက် ရှက်စရာဖြစ်ပေမယ့် မယဉ်ကျေးတဲ့ လူသားမျိုးနွယ်အတွက် ပေါ်ပေါက်လာရတဲ့ စစ်ပွဲကတော့ ဒီလိုမဟုတ်ပါဘူး။ တဘက်မှာကြည့်ရင် ဒီမိုကရေစီအတွက် နေရာမပေးတဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အတုအယောင်သာ ဖြစ်ပါတယ်။ စစ်ပွဲတပွဲမှာ အပြစ်မဲ့ ပြည်သူအချို့ သေဆုံးကောင်း သေဆုံးနိုင်ပေမယ့် အာဏာရှင်တွေ စိုးမိုးမှုအောက်မှာ ရှိတဲ့ ငြိမ်းချမ်းရေးကတော့ လူတွေအားလုံးကို ဖိနှိပ်ချုပ်ချယ်ထားပါတယ်။

အခု ကျနော်တို့ လိုအပ်နေတာကတော့ ရက်စက်ပြီး တရားမျှတမှုမရှိတဲ့ အုပ်ချုပ်သူတို့လက်မှာ တိုင်းပြည်နဲ့လူမျိုးရဲ့ အချုပ်အခြာအာဏာ ရှိနေတဲ့အချက်ကို လက်မခံဘဲ နိုင်ငံတကာ စံချိန်စံညွှန်းသစ်တွေနဲ့အညီ ဖော်ဆောင်ထားတဲ့ လုပ်ပိုင်ခွင့် အာဏာကို ပြည်သူတွေနဲ့ သူတို့ရဲ့အဖွဲ့အစည်းများကို အပ်နှင်းကာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့ လူမှုအဖွဲ့အစည်းသစ်ပဲ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အချုပ်အခြာအာဏာဟာ ရက်စက်ပြီး တရားမဲ့တဲ့ မင်းဆိုးမင်းညစ်တွေရဲ့ လက်ထဲမှာ ရောက်နေတဲ့အခါမှာ ဒါဟာ အချုပ်အခြာအာဏာပါလားဆိုတဲ့ တွေးခေါ်ယူဆချက်အပေါ်မှာ အလေးမထားတဲ့ အဖွဲ့မျိုး၊ လိုအပ်ရင် လိုအပ်သလို၊ (ဥပမာ) အမေရိကန်တဦးတည်း လောလောလတ်လတ် လုပ်သွားသလို ဘက်ပေါင်းစုံကနေ အားမာန်ပါပါနဲ့ ဝင်ရောက်အရေးယူဆောင်ရွက်လိုစိတ်ရှိတဲ့အဖွဲ့မျိုး စတဲ့၊ ဒီလို ကမ္ဘာ့အဖွဲ့အစည်းမျိုးကို ကျနော်တို့ လိုအပ်ပါတယ်။

အဲဒီအခါကျမှပဲ ကျနော်တို့ ပြည်သူတွေဟာ လွတ်မြောက်ကောင်း လွတ်မြောက်နိုင်ပါလိမ့်မယ်။ ❖

> ဒီမိုကရေစီအတွက် နေရာမပေးတဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အတုအယောင်သာ ဖြစ်ပါတယ်။ စစ်ပွဲတပွဲမှာ အပြစ်မဲ့ပြည်သူအချို့ သေဆုံးကောင်း သေဆုံးနိုင်ပေမယ့် အာဏာရှင်တွေ စိုးမိုးမှုအောက်မှာရှိတဲ့ ငြိမ်းချမ်းရေးကတော့ လူတွေအားလုံးကို ဖိနှိပ်ချုပ်ချယ်ထားပါတယ်

[ဤဆောင်းပါးသည် မေလ(၁၃)ရက် ထိုင်းနိုင်ငံထုတ် **The Nation** သတင်းစာပါ ဆရာတင်မောင်သန်း၏ **"Burma shows why the UN is a failure"**ကို ဘာသာပြန်ဆို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဆရာတင်မောင်သန်းသည် ၂၀၀၀ ခုနှစ်က ပြည်တွင်း၌ အပိတ်ခံလိုက်ရသော 'သင့်ဘဝ' မဂ္ဂဇင်း၏ အယ်ဒီတာတဦးဖြစ်သည်။]

# စစ်အုပ်စုကို နားလည်မှုဖြင့် ကူညီရင်း ရွေးကောက်ပွဲရလဒ်ကို ထောက်ခံနေမည်ဟု ဩစတြေးလျနိုင်ငံမှ သဝဏ်လွှာပေးပို့

**မေ၊ (၂၅)ရက်။**

မေလ(၂၇)ရက်နေ့တွင် ကျရောက်မည့် ၁၉၉၀ ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကြိုတင်ကျင်းပသည့် အနေဖြင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ မေလ(၂၅)ရက်နေ့က မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးကော်မတီက ဦးစီးပြီး ပြုလုပ်ခဲ့သည်။



ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာ

ထိုအခမ်းအနားသို့ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နားက သဝဏ်လွှာတစောင် ပေးပို့ခဲ့ရာ အဆိုပါ သဝဏ်လွှာတွင် ဩစတြေးလျနိုင်ငံသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ထောက်ခံကြောင်း ဖော်ပြခဲ့ပြီး မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်တနှစ်ကျော်က ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခဲ့သော်လည်း မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များမှာ မျှော်လင့်ထားသလို အကောင်အထည် ဖော်ဆောင်နိုင်ခြင်း မရှိသေးကြောင်း၊ တချိန်ထဲတွင် မြန်မာ့စီးပွားရေးအခြေအနေမှာလည်း တိုးတက်လာခြင်းမရှိသည့်အပြင် လူမှုရေးပြဿနာများမှ ပေါ်ပေါက်လာသည့် ဆိုးရွားသောအခြေအနေများမှာ ဆက်လက်ကြီးမားနေဆဲဖြစ်ကြောင်း ရေးထားသည်။

သဝဏ်လွှာတွင် ဩစတြေးလျနိုင်ငံသည် မြန်မာ့နိုင်ငံရေးတိုးတက်ပြောင်းလဲလာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ထောက်ခံအားပေးနေမည်ဖြစ်ပြီး ရာဇာလီအစ္စမေးနှင့် ပင်ဟေးရိုးတို့၏ ဆောင်ရွက်မှုများကိုလည်း ဆက်လက် ထောက်ခံသွားမည် ဖြစ်ကြောင်းဖော်ပြထားသည်။

တချိန်တည်းမှာပင် ဩစတြေးလျအနေဖြင့် လက်ရှိစစ်အစိုးရသည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတွင် ရင်ဆိုင်နေရသည့် အခက်အခဲများအား နားလည်သဘောပေါက်သည့်အတွက် လူသားချင်း စာနာထောက်ထားသည့် အကူအညီများအပါအဝင် မူးယစ်ဆေးဝါးနှိမ်နှင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ဩစတြေးလျအတိုက်အခံ လေဘာပါတီမှ ကိုယ်စားလှယ်တဦးက လက်ရှိ ဩစတြေးလျ အစိုးရ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် သဘောထားကို ဝေဖန်ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတက်ရောက်ခဲ့ပြီး ဩစတြေးလျ လွှတ်တော်အမတ်များ၊ မြန်မာ့ဒီမိုကရေစီရေး ထောက်ခံအားပေးသူများ စုစုပေါင်း(၂၀၀) ကျော် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

❖ ❖ ❖

# လွှတ်ပေးသင့်သည့် ကျန်းမာရေးဆိုးဝါးသူ နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိနေဆဲ

**မေ (၁၁)ရက်။**

မကြာသေးခင်က နအဖက ကျန်းမာရေးဆိုးရွားနေသူ နိုင်ငံရေးအကျဉ်းသား အချို့ကို လွှတ်ပေးခဲ့သော်လည်း အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများအနက်မှ ကျန်းမာရေးဆိုးရွားသူ(၁၂၀) ကျော် ကျန်ရှိနေသေးကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့၏ စာရင်းများအရ သိရသည်။

စာရင်းများအရ နအဖ အတွင်းရေးမှူး(၁)၏ဇနီး ဒေါ်ခင်ဝင်းရွှေနှင့် အစ်ကိုအရင်းတော်စပ်သူ အဲန်အယ်လ်ဒီ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၊ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသုဝေ၊ ညောင်လေးပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးအုန်းမောင်နှင့် ရေဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးပိုတို့မှာ အင်းစိန်အကျဉ်းထောင်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေရဆဲဖြစ်သည်ဟု သိရသည်။

နိုင်ငံတကာ တောင်းဆိုမှုများကြောင့် အင်းစိန်အကျဉ်းထောင်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူခဲ့ရပြီး မကြာသေးခင်က ပြန်လည်လွတ်မြောက်လာသော ပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းက ဒေါက်တာသန်းငြိမ်းမှာ အသည်းရောဂါ အပြင်းအထန် ခံစားနေရပြီး လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့ကြောင်း၊ ဦးသုဝေမှာ ရင်ကျပ်ရောဂါ ပြင်းထန်စွာ ခံစားနေရကြောင်း ဒီဗွီဘီ သတင်းဌာနသို့ ပြောဆိုခဲ့သည်။



ရေဖြူမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးတိုးပို



ဦးတင်အောင်

ထို့ပြင် အဲန်အယ်လ်ဒီအဖွဲ့ဝင် သတင်းစာဆရာ ဦးဝင်းတင်နှင့် ဦးထွေးမြင့်တို့ နှစ်ဦးမှာလည်း ရန်ကုန်ဆေးရုံကြီး အကျဉ်းသားလူနာဆောင်တွင် ဆေးဝါးကုသမှု ခံယူနေကြရကြောင်း၊ ၎င်းတို့နှစ်ဦးကို ဘာသာရေးစာအုပ်များနှင့် ပြည်တွင်းထုတ် စာနယ်ဇင်းများ ဖတ်ရှုခွင့်ပေးထားသော်လည်း အခြား နိုင်ငံခြားဘာသာများဖြင့် ရေးသားထားသော စာအုပ်များ ဖတ်ရှုခွင့်နှင့် ရေဒီယို နားထောင်ခွင့် မရရှိကြဟု သိရသည်။

မကြာသေးခင်က ပြုလုပ်ခဲ့သော ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးသံတမန် မစ္စတာပင်ဟေးရိုး၏ ခရီးစဉ်အတွင်း ခွင့်ပြုထားခဲ့သော ကလေးထောင်အတွင်း ဘာသာရေးစာအုပ်များ ဖတ်ရှုခွင့်ကို ပြန်လည်ရုတ်သိမ်းခဲ့ကြောင်း ကလေးဒေသခံတဦး၏ ဒီဗွီဘီသတင်းဌာနသို့ ပြောပြချက်အရ သိရသည်။

ကလေးထောင်တွင် နိုင်ငံရေးအကျဉ်းသားများဖြစ်သော စစ်အစိုးရဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသော ဦးတင်အောင်၊ ထောင်ဒဏ် ၄၉ နှစ် အပြစ်ပေးခံခဲ့ရသော ကိုအေးအောင်၊ ၁၉၉၆ ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများဖြစ်သည့် ကိုနေဦး၊ ကိုစောဝင်း၊ ကိုနေလင်းစိုး၊ ကိုသန်းနေထွန်း၊ ကိုကျော်ဇောနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီခဲ့သော ဆရာတော်ဦးစန္ဒာသီရိတို့ရှိသည်ဟု သိရသည်။ ကလေးထောင်အတွင်း ငှက်ဖျားရောဂါ ဖြစ်ပွားသော နိုင်ငံရေးအကျဉ်းသားဦးရေမှာ တိုးတက်လာကြောင်းလည်း သိရသည်။

ကလေးထောင်အနီး နေထိုင်သော ဒေသခံတဦး၏ ဒီဗွီဘီသို့ ပြောဆိုချက်အရ အသက်(၅၀)ရှိပြီဖြစ်သော ဦးတင်အောင်သည် ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ ခံစားနေရပြီး ၎င်းမှာ လွတ်ရက် လွန်မြောက်နေပြီဖြစ်သော်လည်း အကျဉ်းထောင်တွင်းဥပဒေ ၁၀(က)အရ အကျဉ်းကျသက်တမ်း မကြာခဏ တိုးမြှင့်ခြင်း ခံနေရသည်ဟု သိရသည်။ ❖

# လွတ်လပ်ရေးတိုက်ပွဲဝင် ဗိုလ်မှူးအောင် ကျန်းမာရေးအခြေအနေစိုးရိမ်ရ



ရဲဘော်သုံးကျိပ်ဝင်
ဗိုလ်မှူးအောင် (ခေါ်) သခင်စံလှိုင်

**မေ (၈)ရက်။**

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သူ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ဝင် ဗိုလ်မှူးအောင်၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးရွားနေကြောင်း ၎င်း၏ လုပ်ဖော်ကိုင်ဘက်တဦးက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၉၂)နှစ်အရွယ်ရှိပြီဖြစ်သည့် ဗိုလ်မှူးအောင်သည် လောလောဆယ် နေအိမ်၌သာရှိနေဆဲဖြစ်ပြီး မကြာမီ ဆေးရုံတင်ရန် ပြင်ဆင်နေကြောင်း ဝါရင့်နိုင်ငံရေးသမားများအဖွဲ့မှ သခင်အောင်မြင့်က ပြောကြားခဲ့သည်။

ဗိုလ်မှူးအောင်သည် နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှေ့တန်းစစ်မျက်နှာမှ ဝင်ရောက်ဦးစီးကွပ်ကဲကာ လွတ်လပ်ရေးအတွက် ပါဝင်ဆင်နွှဲခဲ့သော ရဲဘော်သုံးကျိပ်ဝင် တဦးလည်းဖြစ်သည်။ တို့ဗမာအစည်းအရုံးခေတ်တွင် သခင်စံလှိုင်အဖြစ် နာမည်ကျော်ကြားသူလည်းဖြစ်သည်။

သခင်အောင်မြင့်က ဗိုလ်မှူးအောင်၏ ကျန်းမာရေးအခြေအနေပေါ် ကောက်ချက်ချပြောကြားခဲ့ရာတွင် အသက်အရွယ်ကြောင့် ကျန်းမာရေးချို့တဲ့မှုလည်းပါသလို လုပ်ချင်သည့်အလုပ်များ မလုပ်နိုင်သည့်အတွက် စိတ်ဓာတ်ကျခြင်းလည်း ပါဝင်ကြောင်း ပြောကြားခဲ့သည်။ ❖

# ကျောင်းသား(၈)ဦး ထပ်မံဖမ်းဆီးခံထားရ

မေ (၆)ရက်။

ပြီးခဲ့သည့် ဧပြီလအတွင်း ရန်ကုန်မြို့ ဗြိတိသျှသံရုံးရှေ့ ဆန္ဒပြပွဲနောက်ပိုင်း စစ်ထောက်လှမ်းရေးများက ကျောင်းသား(၈)ဦးတို့ကိုဖမ်းဆီးခဲ့ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)က သတင်းထုတ်ပြန်လိုက်သည်။

သတင်းထုတ်ပြန်ချက်တွင် ပူးတွဲဖော်ပြထားသည့် ဧပြီလ(၂၁)ရက်နေ့ရက်စွဲပါ ပြည်သူ့ကျောင်းသားအိုးဝေတပ်ဦး၏ ကြေညာချက်၏အဆိုအရ မန္တလေးတိုင်းမှ ကျောင်းသား(၄)ဦး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းတို့မှ တဦးစီတို့သည် ဧပြီ(၄)ရက် ဆန္ဒပြပွဲနောက်ပိုင်း ပျောက်ဆုံးနေသည်ဟုသိရသည်။

ဗကသများအဖွဲ့ချုပ်နိုင်ငံခြားရေးရာကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကိုမင်းနိုင်က ၎င်းတို့အားလုံး ဖမ်းဆီးခံထားရသည်မှာ သေချာနေကြောင်း၊ ဖမ်းဆီးခံထားသူများသည် ဆန္ဒပြပွဲတွင်ပါဝင်သူများဖြစ်ပြီး ရန်ကုန်မြို့ ဆက်သွယ်ရေးရုံးအနီး ဖုံးပေါက်ကွဲမှုတွင် ပါဝင်ဆက်စပ်နေသည်ဟု စွပ်စွဲပြောဆိုခဲ့သည့်အတွက် မိမိတို့အနေဖြင့်အဖမ်းဆီးခံထားရသူ ကျောင်းသားများအတွက် အထူးစိုးရိမ်ပူပန်မိကြောင်းပြောဆိုသွားခဲ့သည်။

ဆက်လက်၍၎င်းကပြည်သူ့ကျောင်းသားအိုးဝေတပ်ဦးသည် အကြမ်းဖက်မှုများနှင့် ဆက်စပ်မှုမရှိသည်ကို အခိုင်အမာယုံကြည်ကြောင်းပြောဆိုခဲ့သည်။

ဗကသများအဖွဲ့ချုပ်သည်ယခုဖမ်းဆီးခံထားရသည့်ကျောင်းသားများအပါအဝင်အဖမ်းအဆီးခံကျောင်းသားများအားလုံးနှင့်ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်တောင်းဆိုထားသည်။

# နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး အေအေပီပီက ဆက်လက်ကြိုးပမ်းသွားမည်

**မေ (၂၆)ရက်။**

အေအေပီပီ (ခေါ်) နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ ဒုတိယအကြိမ်မြောက် ညီလာခံကို မေလ(၂၄–၂၅)ရက်နေ့များတွင် ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ကျင်းပခဲ့သည်။

ထိုညီလာခံတွင် ပြီးခဲ့သည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် အသင်း၏ လှုပ်ရှားမှုများအား ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီးနောက် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်များ၏ အခြေအနေများအား စုံစမ်းဖော်ထုတ်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် မဟာမိတ်အဖွဲ့အစည်းများနှင့် ပူးတွဲလုပ်ကိုင်ခြင်း၊ နိုင်ငံတကာက နအဖစစ်အစိုးရအား ပိုမိုဖိအားပေးနိုင်ရေးအတွက် လှုံ့ဆော်တိုက်တွန်းခြင်း စသည်တို့အား ဆက်လက်လုပ်ကိုင်သွားမည်ဟု ညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ထို့နောက် အသင်း၏လုပ်ငန်းများအား ဆက်လက်တာဝန်ယူလုပ်ကိုင်ရန် အသင်းဝင် (၂၇)ဦးမှ အမှုဆောင်(၅)ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြရာ အလုပ်အမှုဆောင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဦးတိတ်နိုင်၊ တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးဘိုကြည်နှင့် အဖွဲ့ဝင်များအဖြစ် ဦးဇော်ထွန်း၊ ဦးဇာနည်၊ ဦးသက်အောင်တို့ဖြစ်ကြပြီး ထိုအမှုဆောင်အဖွဲ့က ၂၀၀၅ ခုနှစ်တွင် ပြုလုပ်မည့်ညီလာခံအထိ အသင်းတွင် တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)ကို ၂၀၀၀ ပြည့်နှစ် မတ်လ(၂၃)ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက်လှုပ်ရှားလျက်ရှိသည်။ အသင်းဝင်ပေါင်း (၄၆)ဦးဖြင့် ဖွဲ့စည်းထားသည်။ ❖




နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏
ဒုတိယအကြိမ်မြောက်ညီလာခံ ကျင်းပပြုလုပ်နေစဉ်

# ဩစတြေးလျနိုင်ငံက [illegible]

**မေ (၁၉)ရက်။**

၂၀၀၃–၄ ခု ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများနှင့် အခြား လူသားချင်းစာနာသည့် အကူအညီအဖြစ် အမေရိကန်ဒေါ်လာ (၅)သန်းနှင့်ညီမျှသည့် ဩစတြေးလျငွေ ဒေါ်လာ (၇.၈)သန်းကို မြန်မာနိုင်ငံအား ပေးအပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်ထုတ် မြန်မာတိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါငွေများကို ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် NGOs များက လုပ်ဆောင်နေသည့်လုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ဒုက္ခသည် နှစ်သိန်းသုံးသောင်းကျော်တို့အား ပြန်လည်နေရာချထားပေးရေးနှင့် ရန်ကုန် ဆင်ခြေဖုံးမှ ဝေဒနာရှင် သုံးသောင်းကျော်တို့အား ထောက်ပံ့ရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ နိုင်ငံခြား ထောက်ပံ့ရေးအစီအစဉ်က ပေးအပ်သည့် ထိုအကူအညီသည် မနှစ်ကထက် ဒေါ်လာတသန်းကျော် ပိုမိုများလာခဲ့သည်။ ဩစတြေးလျနိုင်ငံသည် ၂၀၀၀ ခုနှစ်ကစ၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးသင်တန်းများ ပေးလျက်ရှိရာ ထောက်ပံ့ငွေများမှ တချို့တဝက်ကို အဆိုပါသင်တန်းများရန်ပုံငွေအဖြစ် သုံးစွဲသွားမည်ဟုဆိုသည်။



“နိုင်ငံတွေ ကြီးပွားတိုးတက်တယ်ဆိုတာ အဲ့ဒီနိုင်ငံတနိုင်ငံရဲ့ လွတ်လပ်ရေးရဲ့ အခြေခံပေါ်မှာ တည်ပြီးတော့ ကြီးပွားတိုးတက်ကြတာပဲလို့ ကျနော် စွဲစွဲမြဲမြဲယုံကြည်ထားပါတယ်။ အဲဒီယုံကြည်ချက်က ကျနော်ဖြတ်သန်းလာခဲ့ရတဲ့ ခေတ်တွေပေါ့ဗျာ။ အဲဒီမှာ ကျနော့်အတွေ့အကြုံအရ ရရှိလာတဲ့အတွေးအခေါ်ပါ”

“ကျနော်တို့လူသားတွေပေါ့ဗျာ၊ စီးပွားရေးဘက်မှာပဲဖြစ်ဖြစ်၊ ယဉ်ကျေးမှုဘက်မှာပဲဖြစ်ဖြစ်၊ လူ့ရဲ့ စွမ်းအားကို ပြနိုင်ခွင့်ရှိတာ လွတ်လပ်ရေးရဲ့ အခြေခံပဲ။ လွတ်လပ်ရေးဆိုတာ အဓိပ္ပာယ်ကတော့ လူ့အခွင့်အရေးဖြင့် လွတ်လပ်ရေးပေါ့၊ ဒါ လွတ်လပ်ရေးပဲ။ လွတ်လပ်ရေးရှိမှပဲ ကျနော်တို့ မိမိရဲ့ ဖော်ပြလိုချင်တဲ့ စာပေကို ရေးဖွဲ့နိုင်မှာပေါ့၊ အဲဒါ စာပေလွတ်လပ်ခွင့် အရေးကြီးဆုံးပဲဗျာ။ လူ့ရဲ့ နောက်တခုအရေးကြီးတာက ကျနော်တို့ ပညာရေး လွတ်လပ်ခွင့်၊ အဲ့ဒါလည်း အရေး ကြီးတယ်။

**မေ၊ (၈)ရက်**

**(ဆရာဒဂုန်တာရာနှင့် အာအက်ဖ်အေအသံလွှင့်ဌာန တွေ့ဆုံမေးမြန်းခန်း)**

# ပြည်တွင်းစာနယ်ဇင်းလောက စာမူခအခြေအနေ

စာရေးဆရာနှင့် မဂ္ဂဇင်းထုတ်ဝေသူများသည် စာအုပ်လုပ်ငန်းတွင် သူ့အကျိုးကိုယ့်အကျိုး ဆက်နွယ်ပတ်သက်နေသူများဖြစ်သော်လည်း ထုတ်ဝေရေးလုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်အပေါ် အမှန်တကယ် ပိုမိုခံစားရသူများမှာ ငွေကြေးစိုက်ထုတ်သည့် ထုတ်ဝေသူများသာဖြစ်နေပြီး စာရေးဆရာများ ခံစားရသည့် စာမူခမှာ နိမ့်ကျနေဆဲဖြစ်ကြောင်း သိရသည်။

ယနေ့အခြေအနေတွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် အကျိုးအမြတ်များ ရရှိလာသည့်အတွက် စီးပွားရေးဆန်လာခဲ့ရာ ရရှိလာသည့်အကျိုးအမြတ်ကို ငွေကြေးရင်းနှီးသည့် ထုတ်ဝေသူများက ကောင်းစွာရရှိနေပြီး စာရေးဆရာများမှာ ယခင်အခြေအနေထက် ပိုမိုထူးခြားလာမှု မရှိသေးကြောင်း ပြည်တွင်းစာပေလောကမှလာသည့် သတင်းများအရ သိရသည်။

စက္ကူဈေး၊ ပုံနှိပ်ခ၊ မှင်ဖိုး စသည့် စာအုပ်နှင့်ပတ်သက်သည့် ကုန်ကြမ်းတန်ဖိုးတက်လာသလို မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းစာအုပ်များ၏တန်ဖိုးများမှာလည်း ဆယ်ဆ၊ အဆနှစ်ဆယ်တက်လာကြောင်း သိရသည်။ ဂျာနယ်တစောင်၏ အနိမ့်ဆုံးဈေးသည် (၁၀၀)ကျပ်ဝန်းကျင်တွင်ရှိနေပြီး မဂ္ဂဇင်းတစောင် ကျပ်(၄၀၀)မှ (၈၀၀)ကျော်နေချိန်တွင် မဂ္ဂဇင်းတစောင် ကျပ်(၂၀)နှုန်းအချိန်က စာရေးဆရာ၏ စာမူခ ကျပ် (၃၀၀) ရခဲ့ပြီး မဂ္ဂဇင်းတစောင် ကျပ်(၂၀၀) ဖြစ်ချိန်တွင် စာရေးဆရာ၏ စာမူခမှာ ကျပ် (၅၀၀)မှ (၁,၀၀၀)ထိတိုးလာသည်။ မဂ္ဂဇင်းဈေး ဆယ်ဆတက်ခဲ့သော်လည်း စာမူခ နှစ်ဆသာ တိုး၍ ရရှိခဲ့သည်။ ယခု မဂ္ဂဇင်းဈေးနှုန်းများ ကျပ်(၈၀၀) ရောက်ရှိနေချိန်တွင် စာမူခမှာ ကျပ်(၂,၀၀၀)သာ ရှိသည့်အတွက် မဂ္ဂဇင်းလေးဆတက်ချိန်တွင် စာမူခ နှစ်ဆသာ တိုး၍ရရှိခြင်းဖြစ်သည်။

လုံးချင်းစာအုပ်လောကတွင်လည်း ဝင်ငွေ၏ (၁၅)ရာခိုင်နှုန်းပေးရန် စာရေးသူက ထုတ်ဝေသူထံ မျက်နှာအောက်ကျ (အောက်ကျို့)ပြောဆိုနေရသည်ဟု သိရသည်။ ထို့ပြင် စာရေးသူများမှာ ထုတ်ဝေသူထံမှ ကြိုတင်ငွေ မရရှိရုံမျှမက ထုတ်ဝေပြီးချိန်မှာပင် စာမူခအကျေ ရရှိရန် ခက်ခဲနေကြောင်း သိရသည်။

❖ ❖ ❖

# ကရင်အမျိုးသမီး ကလောင်ရှင်တဦး လူ့အခွင့်အရေးဆိုင်ရာ စာပေဆုဆွတ်ခူးရရှိ

**မေ၊ (၂၀)ရက်။** (NMG)

လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေး (Human Rights Watch)အဖွဲ့ကြီးမှ အမေရိကန်နိုင်ငံသား ပြဇာတ်စာရေးဆရာနှစ်ဦးဖြစ်သည့် Hellman နှင့် Hammett တို့အား ဂုဏ်ပြုသည့်အနေဖြင့် (Hellman/Hammett Grant Program) အစီအစဉ်အရ ၎င်းတို့နှစ်ဦးကဲ့သို့ နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသော ကလောင်ရှင်များအား ထောက်ပံ့ကူညီရေးအစီအစဉ်အရ နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုနှစ်အတွက် မြန်မာနိုင်ငံမှ ကရင်အမျိုးသမီး ကလောင်ရှင်တဦးဖြစ်သည့် မခိုင်မာကျော်ဇောအား ဂုဏ်ပြုရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မခိုင်မာကျော်ဇောသည် စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြည်တွင်းပြည်ပရှိ ပြည်သူများ၏ ဒုက္ခမျိုးစုံခံစားချက်များကို ကဗျာ၊ ဆောင်းပါးများအဖြစ် အများအပြား ရေးသားထုတ်ဝေခဲ့ပြီး ဆက်လက်ရေးသားနေဆဲဖြစ်သည်။

ထိုကဲ့သို့ ရေးသားနိုင်ရန်အတွက် ဝေးဝေးလံလံ ကွင်းဆင်းလေ့လာရန် မလိုအပ်ဘဲ သူမပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် နေ့တဓူဝအဖြစ်အပျက်များအား ထပ်ဟပ်၍ မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သူမသည် မွေးဖွားခဲ့ရာ ကရင်ပြည်နယ်အတွင်း ပြည်တွင်းစစ်ဒဏ်ကြောင့် ငယ်စဉ်ကတည်းကပင် လူ့အခွင့်အရေး ချိုးဖောက်သည့် အဖြစ်အပျက်များအား ကြုံတွေ့ခံရပြီး ထိုအကြောင်းအရာများအား ဖော်ထုတ်ရေးသားလိုသူများအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း သိရပြီး အထူးသဖြင့် ကလေးငယ်များအရေးကို ပိုမိုဖော်ထုတ်ရေးသားလိုကြောင်း သိရသည်။



မခိုင်မာကျော်ဇော

မခိုင်မာကျော်ဇောသည် (Karen Information Center-KIC)ဌာန၏ မြန်မာဘာသာ အယ်ဒီတာတဦးဖြစ်ပြီး ကရင်အမျိုးသားအစည်းအရုံးတွင် လူမှုရေးဌာနတာဝန်ခံတဦးလည်းဖြစ်သည်။ အဆိုပါဆုကို ၂၀၀၂ ခုနှစ်အတွက် ကဗျာဆရာကြီး ဦးတင်မိုးက ရရှိခဲ့သည်။

# မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့် အခြေအနေ ပိုမိုဆိုးရွားလာ

**မေ၊ (၅)ရက်။**

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့များက ဝေဖန်ထောက်ပြနေသည့်ကြားမှ မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့်အခြေအနေသည် ပိုမိုဆိုးရွားလာကြောင်း အာရ်အက်ဖ်အေသတင်းများအရ သိရသည်။

ပြီးခဲ့သည့်လအနည်းငယ်ကစ၍ မြန်မာစာပေနယ်ပယ်ရှိ စာရေးသူ၊ ဘာသာပြန်သူ၊ အယ်ဒီတာစသည့် စာနယ်ဇင်းသမားများအားလုံး နအဖ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ပုံနှိပ်သူများနှင့် ပုံနှိပ်ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်ဌာနတွင် ပုံစံ(၇)ခေါ် ကိုယ်ရေးမှတ်တမ်းရာဇဝင်ကို ယခင်ကထက် တိကျပြည့်စုံစွာ မဖြည့်မနေရ ဖြည့်ပေးနေရကြောင်း သိရသည်။

အဆိုပါ ပုံစံ(၇)တွင် စာရေးသူ၊ ပုံနှိပ်ထုတ်ဝေသူများ၏ ကိုယ်ရေးရာဇဝင်ကို အသေးစိတ် ဖော်ပြရသည့်အပြင် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဇနီးခင်ပွန်းတို့၏ ကိုယ်ရေးရာဇဝင်များကိုပါ ထည့်သွင်းဖော်ပြရပြီး အိမ်ထောင်သည်များဖြစ်ပါက နှစ်ဘက် ညီအစ်ကိုမောင်နှမ မိဘများ၏ ကိုယ်ရေးရာဇဝင်များပါ ဖြည့်ပေးနေရသည်ဟု ဆိုသည်။

ထို့ပြင် ပုံစံ(၇)၏ ဒုတိယပိုင်းအနေဖြင့် ငယ်စဉ်ကစပြီး (၁၉)နှစ်အရွယ်ထိ ကိုယ်ရေးရာဇဝင်ကို သီးသန့် အသေးစိတ်ဖြည့်ပေးရသည့်အပြင် ပုံစံ၏ တတိယပိုင်းတွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ကိုယ်ရေးရာဇဝင်၊ စတုတ္ထပိုင်းတွင် ၁၉၄၆ မှ ယနေ့အချိန်ထိ ကိုယ်ရေးရာဇဝင်ဟု ခွဲခြားထားပြီး စာမျက်နှာ(၆)မျက်နှာခန့်ရှိ အဆိုပါပုံစံကို ဓာတ်ပုံနှင့်တကွ ဗဟိုမှတ်ပုံတင်ဌာနသို့ ပေးပို့နေရကြောင်း ပြည်တွင်း စာပေလောကမှလာသည့် သတင်းကို ကိုးကား၍ အာရ်အက်ဖ်အေသတင်းတွင် ဖော်ပြထားသည်။

အဆိုပါပုံစံသည် ယခင်က သဘောမျှဖြည့်ရုံဖြင့် အဆင်ပြေခဲ့သော်လည်း ယခု နအဖ ပြည်ထဲရေးဝန်ကြီးဌာနက ပိုမိုတင်းကျပ်စွာ ကိုင်တွယ်လာခဲ့သည်ဟုဆိုသည်။

အလားတူ ပြည်ထဲရေးဌာန လက်အောက်ခံ စာပေစိစစ်ရေးအဖွဲ့ကလည်း ဝါရင့်စာရေးဆရာများနှင့် ပညာရှင်ကြီးများ၏ စာပေရေးသားမှုများအပါအဝင်စာနယ်ဇင်းသမားများအားလုံးတို့၏ စာပေရေးသားမှုကို တိကျသည့်မူဝါဒမရှိဘဲ ၎င်းတို့၏သဘောထားအရ ကြိုက်သလို ဆင်ဆာဖြတ်တောက်ပိတ်ပင်တားဆီးနေကြောင်း သိရပြီး စာသာမက စာရေးသူပုဂ္ဂိုလ်ကို မနှစ်သက်ပါကလည်း ပိတ်ပင်ကန့်သတ်မှု ပြုလုပ်နေကြောင်း ပြည်တွင်းစာပေလောကကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။ ❖

# စာနယ်ဇင်းသမားများအား အညှဉ်းပန်းဆုံး နာမည်ပျက်စာရင်း ဗိုလ်ချုပ်မှူးကြီး ထည့်သွင်းခံရ

**မေ၊ (၅)ရက်။**

မြန်မာနိုင်ငံအပါအဝင် အာရှဒေသသည် ကမ္ဘာပေါ်တွင် သတင်းသမားများအပေါ် အဖိနှိပ်ဆုံးဒေသဖြစ်ပြီး သတင်းလွတ်လပ်ခွင့် ဆက်လက်ကျဆင်းနေဆဲဖြစ်ကြောင်း ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့(RSF)၏ ၂၀၀၂ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

မေလ(၃)ရက် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အမီ ထုတ်ပြန်သည့် အဆိုပါနှစ်ပတ်လည် အစီရင်ခံစာထဲ၌ ကမ္ဘာအနှံ့အပြားဒေသများတွင် ၂၀၀၂ ခုနှစ်အတွင်း သတင်းသမား စုစုပေါင်း(၂၅)ဦး အသတ်ခံခဲ့ရပြီး ၎င်းတို့ထဲမှ ထက်ဝက်ကျော်သည် စစ်အာဏာရှင်များ၊ လက်နက်ကိုင်အုပ်စုများနှင့် ရာဇဝတ်ဂိုဏ်းများ၏ သတ်ဖြတ်မှုတို့ကို ခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုအထဲမှ (၁၁)ဦးသည် အာရှနိုင်ငံများတွင် အသတ်ခံခဲ့ရခြင်းဖြစ်ရာ အာရှဒေသသည် သတင်းသမားများအား ဖိနှိပ်မှု၊ ဖမ်းဆီးသတ်ဖြတ်မှု၊ ခြိမ်းခြောက်မှုနှင့် ဆင်ဆာဖြတ်တောက်မှု အများဆုံးဒေသ ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုအထဲတွင် မြန်မာ၊ တရုတ်၊ နီပေါနှင့် အီရန်နိုင်ငံများသည် သတင်းလွတ်လပ်ခွင့်အတွက် အစိုးရိမ်ရဆုံးနိုင်ငံများဖြစ်သည်ဟု ထောက်ပြထားသည်။

ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံအနှံ့အပြား အကျဉ်းထောင်များအတွင်းရှိ သတင်းသမား နိုင်ငံရေးအကျဉ်းသား(၁၆)ဦး အပါအဝင် တရုတ်၊ နီပေါနှင့် အီရန်နိုင်ငံများတွင် ဖမ်းဆီးခြင်းခံထားရသူ သတင်းသမား (၁၂၁)ဦးတို့ကို အမြန်ဆုံးပြန်လွှတ်ပေးရန် ဇန်နဝါရီလကတည်းက တောင်းဆိုထားခဲ့သည်ဟု အာရ်အက်စ်အက်ဖ်အဖွဲ့ကဆိုသည်။



**စာနယ်ဇင်းသမားများအား နှိပ်စက်ညှဉ်းပန်းသူစာရင်းဝင် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ**

ထို့ပြင် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို သတင်းသမားများအား နှိပ်စက်ညှဉ်းပန်းသူ နာမည်ပျက်စာရင်းတွင် ထည့်သွင်းဖော်ပြထားသည်။

မြန်မာအကျဉ်းထောင်များအတွင်းရှိ စာနယ်ဇင်းအကျဉ်းသားများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း စာနယ်ဇင်းသမား အကျဉ်းသား (၃၁)ဦး ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ၎င်းတို့အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။❖

## နိုင်ငံရေးဖြစ်စဉ်များတွင် တိုင်းရင်းသားများ ပါဝင်ခွင့်နည်းနေကြောင်း ICG ၏ အစီရင်ခံစာ၌ဖော်ပြ

**မေ၊ (၁၀)ရက်။**

လက်ရှိနိုင်ငံရေး ဖြစ်စဉ်များတွင် တိုင်းရင်းသားများ ပါဝင်ခွင့် နည်းနေသေးကြောင်း နိုင်ငံတကာပဋိပက္ခ သုတေသနအဖွဲ့ ICG (International Crisis Group)က အစီရင်ခံစာ တစောင်ထုတ်ပြန်ခဲ့သည်။

ထိုအစီရင်ခံစာ၌ နိုင်ငံတကာ အသိုင်းအဝိုင်းသည် အစိုးရနှင့် အတိုက်အခံများအကြား ဆက်ဆံရေးကိုသာ အာရုံစိုက်နေကြပြီး တတိယအင်အားစုဖြစ်သည့် တိုင်းရင်းသားများအရေးအပေါ် အလေးထားပုံမရသလိုဖြစ်နေကြောင်း ထောက်ပြထားသည်။ ထိုအစီရင်ခံစာနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က တိုင်းရင်းသားပါတီ အများအပြားသည် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြသော်လည်း နအဖ က အဆိုပါ ပါတီများကို ဖျက်သိမ်းပစ်ခဲ့ကြောင်း ထိုသို့ ဖျက်သိမ်းခြင်းခံခဲ့ရသည့်အတွက် မိမိတို့သည် နိုင်ငံရေးအရ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာ စည်းရုံးခွင့် မရှိကြောင်း၊ ဒါဟာ နိုင်ငံရေးအရ ဆုံးရှုံးမှုတရပ်ဖြစ်ကြောင်း ဒီဆုံးရှုံးမှုကြောင့် တိုင်းရင်းသားများအနေဖြင့် ကျေနပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။

ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလဖန်းက တိုင်းရင်းသားများ အချင်းချင်း လွတ်လွတ်လပ်လပ် ညှိနှိုင်းမှု မပြုနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ ပါဝင်သည့် ကော်မတီတရပ် (Intenational Committee)ဖြင့် တိုင်းရင်းသားအားလုံး ပါဝင်နိုင်သော တိုင်းရင်းသားလူမျိုးစုံကွန်ဖရင့် (Ethnic Conference)တရပ် လုပ်နိုင်ပါက အင်မတန်ကောင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

❖ ❖ ❖

## ပုတ်ခတ်နေမည့်အစား အမေရိကန်အနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း နအဖ ကြေညာချက်ထုတ်ပြန်

**မေ၊ (၉)ရက်။**

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် နအဖ ဆောင်ရွက်မှုမှာ တုံ့နှေးလွန်းကြောင်း မေလ(၆)ရက်နေ့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို စစ်အစိုးရက ပယ်ချလိုက်သည်။

မေလ(၉)ရက်နေ့က ထုတ်ပြန်သည့် မြန်မာစစ်အုပ်စု၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးများအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် လူ့အခွင့်အရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ အလုပ်သမားအဖွဲ့များနှင့် အခြားသော လူသားအချင်းချင်း အကူအညီပေးသည့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင်းသို့ လွတ်လပ်စွာ လာရောက်လေ့လာလျက်ရှိကြောင်း ၎င်းတို့၏ အကူအညီပေးနိုင်သည့် အကြံပြုချက်များကိုလည်း အစိုးရအနေဖြင့် ကြိုဆိုလျက်ရှိကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုကြေညာချက်တွင် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအား ပုတ်ခတ်နေမည့်အစား မြန်မာအစိုးရက ဖော်ဆောင်နေသည့် ဒီမိုကရေစီစနစ် ထူထောင်ရေးဆောင်ရွက်ချက်များတွင် လက်တွဲကူညီသင့်ကြောင်း ဖော်ပြထားပြီး မိမိတို့နိုင်ငံအတွက် လက်တွေ့အသုံးဝင်သည့် အကြံပြုချက်များကိုပေးသင့်ကြောင်း တုံ့ပြန်ရေးသားထားသည်။

ထို့ပြင် အမေရိကန်အနေဖြင့် ဆင်းရဲသည့်နိုင်ငံများအား စီးပွားရေး ပိတ်ဆို့အရေးယူပြီး နစ်နာအောင် လုပ်မည့်အစား ပြည်သူများအတွက် စီးပွားရေး အခွင့်အလမ်းများ ပေးသင့်ကြောင်း ဖော်ပြထားပြီး ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် သံတမန်ရေး ပိတ်ဆို့ထားမှုများအား ရှုတ်ချထားသည်။ ❖




မေ၊(၁)ရက်။

မြန်မာနိုင်ငံ အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့က ကြီးမှူး၍ မေလ(၁)ရက် ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ်ဟောပြောပွဲတရပ်ကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ပြုလုပ်ကျင်းပခဲ့ရာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တက်ရောက်လာခဲ့ကြကြောင်း သိရပြီး မေဒေးနေ့ ကြေညာချက်တစောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ❖

## ဒီမိုကရေစီဖော်ဆောင်ရေး ရှေ့ဆက်ဆောင်ရွက်ရန် စစ်အုပ်စု တုံ့နှေးနေဆဲ

**မေ၊ (၇)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်က လွှတ်ပေးခဲ့သည်မှာ တနှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း မြန်မာ့နိုင်ငံရေးအခြေအနေမှာ ယနေ့အချိန်အထိ တိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်လာခြင်း မရှိသေးကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ(၆)ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုကြေညာချက်တွင် မြန်မာစစ်အစိုးရအနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် တိုးတက်မှု အနည်းငယ်ကိုသာ လုပ်ဆောင်ခဲ့သေးကြောင်း ရေးသားထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောင်ချာက မြန်မာစစ်အစိုးရသည် ပြည်သူလူထုအပေါ် ဖိနှိပ်နေဆဲဖြစ်ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်များကိုလည်း ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်၍ အဲန်အယ်လ်ဒီ၏ လှုပ်ရှားမှုများကို ကန့်သတ်ထားဆဲဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် မစ္စတာဘောင်ချာက စစ်အစိုးရအနေဖြင့် ၎င်းတို့ကြေညာထားခဲ့သလို မြန်မာပြည်တွင် ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်လာရေးအတွက် လေးလေးနက်နက် ရှေ့ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်။

ပြီးခဲ့သည့်တပတ်အတွင်း ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်းအပါအဝင် နိုင်ငံရေးအကျဉ်းသား (၂၀)ကျော် လွတ်မြောက်လာသည့်အပေါ် မိမိတို့ ကြိုဆိုကြောင်း၊ သို့ရာတွင် အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား (၁,၀၀၀)ကျော် ရှိနေဆဲဖြစ်ပြီး အချို့မှာ ကျန်းမာရေး အလွန်ဆိုးဝါးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသွားခဲ့သည်။

အဆိုပါကြေညာချက်တွင် မြန်မာ စစ်အုပ်စုအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပလိုသည့် ဆန္ဒမရှိကြောင်း၊ ကုလသမဂ္ဂ အထူးသံ မစ္စတာရာဇာလီနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုပင် ပျက်ကွက်နေကြောင်း ဖော်ပြထားသည်။ ထို့ပြင် လာမည့် မေလ(၂၇)ရက်နေ့သည် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်ကို အစိုးရက ပစ်ပယ်ခဲ့သည့် (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ သို့ရာတွင် ဒီမိုကရေစီ ရရှိရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၏ ခိုင်ကျည်သည့် စိတ်ဓာတ်ကို ချီးကျူးပါကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အဆိုပါ ကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။



**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာရစ်ချတ်ဘောင်ချာ**

ပြီးခဲ့သည့် ဧပြီလ(၂၄)ရက်နေ့က ကျင်းပခဲ့သည့် Freedom Forum အဖွဲ့ကြီး၏ Free Spirit ဆု ချီးမြှင့်ပွဲတွင်လည်း အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်က ဒေါ်အောင်ဆန်းစုကြည်၏ ရဲစွမ်းသတ္တိအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက သူမအပေါ် လေးစားချစ်ခင်ကြကြောင်း၊ ထို့ပြင် အဲန်အယ်လ်ဒီ၏ ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်ချက်များအား ထောက်ခံခြင်းသည် အမေရိကန်အစိုးရ၏ ပေါ်လစီဖြစ်ကြောင်း Free Spirit ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ပေးပို့သည့် သဝဏ်လွှာ၌ ဂုဏ်ပြုရေးသားဖော်ပြခဲ့သည်။

❖ ❖ ❖

## မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေ ၂၀၀၂ ခုနှစ် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက အစီရင်ခံ

**မေ၊ (၂၉)ရက်။**

အာရှတိုက်ရှိ အစိုးရအဖွဲ့များ၏ ရာဇဝတ်မှု ဆန့်ကျင်တိုက်ဖျက်ရေး စီမံချက်များနှင့် အမေရိကန် ဦးဆောင်သည့် ကမ္ဘာ့အကြမ်းဖက်မှုများ တိုက်ဖျက်ရေး စစ်ဆင်မှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေများသည် အာရှတိုက်တွင် ပိုမိုဆိုးဝါးလာကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International-AI)၏ ၂၀၀၂ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

AI က မြန်မာနိုင်ငံအကြောင်း ဖော်ပြခဲ့ရာတွင် စစ်အုပ်စုအစိုးရသည် ပြီးခဲ့သည့်နှစ်က ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သော်လည်း ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးလှုပ်ရှားသူများအား ဖမ်းဆီးနှိပ်စက်ညှဉ်းပမ်းမှုများ ယခုတိုင် ပြုလုပ်နေဆဲဖြစ်ကြောင်း၊ ထို့ပြင် အတင်းအဓမ္မ လုပ်အားခိုင်းစေမှုများ၊ အရပ်သား လူနည်းစုတိုင်းရင်းသားများအပေါ် အကျဉ်းရုံး တရားစီရင်သတ်ဖြတ်မှုများမှာလည်း ယခုတိုင် မြင်တွေ့နေရဆဲဖြစ်ကြောင်း၊ နအဖ စစ်ထောက်လှမ်းရေးများသည် နိုင်ငံရေးအကျဉ်းသားများအား ပဏာမ စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းထားစဉ်ကာလအတွင်း ညှဉ်းပမ်းနှိပ်စက်မှုများရှိနေပြီး ထိုသို့ထိန်းသိမ်းထားစဉ် သေဆုံးသွားသည့် နိုင်ငံရေးအကျဉ်းသား (၃)ဦးရှိခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

AI အဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦးသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခွင့်ရရှိခဲ့ပြီး (၁၀)ရက်ကြာနေထိုင်ကာ အကျဉ်းထောင်များသို့ သွားရောက်၍ နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိ တရားစီရင်ရေးစနစ်အပေါ် ထောက်ပြ ဝေဖန်မှုများ ပြုလုပ်ခဲ့သည့်အဖွဲ့ကြီးဖြစ်သည်။ ❖

## ဥရောပခရီးသွား ကုမ္ပဏီကြီး မြန်မာပြည်က ပြန်လည်ဆုတ်ခွာသွားပြီ

**မေ၊ (၂)ရက်။**

ဗြိတိန်ရှိ လူ့အခွင့်အရေးလှုပ်ရှားသူများ၏ ကန့်ကွက်မှုများကြောင့် ဥရောပတိုက်တွင် အကြီးမားဆုံး ခရီးသွားကုမ္ပဏီကြီးတခုဖြစ်သည့် (KUONI)က မြန်မာနိုင်ငံအတွင်း လုပ်ကိုင်နေသည့် လုပ်ငန်းများအားလုံး ယခုနှစ်ကုန်ပိုင်းတွင် ရုပ်သိမ်းပြီး မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ဖြတ်တောက်လိုက်တော့မည်ဟု ကြေညာလိုက်သည်။

အဆိုပါကုမ္ပဏီသည် လန်ဒန်အခြေစိုက် Burma Campaign UK အဖွဲ့၏ လှုံ့ဆော်မှုဖြင့် ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့၏ ဒါရိုက်တာဖြစ်သူ မစ္စအိဗက်မာဟွန်းက ပြောကြားခဲ့ပြီး မြန်မာပြည်တွင် ဒီမိုကရေစီ ရရှိလာမှသာ ခရီးသွားလုပ်ငန်းကို ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီက ကတိပေးခဲ့သည်ဟု ၎င်းက ဒီဗွီဘီ အသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက မိမိတို့အဖွဲ့သည် မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်ကိုင်နေသည့် Orient Express ကုမ္ပဏီကို မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားစေရေးအတွက် ဆက်သွယ်ပြောကြားမည်ဖြစ်ပြီး မရရှိပါက ဆန္ဒပြ လှုပ်ရှားမှုများ ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

❖ ❖ ❖

# ဝေဖန်ပိုင်းခြားစဉ်းစားမှုကို မြှင့်တင်သည့်စာသင်ခန်းများ

ဒေါက်တာသိန်းလွင်

မြန်မာနိုင်ငံ ကျောင်းများတွင် ဆရာကသာ ဦးဆောင်သင်ကြားသည့် နည်းစနစ်သည် ယနေ့ထက်တိုင် လွှမ်းမိုးနေဆဲဖြစ်သည်။ ရှေးခေတ်အခါက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသည် ယဉ်ကျေးမှု အစဉ်အလာနှင့် ပညာသင်ကြားပေးရာ အဓိကနေရာများဖြစ်ခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် စာပေပရိယတ္တိများကို နှုတ်တိုက် အာဂုံဆောင်နိုင်ကြသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်က စာပေအရေးအသား မရှိသေး၍ တရားတော်များကို အာဂုံဆောင်ခြင်းဖြင့် ဗုဒ္ဓ၏ သင်ကြားမှုများကို မူရင်းအတိုင်း မပျောက်မပျက် ထိန်းသိမ်းနိုင်ခဲ့ကြသည်။ ဤကဲ့သို့ စာပေများကို အလွတ်ကျက်မှတ် အလွတ်ရွတ်ဆိုသော အလေ့အထသည် မြန်မာနိုင်ငံပညာရေးတွင် လွှမ်းမိုးခဲ့သည်။ ဗြိတိသျှ အုပ်ချုပ်မှုအောက်တွင် စာသင်ကျောင်းများကို အင်္ဂလိပ်နည်းစနစ်များဖြင့် ထူထောင်ခဲ့သော်လည်း အလွတ်ကျက်မှတ်သည့် အစဉ်အလာကိုပင် ဆက်လက်ကျင့်သုံးခဲ့သည်။

စစ်အာဏာရှင်အုပ်ချုပ်မှုအောက်တွင် ပညာသင်ကြားရေးသည် နိုင်ငံရေးဝါဒ ဖြန့်ဖြူးရေး ပါဝင်လာသဖြင့် ဆရာက ဦးဆောင်၍ တပည့်များအား အဆင်သင့် ရေးထားသည့်စာပိုဒ်များကို အလွတ်ကျက်မှတ်စေခြင်းသည် နိုင်ငံရေးဝါဒ သွတ်သွင်းခြင်းအဖြစ် ပြောင်းလဲလာခဲ့သည်။ ရှေးအခါက ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်သူအချင်းချင်း ယဉ်ကျေးမှု အစဉ်အလာဖြန့်ဖြူးခြင်းသည် ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားရေးအတွက် အားကောင်းချက်ဖြစ်သည်။ ယခုခေတ်တွင် ယဉ်ကျေးမှုအစဉ်အလာ မတူညီသူများ၊ ကိုးကွယ်ယုံကြည်မှု ကွဲပြားသူများ၊ နိုင်ငံရေးအယူအဆ အမျိုးမျိုးရှိသူများ ရောနှောစုပေါင်းနေထိုင်လာကြသည့်အတွက် တစုံတယောက် (သို့မဟုတ်) အဖွဲ့အစည်းတခု၏ ယုံကြည်မှု၊ အယူအဆနှင့် တန်ဖိုးထားမှုများကို အခြားသူများအား သွတ်သွင်းရန် သင့်မသင့် ပြန်လည်စဉ်းစားသုံးသပ်ရမည် ဖြစ်သည်။

ယုံကြည်မှု၊ တန်ဖိုးထားမှုနှင့် အယူအဆအမျိုးမျိုးရှိသူများ အတူတကွ စုပေါင်းနေထိုင်နိုင်သည့် ဒီမိုကရေစီဝါဒ ထွန်းကားလာသည်နှင့်အမျှ ပညာသင်ကြားရေးသည်လည်း ဒီမိုကရေစီပညာရေးသို့ ပြောင်းလဲလာခဲ့သည်။ ဒီမိုကရေစီခေတ်တွင် အာဏာရှိသူတစုံတဦး၏ အဆုံးအဖြတ်နောက်ကို လိုက်ရခြင်းမျိုးမဟုတ်ဘဲ လူအများ၏ အဆုံးအဖြတ်အတိုင်း အကောင်အထည်ဖော်ရသည် ဖြစ်၍ လူတိုင်းလူတိုင်းသည် အဆုံးအဖြတ်ပေးရာတွင် ပါဝင်လာရတော့သည်။

ဝေဖန်ပိုင်းခြားစဉ်းစားရေးသည် အဆုံးအဖြတ်ပေးရေးအတွက် အဓိကကျသည့် သော့ချက်ဖြစ်သည်။ ဝေဖန်ပိုင်းခြားစဉ်းစားရေးသည် ဒီမိုကရေစီလူ့ဘောင်တွင် အလွန်အရေးကြီးသည့် ကျွမ်းကျင်မှုလည်း ဖြစ်သည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် ခိုင်လုံသည့် အထောက်အထားများ၊ လေ့လာမှုများ၊ သတင်းအချက်အလက်များကို အခြေခံပြီး နောက်ဆုံးတွင် တိကျသည့် ဆုံးဖြတ်ချက်ကိုချနိုင်သည့် တွေးခေါ်မြော်မြင်မှု အဆင့်ဆင့် ပါဝင်သည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် အသက်အရွယ်အမျိုးမျိုးတွင် ကျင့်သုံးနိုင်သည်ဖြစ်၍ ဝေဖန်ပိုင်းခြား စဉ်းစားခြင်းကို စာသင်ခန်းများမှ စတင်နိုင်သည်။

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို မြှင့်တင်သည့် စာသင်ခန်းများသည် အောက်ပါအချက်များကို အဓိကထားသည်။

**(က) ကျောင်းသားများအတွက်**

(၁) ကျောင်းသားများ တက်ကြွစွာသင်ယူမှု

ကျောင်းသားများ၏ လေ့လာစုံစမ်းမှုနှင့် မေးခွန်းများ မေးမြန်းမှုကို အားပေးသည်။ သို့လိုသောအဖြေတခုကို ရရှိရန် စနစ်တကျ စူးစမ်းရှာဖွေမှုကို လေ့ကျင့်ပေးသည်။ ဤကဲ့သို့လေ့လာသင်ယူခြင်းဖြင့် ရရှိသည့် အသိဉာဏ်ဗဟုသုတသည် အလွတ်ကျက်မှတ်ခြင်းဖြင့် ရရှိသည့် ဗဟုသုတထက်ပို၍ အသုံးချနိုင်သည့်ပြင် ဆက်လက်လေ့လာသင်ယူမှုအတွက်လည်း အခြေခံဖြစ်သည်။ ပြဿနာများကိုလည်း ကိုယ်တိုင်ဖြေရှင်းသည်။

(၂) ဝေဖန်ပိုင်းခြားစဉ်းစားမှု

ဝေဖန်ပိုင်းခြားစဉ်းစားမှုသည် ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဆင်ခြင်မှု ဖြစ်သည်။ တခြားသူများ၏ တင်ပြချက်၊ ငြင်းဆိုချက်များကိုလည်း ကျိုးကြောင်းဆီလျော်မှု ရှိမရှိ၊ ယုတ္တိရှိမရှိ အထောက်အထားများကို ကြည့်၍ ဆင်ခြင်သုံးသပ်သည်။

(၃) သင်ယူမှုအပေါ် တာဝန်ရှိမှု

ကျောင်းသားများသည် လေ့လာစူးစမ်းသည့်နည်းဖြင့် သင်ယူသည်။ အကြောင်းအရာတခုအပေါ်တွင် စိတ်ဝင်စားမှု စတင်၍ စနစ်တကျ ခွဲခြမ်းစိတ်ဖြာလေ့လာသည်။ အချက်အလက် အထောက်အထားများကို အခြေခံလျက် လေ့လာမှုစွမ်းရည်ကို မြှင့်တင်သည်။ ထို့ပြင် ကျောင်းသားများသည် မိမိကိုယ်တိုင် စူးစမ်းလေ့လာထားသည့် အချက်အလက်များကိုလည်း ပိုင်ဆိုင်သည်။

(၄)အခြားသူများနှင့်ပူးပေါင်းသင်ယူခြင်း

ကျောင်းသားများသည် တခြားသူများ၏ တင်ပြချက်များကို လေးစားစွာ နားထောင်သည်။ မိမိပြောဆို တင်ပြစရာရှိလျှင်လည်း မိမိကိုယ်ကို ယုံကြည်မှုရှိစွာဖြင့် တင်ပြပြောဆိုသည်။ မိမိ၏ လေ့လာသင်ယူရရှိသည့် အချက်အလက်များကိုလည်း တခြားသူများသို့ ဖြန့်ဝေသည်။

(၅) ရာသက်ပန်သင်ယူသူများ

ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာသင်ယူမှုသည် ရာသက်ပန် သင်ယူမှုကို အထောက်အကူဖြစ်စေသည်။

**(ခ) ဆရာများအတွက်**

(၁) စာသင်ခန်းများကို ဖွံ့ဖြိုးစေခြင်း

ဆရာများသည် ကျောင်းသားများ၏ လေ့လာစူးစမ်းမှုအတွက် မေးခွန်းများ မေးရန် အားပေးသည်။ ကျောင်းသားအချင်းချင်း အပြန်အလှန်မေးမြန်း၊ ဖြေကြားခြင်းများကိုလည်း ရှင်သန်စေသည်။

(၂) လွတ်လပ်စွာ သင်ယူမှုနှင့် ဝေဖန်ပိုင်းခြားစဉ်းစားမှုကို မြှင့်တင်ခြင်း

ပညာရေးစိတ်ပညာအဆိုအရ သင်ယူမှုကို အကျိုးရှိစေသည့် နည်းစနစ်များကို ကျင့်သုံးသည်။ ဤနည်းစံနစ်များသည် ကျောင်းသားများ၏ စိတ်ဝင်စားစွာ မေးမြန်းမှုမှ စတင်သည်။ ဆက်လက်၍ စနစ်တကျလေ့လာစုံစမ်းသည်။ အထောက်အထားများကို အခြေခံ၍ ဆင်ခြင်သုံးသပ်သည်။ လေ့လာရရှိသည့်အချက်အလက်များကို အသုံးချနိုင်ရန် အကြံပြုသည်။ လေ့လာစူးစမ်းမှု အသစ်ကိုလည်း ဆက်လက်ဆောင်ရွက်သည်။

(၃) ဘာသာရပ်အသီးသီးတွင် အသုံးပြုခြင်း

လွတ်လပ်စွာ သင်ယူမှုနှင့် ဝေဖန်ပိုင်းခြားစဉ်းစားမှုကို ထက်သန်စေသည့် နည်းလမ်းများကို ဘာသာရပ်အသီးသီးတွင် အသုံးပြုနိုင်သည်။ ပြဿနာများကို စနစ်တကျ ဖြေရှင်းခြင်း၊ ဝေဖန်ပိုင်းခြား စဉ်းစားမှုပါဝင်သည့် စာရေးခြင်းနှင့် စာဖတ်ခြင်း၊ စုပေါင်းသင်ယူခြင်း၊ ဆွေးနွေးခြင်း၊ ကျိုးကြောင်းဆီလျော်စွာ အထောက်အထားပြ၍ ငြင်းဆိုခြင်းနည်းလမ်းများကို အသုံးပြုနိုင်သည်။

(၄) နက်ရှိုင်းစွာတွေးခေါ်တတ်သော၊ လက်တွေ့ကျသော ဆရာ/ဆရာမများ

ဆရာ၊ ဆရာမများကိုယ်တိုင် သင်ကြားသည့် နည်းစနစ်များကို လေ့လာသင်ယူခြင်း၊ ဂရုတစိုက် လေ့လာစူးစမ်းခြင်း၊ အခက်အခဲများကို ရင်ဆိုင်ခြင်း၊ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နည်းလမ်းများကို ကြံဆခြင်းတို့ကို ပြုလုပ်သည်။

အထက်ပါ ဝေဖန်ပိုင်းခြား စဉ်းစားမှုကို ထက်သန်စေသည့် သင်ကြားနည်းနှင့် သင်ယူနည်းများသည် တည်ဆဲ သင်ရိုးညွှန်းတမ်းများကိုလည်း အသုံးပြုနိုင်သည်။ မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်လာသည့် သင်ရိုးညွှန်းတမ်းများသည် ပုံသေ သတ်မှတ်ထားသည့် ဖတ်စာအုပ်များအပေါ်တွင် အခြေမခံတော့ဘဲ အခြားစာအုပ်စာတမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များကို လေ့လာသင်ယူမှုတွင် ပါဝင်လာစေနိုင်သဖြင့် လက်ရှိပြဋ္ဌာန်းထားသည့် ဖတ်စာအုပ်များသည်လည်း အထောက်အထားများအဖြစ် ဆက်လက်အသုံးပြုနိုင်သည်။

မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုတွင် အရေးကြီးသည့်ကဏ္ဍတခုဖြစ်သည့် ဝေဖန်ပိုင်းခြားစဉ်းစားမှုကို ထက်သန်စေသည့် စာသင်ခန်းများ ဖွံ့ဖြိုးရေးသည် ဆရာ၊ ဆရာမများ၏ ပခုံးပေါ်တွင် ကျရောက်လျက်ရှိပါသည်။ ဆရာ၊ ဆရာမများသည် ပညာရေး ပြုပြင်ပြောင်းလဲမှုတွင် တက်ကြွစွာ ပါဝင်လာကြပါရန် ဤစာတမ်းဖြင့် တိုက်တွန်းအပ်ပါသည်။

❖ ❖ ❖

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် ခိုင်လုံသည့် အထောက်အထားများ၊ လေ့လာမှုများ၊ သတင်းအချက်အလက်များကို အခြေခံပြီး နောက်ဆုံးတွင် တိကျသည့် ဆုံးဖြတ်ချက်ကိုချနိုင်သည့် တွေးခေါ်မြော်မြင်မှုအဆင့်ဆင့် ပါဝင်သည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် အသက်အရွယ်အမျိုးမျိုးတွင် ကျင့်သုံးနိုင်သည်ဖြစ်၍ ဝေဖန်ပိုင်းခြား စဉ်းစားခြင်းကို စာသင်ခန်းများမှ စတင်နိုင်သည်။

# အိန္ဒိယမှ နအဖကို လက်နက်များ တင်ပို့ရောင်းချ စစ်ရေးပူးပေါင်းဆောင်ရွက်မှု လျှို့ဝှက်ပြုလုပ်နေ

တရုတ်နိုင်ငံ၏ ဒေသတွင်း ဩဇာ ဖြန့်ကျက်လွှမ်းမိုးမှုကို ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာစစ်အစိုးရနှင့် နီးကပ်စွာ ဆက်ဆံသည့်မူဝါဒ၏ အစိတ်အပိုင်းတရပ်အဖြစ် မြန်မာပြည်ကို လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံက တရားဝင် ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုလို မြန်မာပြည်သို့ လက်နက်များ ရောင်းချခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာရေးအတွက် မရှိမဖြစ် လိုအပ်သောအချက်ဖြစ်ကြောင်း နယူးဒေလီ ရုပ်သံဌာန NDTV သို့ ပေးပို့သည့် အိန္ဒိယကာကွယ်ရေးဝန်ကြီး၏ ကြေညာချက်က ဖော်ပြထားသည်။ (၇၅)မီလီမီတာရှိသည့် အမြောက်ကြီး အလက်(၁၀)အပါအဝင် လက်နယ်ငယ်များစွာနှင့် ခဲယမ်းမီးကျောက်များ မြန်မာနိုင်ငံသို့ ရောင်းချခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားပြီး ယခုနှစ်ဆန်းပိုင်းကလည်း အနောက်ဘင်္ဂလားပြည်နယ် ဘင်နာဂူရီဒေသမှ လက်နက်ငယ်များ ကျည်ဆန်များအား မြန်မာနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ အိန္ဒိယအနေဖြင့် ထွက်ကုန်တိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးရေးမူဝါဒ၏ အစိတ်အပိုင်းတရပ်အဖြစ် မြန်မာပြည်အပါအဝင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချသွားရေးကို စိတ်ပါဝင်စားမှု ရှိနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် မြန်မာစစ်အုပ်စုနှင့် လျှို့ဝှက်သော စစ်ရေးပူးပေါင်းဆောင်ရွက်မှုများရှိနေကြောင်း NDTV က ပြောဆိုခဲ့ပြီး နအဖထိပ်သီးခေါင်းဆောင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား ဆေးကုသခွင့်ပေးထားပြီး ၎င်းတို့သားသမီးများ ပညာရေးအတွက် အိန္ဒိယတက္ကသိုလ်များတွင် လက်ခံပညာသင်ကြားပေးနေကြောင်း သိရသည်။

အိန္ဒိယသည် လွန်ခဲ့သည့်(၂)နှစ်ကလည်း မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရူပီးငွေ (၂)ကုဋေကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရသည်။ ❖



**မေ (၄)ရက်။**
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရမှ ဘဏ္ဍာရေးတာဝန်ခံ ဦးဘိုလှတင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များသည် ထိုင်းမြန်မာနယ်စပ်တနေရာတွင် လက်ရှိနိုင်ငံရေးအခြေအနေများအပေါ် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး ရှေ့ဆက် ပူးပေါင်းဆောင်ရွက်သွားကြရမည့် လုပ်ငန်းများအား ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ ❖

# ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများ

| စဉ် | နိုင်ငံရေးပါတီ | ယှဉ်ပြိုင်သော မဲဆန္ဒနယ် | အနိုင်ရသော မဲဆန္ဒနယ် | အနိုင်ရရှိမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၇ | ၃၉၂ | ၈၀.၈၂ |
| ★ ၂။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၅၈ | ၂၃ | ၄.၇၄ |
| ★ ၃။ | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် | ၂၅ | ၁၁ | ၂.၂၇ |
| ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၃ | ၁၀ | ၂.၀၆ |
| ★ ၅။ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ | ၁၉ | ၅ | ၁.၀၃ |
| ၆။ | အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ | ၈ | ၄ | ၀.၈၂ |
| ★ ၇။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃ | ၃ | ၀.၆၂ |
| ★ ၈။ | ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် | ၉ | ၃ | ၀.၆၂ |
| ၉။ | အမျိုးသားဒီမိုကရေစီပါတီ | ၃ | ၃ | ၀.၆၂ |
| ★ ၁၀။ | ပြည်ထောင်စုပအိုဝ်းအမျိုးသားများအဖွဲ့ချုပ် | ၁၅ | ၃ | ၀.၆၂ |
| ★ ၁၁။ | ဇိုမီးအမျိုးသားကွန်ဂရက် | ၄ | ၂ | ၀.၄၁ |
| ★ ၁၂။ | နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ | ၆ | ၂ | ၀.၄၁ |
| ★ ၁၃။ | ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် | ၈ | ၂ | ၀.၄၁ |
| ★ ၁၄။ | တအောင်း(ပလောင်)အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉ | ၂ | ၀.၄၁ |
| ★ ၁၅။ | ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ | ၃ | ၂ | ၀.၄၁ |
| ၁၆။ | ဒီမိုကရေစီပါတီ | ၁၀၅ | ၁ | ၀.၂၁ |
| ၁၇။ | ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့ | ၁၀ | ၁ | ၀.၂၁ |
| ၁၈။ | မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ | ၃ | ၁ | ၀.၂၁ |
| ★ ၁၉။ | ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ် | ၃ | ၁ | ၀.၂၁ |
| ★ ၂၀။ | ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၂ | ၁ | ၀.၂၁ |
| ★ ၂၁။ | ပြည်ထောင်စု ခနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄ | ၁ | ၀.၂၁ |
| ★ ၂၂။ | ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃ | ၁ | ၀.၂၁ |
| ★ ၂၃။ | မရာပြည်သူ့ပါတီ (မ-ပ-ပ) | ၄ | ၁ | ၀.၂၁ |
| ၂၄။ | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ | ၂၄၇ | ၁ | ၀.၂၁ |
| ★ ၂၅။ | မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ (မ-ခ-မ-ည-ဖ) | ၄ | ၁ | ၀.၂၁ |
| ★ ၂၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇ | ၁ | ၀.၂၁ |
| ★ ၂၇။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် | ၄ | ၁ | ၀.၂၁ |
| | တသီးပုဂ္ဂလ | ၈၇ | ၆ | ၁.၂၄ |

★ တိုင်းရင်းသားလူမျိုးစုပါတီအဖွဲ့အစည်းများ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၃)နှစ်မြောက်အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)၌ ကျင်းပပြုလုပ်

**မေ၊ (၂၇)ရက်။**

(၁၃)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အခမ်းအနားကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ကြီးမှူး၍ မေလ(၂၇)ရက်နေ့ မွန်းလွဲ (၁၃း၀၀)နာရီတွင် လွတ်မြောက်နယ်မြေတနေရာ၌ ကျင်းပပြုလုပ်ခဲ့သည်။



(၁၃) နှစ်မြောက်ရွေးကောက်ပွဲနှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပပြုလုပ်နေစဉ်

ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ ဦးတင်အောင်မှ ဆောင်ရွက်၍ ရေနံချောင်းမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ကျော်ဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် စည်းရုံးရေးကော်မတီ ဒုဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန်းထွဋ်တို့မှ ရွေးကောက်ပွဲကာလ အတွေ့အကြုံများနှင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို ဆွေးနွေးပြောကြားပြီးနောက် အခမ်းအနားကို မွန်းလွဲ (၁၅း၀၀)နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# ရွေးကောက်ပွဲသစ် လက်မခံ

၁၉၉၀ ပြည့်နှစ်တွင် အာဏာပိုင်များက ဥပဒေများ ထုတ်ပြန်ခဲ့ပြီး လွတ်လပ်၍ တရားမျှတစွာ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး၏ ရလဒ်ကို ဖော်ဆောင်မပေးမချင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံက နှစ်စဉ်နှစ်တိုင်း ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ဖြစ်သော ပြည်သူလူထု၏ဆန္ဒကို လိုက်နာဆောင်ရွက်မှုမပြုမချင်း နောက်ထပ် ရွေးကောက်ပွဲတခုကျင်းပခြင်းကို လက်ခံနိုင်မည် မဟုတ်ပေ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ 
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

[၂၀၀၃ ခုနှစ် ဇန်နဝါရီလ (၄)ရက်၊ ၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာစာတမ်း ကြေညာချက်အမှတ် ၁(၁/၀၃) မှ ကောက်နုတ်ချက်]

# မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ကျော်ဟန်နှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခြင်း



❑ **အကယ်၍ နအဖ က နောက်ထပ် ရွေးကောက်ပွဲအသစ်လုပ်မယ်ဆိုရင်။**

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၉၀)ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြု အကောင်အထည် မဖော်ဘဲနဲ့ နောက်ထပ် ရွေးကောက်ပွဲအသစ် လုပ်မယ်ဆိုရင် လက်မခံဘူးဆိုတာ တိတိလင်းလင်း ကြေညာထားပြီးသားပါ။

❑ **နအဖ က (၉၀)ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည် ဖော်ပေးလိမ့်မယ်လို့ ထင်ပါသလား။**

❍ ခုချိန်ထိတော့ နအဖ ဘက်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်မယ့် အရိပ်လက္ခဏာ မတွေ့ရသေးပါဘူး။ ဒါပေမယ့် ပြည်သူ့ဆန္ဒကို အမှန်တကယ်လေးစားရင်၊ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို လေးစားတယ်ဆိုရင် (၉၀)ပြည့်ရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ခဲ့မှာပါ။ ပြည်သူ့ဆန္ဒနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို ခုလို (၁၃)နှစ်ကြာတဲ့တိုင်အောင် မလေးမခန့် လုပ်နေမှာ မဟုတ်ပါဘူး။

❑ **ခုလို နအဖ က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာ ဘာ့ကြောင့်လို့ ထင်ပါသလဲ။**

❍ အရှင်းဆုံးပြောရရင် အာဏာရူးလို့ပါ။ အတိုက်အခံတွေကို ဖြတ်လမ်းနည်းနဲ့ အာဏာကို အရူးအမူးရယူချင်နေကြတယ်လို့ နအဖ ခေါင်းဆောင်တွေက မကြာခဏပြောလေ့ရှိပါတယ်။ လူထုက သူတို့ရဲ့ ကိုယ်ပိုင်ဆန္ဒတွေနဲ့ (၉၀)ပြည့်ရွေးကောက်ပွဲမှာ သူတို့ပိုင်တဲ့ နိုင်ငံအုပ်ချုပ်ရေးအာဏာကို သူတို့ကြိုက်တဲ့ပါတီနဲ့ ကိုယ်စားလှယ်တွေ ရွေးပြီး တရားဝင်အပ်နှင်းလိုက်ပြီးဖြစ်တာမို့ ဖြတ်လမ်းနည်း မဟုတ်သလို၊ အာဏာရူးတာလဲ မဟုတ်ပါဘူး။ ဘယ်ပြည်သူကမှ မတင်မြှောက်ဘဲ ကိုယ့်ဘာသာ လက်နက်အားကိုးနဲ့ အာဏာကို မတရား ရယူထားပြီး ပြည်သူတွေထံ ပြန်မအပ်တာကသာ အာဏာရူးတာ ဖြစ်ပါတယ်။

❑ **ဒေါ်စုခရီးစဉ်တွေမှာ အနှောင့်အယှက်ပေးနေတာတွေနဲ့ ပတ်သက်လို့။**

❍ ဒေါ်စုခရီးစဉ်တွေမှာ အနှောင့်အယှက်ပေးနေကြသူတွေကို မီဒီယာတွေကရော၊ အဖွဲ့ချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ကပါ ကြံ့ဖွံ့အဖွဲ့ကလို့ ဆိုပါတယ်။ ကျနော့်အမြင်ကတော့ ကြံ့ဖွံ့ကို ဘယ်သူတွေက ဦးဆောင်ပြီး ဖွဲ့ထားတာလဲ၊ နအဖ ပါ။ ကြံ့ဖွံ့က နအဖရဲ့ လက်ကိုင်တုတ်ပါ။ ဒါကြောင့် အခု ဒေါ်စုခရီးစဉ်တွေမှာ အနှောင့်အယှက်ပေးနေတာတွေက နအဖ ပါ၊ ကြံ့ဖွံ့လို့ဆိုရင် မပြည့်စုံပါဘူး။ အပေါ်က အမိန့်နဲ့ ညွှန်ကြားချက်မရရင် အောက်ခြေက ဘာမှ မလုပ်ရဲပါဘူး။

❖ ❖ ❖

# ၁၉၉၀ ပြည့်ရွေးကောက်ပွဲအား ချဉ်းကပ်ရှုမြင် သုံးသပ်ခြင်း

## ရဲဘွင့်

၂၀၀၃ ခုနှစ်၊ မေလ(၂၇)ရက်နေ့ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့တာ (၁၃)နှစ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီရွေးကောက်ပွဲကနေတဆင့် ဖော်ပြခဲ့တဲ့ ပြည်သူတွေရဲ့ နိုင်ငံရေးမျှော်မှန်းချက်မှာတော့ ယနေ့တိုင် အကောင်အထည် ပေါ်မလာနိုင်ခဲ့ပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မဲဆန္ဒနယ်ပေါင်း (၄၈၅)နေရာအနက် (၃၉၂)နေရာ (၈၂–ရာခိုင်နှုန်းကျော်) အပြတ်အသတ် အနိုင်ရရှိခဲ့တာဖြစ်တယ်။ ဒီလိုရွေးကောက်ပွဲမှတဆင့် ဒီမိုကရေစီပတ်ဝန်းကျင်သစ်တရပ်ကို ဖန်တီးပြီး တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးမယ့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ အုပ်ချုပ်ရေးစနစ်တရပ်ကို ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပေါ်ထွန်းလာစေရေး ကျရောက်နေတဲ့ သမိုင်းပေးတာဝန်ပဲ ဖြစ်တယ်။




ဒါပေမယ့် ပြည်သူတွေရဲ့ လိုအင်ဆန္ဒကို မျက်ကွယ်ပြုပြီး သမိုင်းလှည်းဘီးကို နောက်ပြန်လှည့်လိုသူ စစ်အုပ်စုရဲ့ အာဏာ ငန်းဖမ်းမှုကြောင့် မြန်မာပြည်ဒီမိုကရေစီ ဖြစ်ပေါ်တိုးပွားလာမှုဟာ ရပ်တံ့နေပါတယ်။ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေနဲ့ ကြုံတွေ့နေရတယ်။ ရလဒ်ကတော့ မြန်မာပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်အသီးသီးမှာ ကမောက်ကမဖြစ်စဉ်များ ပေါ်ပေါက်လာခြင်းပါပဲ။ အမျိုးသားရေးလက္ခဏာ တစထက်တစ ပပျောက်နေပြီး လူမှုရေး မတည်ငြိမ်မှုများ၊ စီးပွားရေး မညီမျှမှုများ ပိုမိုတိုးပွားလာနေပါတယ်။ အမျိုးသား သွေးကွဲမှုကြီးတရပ်နဲ့ ကြုံတွေ့နေရပြီး တိုင်းပြည်ပြိုကွဲပျက်စီးမယ့် အန္တရာယ်နဲ့လဲ ရင်ဆိုင်နေရပါတော့တယ်။ ဒီအတွက် ဘယ်သူတွေမှာ ဘယ်လို တာဝန်ရှိကြသလဲ၊ လက်သည်တရားခံဟာ ဘယ်သူလဲ၊ ပြည်သူတွေရဲ့ အခန်းကဏ္ဍနဲ့ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဘယ်လိုဆက်စပ်မလဲ၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို ဘယ်ပုံဘယ်နည်း ပြန်လည်တည်ဆောက်ကြမလဲ ဆိုတာ ဒီနေ့ဒီအချိန်မှာ လေ့လာသုံးသပ်ဖို့ လိုအပ်လာပါတယ်။

**ပထမအချက်အနေနဲ့ ....**

၁၉၉၀ ပြည့် ရွေးကောက်ပွဲဟာ ဘယ်လို ရွေးကောက်ပွဲမျိုးလဲဆိုတာ လေ့လာသုံးသပ်ဖို့ လိုပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တရပ်အောက်မှာ ပြည်သူတွေကို အုပ်ချုပ်မယ့် အစိုးရတရပ်ကို ပြည်သူတွေကပဲ ရွေးချယ်တင်မြှောက်တဲ့ သမရိုးကျ ရွေးကောက်ပွဲရဲ့ သဘောတရားမျိုး လုံးဝ မဆောင်ပါဘူး။ အနှစ်သာရအရ ၁၉၉၀ ပြည့် ရွေးကောက်ပွဲဟာ 'ရွေးကောက်ပွဲ (EsLection)' ဆိုတာထက် 'ပြည်သူ့ဆန္ဒခံယူပွဲ (Referendum)' ဆိုရင် ပိုပြီးမှန်ပါတယ်။ အမှန် တော့ စစ်အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီ စနစ်ကို ပြည်သူလူထုက ပြတ်ပြတ်သားသား စည်းခြားလိုက်တဲ့ ပွဲပါပဲ။ စစ်အာဏာရှင်ကို ချွင်းချက်မရှိ လုံးဝ ပယ်ချလိုက်ပြီး ဒီမို ကရေစီစနစ်ကို ထူထောင်ဖို့ အမိဋ္ဌာန်ပြုတဲ့ ပြည်သူ့အမိဋ္ဌာန်ပြုပွဲပါ။ ပြည်သူလူထုတရပ်လုံးဟာ ၁၉၉၀ ပြည့် ရွေးကောက်ပွဲရဲ့ သဏ္ဌာန်ပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးပွားမှုကို အနှစ်သာရရှိစွာ အသုံးချပြီး လူထုနည်းနဲ့ တိုက်ပွဲဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲဟာ ပါတီတရပ်၊ အဖွဲ့စည်းတခု၊ လူပုဂ္ဂိုလ်တဦးတယောက် အတွက် ပေါ်ပေါက်ခဲ့တာ မဟုတ်ဘဲ တနိုင်ငံလုံးအတိုင်းအတာဆောင်တဲ့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရေးဆိုင်ရာ လူထုလှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ တပါတီ၊ တဖွဲ့တစည်း၊ တဦးတယောက်ရဲ့ အောင်ပွဲ မဟုတ်၊ (NLD)ရဲ့ အောင်ပွဲ မဟုတ်၊ ပြည်သူလူထုကြီးတရပ်လုံးရဲ့အောင်ပွဲ ဖြစ်ပါတယ်။

**ဒုတိယအချက်ကတော့ –**

သမိုင်းဆိုင်ရာ သင်ခန်းစာများကို ခြုံငုံဆင်ခြင်ပြီး ၁၉၉၀ ရွေးကောက်ပွဲရဲ့ အနှစ်သာရပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးပွားမှုများနဲ့ ဆက်စပ်သုံးသပ်ဖို့ပါပဲ။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲလို အနှစ်သာရသဘောဆောင်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ဧပြီလ (၉)ရက်နေ့မှာ ကျင်းပခဲ့ဖူးပါတယ်။ ဒီရွေးကောက်ပွဲ ဖြစ်ပေါ်လာပုံက–

၁၃–၁–၄၇ နေ့က လန်ဒန်မြို့၊ ဒေါင်းနင်းလမ်း၊ အိမ်အမှတ် (၁၀)မှာရှိတဲ့ အင်္ဂလိပ်လန်ဒန်ဝန်ကြီးချုပ်ရဲ့နေအိမ်မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဗြိတိသျှအစိုးရတို့ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။

ဒီဆွေးနွေးပွဲမှာ ဗိုလ်ချုပ်က "မြန်မာနိုင်ငံမှာတော့ ၁၉၃၅ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေနဲ့၊ ၁၉၄၅ ခုနှစ် စက္ကူဖြူစာတမ်းတို့ဟာ အလွန်လူကြိုက်နည်းနေပါတယ်။ မြန်မာပြည်သူတွေက မျှော်လင့်ချက်ထားနေတာကိုလည်း ဆက်လက်ပြောလိုပါတယ်။ မြန်မာပြည်သူတွေက စီမံကိန်းအသစ်တရပ်ကို မျှော်လင့်နေကြပါတယ်။ အဲဒီစီမံကိန်းအသစ်ဆိုတာကတော့ ကျနော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးရာ စီမံခန့်ခွဲမှုမှာ မြန်မာပြည်သူတွေ ပါဝင်ခွင့်ရရှိပြီး လွတ်လပ်ရေးရသည်အထိ တိုးတက်ဖြစ်ပေါ်စေမယ့် စီမံကိန်းမျိုးကို ဆိုလိုပါတယ်။ ကျနော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ အဲဒီ စီမံကိန်းအသစ်တခုကို ဘုရင်မင်းမြတ်အစိုးရထံက ရရှိလာလိမ့်မယ်လို့ မြန်မာပြည်သူတွေ မျှော်လင့်နေကြပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

စီမံကိန်းအသစ်တရပ် (ဝါ) ၁၉၃၅ ခုနှစ် ၉၁ ဌာန အုပ်ချုပ်ရေးနှင့် ၁၉၄၅ ခုနှစ် စက္ကူဖြူစာတမ်းကို ပယ်ဖျက်ပြီး လွတ်လပ်တဲ့ မြန်မာပြည်မှာ ကျင့်သုံးမယ့် အခြေခံဥပဒေတရပ်ကို ရေးဆွဲဖို့ ရည်ရွယ်ပြီး တိုင်းရင်းသားလူမျိုးများပါ ပါဝင်နိုင်ခွင့်ရှိတဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပပေးဖို့ တောင်းဆိုခဲ့ပါတယ်။

ဗိုလ်ချုပ် တင်ပြတဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပရေးကို ဗြိတိသျှအစိုးရက သဘောတူပြီး ၁၉၄၇ ဇန်နဝါရီလ(၂၇)ရက်နေ့မှာ ချုပ်ဆိုတဲ့ အောင်ဆန်း–အက်တလီစာချုပ်မှာ ထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။ အောင်ဆန်း–အက်တလီစာချုပ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်က ပြည်သူ့ရဲဘော်ညီလာခံမှာ "ငါတို့ နိုင်ငံရေးလုပ်တာ လွတ်လပ်ရေး ရဖို့ဖြစ်တယ်။ လွတ်လပ်ရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရမယ်ဆိုရင် ငြိမ်းချမ်းတဲ့နည်းနဲ့ လုပ်ရမယ်။ အဲဒီလို မရမှသာ အကြမ်းဖက်တဲ့ လက်နက်ကိုင်နည်းကို သုံးမယ်။ ငါ အခု ရွေးလာတဲ့ အနုနည်းဟာ အောင်မြင်မယ်ဆိုရင် ပြည်သူတွေ မသေမပျောက်ဘူး။ အလွန် သက်သာမယ်။ ပြည်သူတွေ သက်သာတဲ့နည်းလမ်းကို ငါ ရွေးတာပဲ။ အနုနည်းနဲ့ မရရင်တော့ ချရမှာပဲ။ အခုဟာက ရဖို့ သေချာသလောက် ရှိပါပြီ။ ဒါပေမယ့် လွတ်လပ်ရေး မရမချင်း နှစ်မျိုးစလုံးကို ပြင်ထားရမယ်"လို့ သူရဲ့ လွတ်လပ်ရေးတိုက်ပွဲနဲ့ ပတ်သက်ပြီးထားရှိတဲ့ သေနင်္ဂဗျူဟာကို ရှင်းပြခဲ့တယ်။

ပြည်သူ့ရဲဘော်များအားလည်း "မင်းတို့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အရွေးခံရမယ်"ဟုလည်း တိုက်တွန်းအားပေးခဲ့တယ်။

နောင်ဆက်လုပ်ရမယ့် လုပ်ငန်းများနဲ့ ပတ်သက်ပြီး –

"အခုလွှတ်တော်က အရေးကြီးတယ်။ တကယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲပြီးလို့ လွတ်လပ်ရေး မပေးဘူးလို့ အင်္ဂလိပ်ကငြင်းရင် ဒီလွှတ်တော်ကနေပြီး လွတ်လပ်ရေး ကြေညာမယ်။ ဒီအခါမှာ လွှတ်တော်ဟာ သူပုန်လွှတ်တော် ဖြစ်သွားမယ်။ အမတ်တွေကလည်း သူပုန်အမတ်တွေ ဖြစ်လိမ့်မယ်။ အခြေအနေအရ အမတ်တွေဟာ အဲဒီအခါမှာ စစ်ထွက်တိုက်ရမယ်။ အဲသလိုမျိုးတွေ မင်းတို့လုပ်ရမယ်။ တောင်ရှည်ပုဆိုးဝတ်ပြီး ခေါင်းပေါင်းကြီးစွပ်လာတဲ့ လူကြီးတွေက အဲဒီလိုအလုပ်မျိုးတွေ ထလုပ်ချင်ဦး၊ လုပ်ချင်ဦးတော့လည်း သူတို့မလုပ်တတ်ဘူး။ မင်းတို့ စစ်တိုက်ဖို့ အရေးကြုံလာရင် စစ်တိုက်ဖို့ပဲ။ လွှတ်တော်မှာ ဥပဒေကျွမ်းကျင်သူ (၇၀–၈၀)ပါရင် လုံလောက်တယ်။ ဥပဒေတွေ လွှတ်တော်ထဲ ဝင်လာတဲ့အခါမှာ သဘောတူသလားလို့ လွှတ်တော်ဥက္ကဋ္ဌက မေးရင် တူပါတယ်လို့ အော်ရုံပဲ။ တခါတရံမှာ တူတဲ့လူ လက်ညှိုးထောင်ပါဆိုရင် လက်ညှိုးထောင်ရုံပဲ။ မင်းတို့ လက်ညှိုးမထောင်တတ်ဘူးလား"ဟုဆိုပြီး ရှင်းရှင်းပြတ်ပြတ် လွတ်လပ်ရေးအတွက် စိတ်အားထက်သန်စွာ ညွှန်ကြားခဲ့တယ်။

ဗြိတိသျှနယ်ချဲ့ဟာ ကတိအတိုင်း ၁၉၄၇ ခုနှစ် ဧပြီလ(၉)ရက်နေ့မှာ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ရတယ်။ သခင်စိုးရဲ့ အလံနီကွန်မြူနစ်ပါတီ၊ ဒေါက်တာဘမော်ရဲ့ မဟာဗမာအဖွဲ့နဲ့ ဦးစောရဲ့ မျိုးချစ်ပါတီတို့က ရွေးကောက်ပွဲမှာ ပါဝင်မယှဉ်ပြိုင်ဘဲ သပိတ်မှောက်ကြတယ်။ ဒါပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ကတော့ ရွေးကောက်ပွဲဝင်တယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လူထုက ပြတ်ပြတ်သားသား ထောက်ခံမှုပေးခဲ့သလို ၁၉၄၇ ရွေးကောက်ပွဲမှာလည်း ဗိုလ်ချုပ်ခေါင်းဆောင်တဲ့ ဖဆပလ အမတ်များကို လူထုက ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့ ဖဆပလဟာ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်(၂၅၅)ရှိတဲ့ လွှတ်တော်မှာ အမတ်ဦးရေ (၂၄၈)၊ ရာခိုင်နှုန်း (၉၅.၃၂)နဲ့ အပြတ်အသတ် အနိုင်ရခဲ့တယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲဟာ စစ်အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီစနစ် စည်းခြားတဲ့ လူထုဆန္ဒခံယူပွဲဖြစ်သလို ၁၉၄၇ ရွေးကောက်ပွဲဟာလည်း တနှစ်အတွင်း လုံးဝလွတ်လပ်ရေးနဲ့ ဗြိတိသျှနယ်ချဲ့အောက်မှာ ဆက်လက်နေရေးကို စည်းခြားတဲ့ လူထုဆန္ဒ ခံယူပွဲ ဖြစ်ပါတယ်။

ဒါပေမယ့် ၁၉၄၇ ရွေးကောက်ပွဲရလဒ်နဲ့ ယင်းရလဒ်ရဲ့ အကျိုးဆက်အဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ မူလမ်းညွှန် (၇)ချက်ကို ချမှတ်ခဲ့တယ်။ အဲဒီကမှတဆင့် ၁၉၄၇ အခြေခံဥပဒေကို ရေးဆွဲပြီး ၁၉၄၈ ဇန်နဝါရီ (၄)ရက်နေ့မှာ လုံးဝလွတ်လပ်ရေးကို ရယူနိုင်ခဲ့တာဖြစ်တယ်။ ဒါပေမယ့် ၁၉၉၀ ပြည့် မေလ ရွေးကောက်ပွဲရဲ့ ရလဒ်အဖြစ် ပြည်သူ့လွှတ်တော်ကို ယခုအချိန်ထိ ခေါ်ယူကျင်းပနိုင်ခြင်း မရှိသေးပါဘူး။



ရွေးကောက်ပွဲအပြီး ဇွန်လ(၂၈–၂၉)




**ပြည်သူလူထုရဲ့ သွေးချွေးနဲ့ ရင်းခဲ့ရတဲ့**
**အသဲကြားက မဲတပြားဖြင့် ပြည်သူ့ဆန္ဒကို ဖော်ထုတ်ခဲ့ကြတယ်**

ရက်နေ့မှာကျင်းပတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး (၂/၉၀)မှလည်း –

(၁) ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊

(၂) ပြည်သူလူထုဆန္ဒနှင့်အညီ အေးချမ်းချောမွေ့စွာ အာဏာလွှဲပြောင်းရေး၊

(၃) အဝေးရောက် ကျောင်းသားလူငယ်များ မိဘရင်ခွင် ပြန်ရောက်ရှိပြီး တက္ကသိုလ်ကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေး

– တို့ကို တပိုင်တည်း တပေါင်းတည်း ကြိုးပမ်းရန် လက်ငင်းအရေးတကြီး တာဝန်အဖြစ် ကြိုးပမ်းရန် ဆုံးဖြတ်ခဲ့ပါတယ်။ နည်းလမ်းရှိသ၍လည်း ကြိုးပမ်းခဲ့တယ်။

ဒ့ါအပြင် ၁၉၉၀ ပြည့် ဇူလိုင် (၂၈–၂၉)ရက်နေ့မှာ "ဂန္ဒီခန်းမညီလာခံကြီး"လို့ အမည်တွင်ကျန်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့နဲ့ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးပွဲကို ကျင်းပပြီး ဒီအစည်းအဝေးက နဝတအား "၁၉၉၀ ခုနှစ် စက်တင်ဘာအတွင်း ပြည်သူ့လွှတ်တော်အား ခေါ်ယူဖွဲ့စည်းပေးရန်" တောင်းဆိုခဲ့သည်။

အမျိုသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကို ခေါ်ယူပြီး ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရယူရေးအတွက် အကြိမ်ကြိမ် တောင်းဆိုခဲ့သလိုပဲ ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှာ အာဏာလွှဲပြောင်းရေးနဲ့စပ်လျဉ်းပြီး ဗြိတိသျှအစိုးရကို ရာဇသံ ပေးခဲ့ဖူးတယ်။

"အဲဒီတော့ အဲ့ဒီလို အာဏာလွှဲပြောင်းတဲ့ကိစ္စမှာ စကားများပြီး အကျယ်အကျယ်ဖြစ်လာရင် အာဏာလွှဲပြောင်းမှု အခက်အခဲတွေ ပေါ်လာရင်တော့ ဒီအပြင် တနည်းတလမ်း စဉ်းစားတန် စဉ်းစားရလိမ့်မယ်။"

ဗိုလ်ချုပ်တို့လက်ထက် ၁၉၄၇ ခုနှစ် ရွေးကောက်ပွဲကတဆင့် ရွေးကောက်ပွဲရလဒ်များနဲ့ အကျိုးဆက်များဟာ နောက်ဆုံးလွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်တဲ့အထိ ပွားများခဲ့တယ်။ ဒါပေမယ့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလာဒ်များကတော့ ဘာတခုမှ အကောင်အထည်ပေါ်မလာခဲ့ဘူး။

**ဘာကြောင့်လဲ?**

**ဘယ်သူတွေကြောင့် ဒီလိုဖြစ်နေသလဲ?**

အဓိကတာဝန်ရှိသူကတော့ ဗိုလ်နေဝင်း



ခေါင်းဆောင်တဲ့ နေဝင်းစစ်အာဏာရှင်စနစ်ပဲ။ ရွေးကောက်ပွဲရလာဒ်ကို ဟန့်တား ပိတ်ဆို့ထားတဲ့ စစ်အာဏာရှင်စနစ်ကို ကိုယ်စားပြုသူအားလုံးဟာ သမိုင်းရဲ့ တရားခံပဲ ဖြစ်ပါတယ်။

တခြားဘက်က သုံးသပ်မယ်ဆိုရင် ဗြိတိသျှနယ်ချဲ့စနစ်ထက်ပိုပြီး နေဝင်း စစ်အာဏာရှင်စနစ်က ပိုမိုဆိုးသွမ်းနေလို့လား၊ ပိုမိုရက်စက်နေလို့လား။

အချက်တချက်အနေနဲ့ ဒီအချက်ဟာ အငြင်းပွားစရာ မလိုပေမယ့်လဲ အဓိကအကြောင်းတရားကတော့ မိမိအကြောင်းတရားပဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းတရားတွေကတော့ –

(၁) ဖဆပလတပ်ပေါင်းစုဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နှိုင်းယှဉ်ချက်အရ အဲ့ဒီအချိန်အခါက (အချိန်နှိုင်းယှဉ်ချက်အရ ၁၉၄၇၊ ၁၉၉၀) ပိုပြီး အမျိုးသားရေးလက္ခဏာဆောင်တဲ့ တပ်ပေါင်းစုဖြစ်တယ်။ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပါဝင်ပြီး လူထုလူတန်းစားအားလုံးရဲ့ တခဲနက်ထောက်ခံမှု ရရှိထားတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ၁၉၈၈ မှာ တိုက်ပွဲကြားထဲက ပေါ်ထွက်လာတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုပေမယ့် အတွေ့အကြုံအားဖြင့် နုနယ်တယ်။ အဖွဲ့ချုပ် (League) ဖြစ်တယ်ဆိုပေမယ့် လက်တွေ့မှာ ပါတီ (Party) အသွင် ဆောင်နေတယ်။ ဆိုလိုတာက NLD ဟာ တပ်ပေါင်းစု (သို့) အဖွဲ့ချုပ်တရပ်ရဲ့တာဝန်မျိုး တိုက်စစ်တွေမှာ မထမ်းဆောင်နိုင်ခဲ့သေးဘူး။ ဒီထက် ကျယ်ပြန့်စွာ စုစည်းဖို့ လိုလာတယ်။ တဘက်ကလည်း မြန်မာပြည် နိုင်ငံရေးရဲ့ ဆိုးဝါးမှုဖြစ်တဲ့ မလိုမုန်းတီး ဂိုဏ်းဂဏဝါဒရဲ့ ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုများကို ပါတီတွင်းမှာ ချေဖျက်နေရတယ်။

(၂) ဖဆပလနဲ့ အထူးသဖြင့် ဗိုလ်ချုပ်ဘက်မှာ ဖက်ဆစ်တော်လှန်ရေးကာလ ပျောက်ကျားစစ်အတွေ့အကြုံ ရင့်ကျက်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်ဖို့ အသင့်အနေအထားမှာရှိနေတဲ့ ဗမာ့တပ်မတော်နဲ့ မကုန်ခမ်းနိုင်တဲ့ ပြည်သူလူထုကြီးရဲ့ စွမ်းပကားတို့ တသားတည်း ပေါင်းစပ်နေတဲ့ အင်အားစုကြီးက အခိုင်အမာ ရပ်တည်နေတယ်။ နယ်ချဲ့အင်္ဂလိပ်ဟာ ဒါကို သတိမူမိတယ်။ တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်မပေးရင်၊ အာဏာလွှဲပြောင်းမပေးရင် ပြည်သူ့စစ် မီးပင်လယ်နဲ့ ရင်ဆိုင်ရမှာကို သူတို့ ကောင်းကောင်းနားလည်တယ်။ ဗိုလ်ချုပ်ကလည်း ဒီအချက်ကို (Pressure Group) အနေနဲ့ ကောင်းစွာ အသုံးချနိုင်တယ်။

(၃) ၁၉၄၇ ဖေဖော်ဝါရီ (၁၂)ရက်နေ့မှာ ပင်လုံစာချုပ် ချုပ်ဆိုပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို ဗိုလ်ချုပ်နဲ့ ဖဆပလ က အမိအရ တည်ဆောက်နိုင်ခဲ့တယ်။ ဒီလိုသာ တိုင်းရင်းသားများနဲ့ သဘောတူထားတဲ့ ပြည်ထောင်စုပုံစံ သဏ္ဌာန်သစ်တခုကို ကြိုတင်မဖန်တီးနိုင်ခဲ့ရင် အာဏာလွှဲပြောင်းရေးဟာ ဗိုလ်ချုပ်နဲ့ ဖဆပလ အတွက် ဒီလောက် ချောချောမွေ့မွေ့ဖြစ်မယ် မဟုတ်ပါဘူး။ နယ်ချဲ့အင်္ဂလိပ်ကလည်း သွေးခွဲအုပ်ချုပ်ရေးမှာ အင်မတန်တော်တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာတော့ ဗိုလ်ချုပ်နဲ့ ဖဆပလ လို အခြေအနေမျိုးအထိ မဖန်တီးနိုင်ခဲ့ဘူး။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့၊ NLD အနေနဲ့ NLD စထောင်ထဲက အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားခဲ့တယ်။ ၁၉၈၉ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ပင်လုံမှာ ထုတ်ပြန်တဲ့ ပြည်ထောင်စုနေ့ အဓိဋ္ဌာန်ပြု ကြေညာချက်နဲ့ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသော သဘောထား–၁၉၉၀ တို့ကို ထုတ်ပြန်ခဲ့တယ်။ ပြည်သူလူထုအကြား စည်းရုံးရေးဆင်းရာမှာ အမျိုးသားသွေးစည်းညီညွတ်ရေးကို အဓိကထား စည်းရုံးခဲ့တယ်။ ဒါပေမယ့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် တစုံတရာ အတိုင်းအတာအထိ မှေးမှိန်နေပြီး စစ်အာဏာရှင်စနစ်က မြေတောင်မြှောက်ပေးထားတဲ့ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်များ အတိုင်းအတာတခုအထိ ကြီးထွားနေချိန်ဖြစ်တယ်။ ဒီအတွက် နှစ်ဘက်စလုံးမှာ တာဝန်ရှိတယ်။ ပိုပြီး တာဝန်ရှိသူများကတော့ မဟာလူမျိုးကြီးဝါဒကို စွဲကိုင်နေသူများပဲ။ ဒါကလဲ ရန်သူရဲ့ ဖန်တီးမှု၊ သွေးခွဲဖြိုခွဲမှုရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ မုန့်လုံး စက္ကူကပ်ဇာတ်လမ်းပါပဲ။

(၄) ဗိုလ်ချုပ်တို့လက်ထက်က ပြည်သူလူထု အဆုံးအရှုံး နည်းပါးစေဖို့အတွက် အနုနည်းဖြစ်တဲ့ ငြိမ်းချမ်းတဲ့နည်းလမ်း တခုတည်းကိုသာ ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။ အနုနည်း (သို့) ငြိမ်းချမ်းတဲ့နည်းနဲ့ မရရင် အကြမ်းဖက် လက်နက်ကိုင်တိုက်ပွဲဝင်နည်းကို ရွေးချယ်ထားတယ်။ အနုနည်းနဲ့ မရရင် ချမယ်ဆိုတဲ့ နည်းဗျူဟာပဲ။ အဲ့ဒီအတွက်လည်း ဗမာ့တပ်မတော်အပါအဝင် သဏ္ဌာန်မျိုးစုံ၊ နည်းမျိုးစုံနဲ့ အင်္ဂလိပ်နဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး ခုခံစစ်ပွဲအတွက် ပြင်ဆင်ခဲ့တယ်ဆိုတာ သမိုင်းမှာ အထင်အရှား တွေ့ရတယ်။

၁၉၉၀ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့မှာတော့ ဒီအခြေအနေ မရှိဘူး။ ဒီလိုပြင်ဆင်မှုမျိုး မရှိဘူးဆိုရင် ရရင်ရ၊ မရရင် အခြားနည်းနဲ့လုပ်ဆောင်မယ့် အနည်းဆုံး (Pressure Group) ပုံစံမျိုးအဆင့်ထိရောက်အောင်



စဉ်းစားလုပ်ဆောင်တဲ့ အပိုင်းတောင် ပြင်ဆင်မှု ကင်းမဲ့ခဲ့တယ်။ ဒါပေမယ့် ဖြစ်ပေါ်တိုးပွားနေတဲ့ ပြည်တွင်းပြည်ပ အခြေအနေအရပ်ရပ်အရ NLD ခေါင်းဆောင်များအနေနဲ့ လက်နက်ကိုင်လမ်းစဉ်ကို (Alterna-tive Way)အနေနဲ့ ချမှတ်ဖို့ လိုအပ်တယ်



လို့ ယုံကြည်ခဲ့ရင်တောင်မှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အခြေအနေဟာ မှေးမှိန်နေတာဖြစ်တယ်။

**တတိယ အချက်အနေနဲ့ကတော့ –**

၁၉၉၀ ပြည့် ရွေးကောက်ပွဲဟာ မြန်မာပြည် ဒီမိုကရေစီအရေး ဖြစ်ပေါ်တိုးပွားမှုရဲ့ အရေးပါတဲ့ သမိုင်းမှတ်တိုင်ဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ အာဏာလွှဲပြောင်းမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဒါတွေအပေါ် သင်ခန်းစာရယူပြီး ကျနော်တို့ ချို့ယွင်းချက်များကို ပြုပြင်ရမယ်၊ ရန်သူရဲ့ အားနည်းချက်များကို စမ်းစစ်ပြီး တိုက်ပွဲဝင်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ဒီမိုကရေစီစနစ်က ပြတ်ပြတ်သားသား အောင်ပွဲခံတယ်ဆိုတဲ့အချက်ကို ဘယ်သူမှ ဘယ်တော့မှ ချေဖျက်လို့ မရပါဘူး။ ဒါဟာ လူထုအောင်ပွဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကင်းမဲ့နေတဲ့ ပြည်သူလူထုရဲ့ သွေးချွေးတို့နဲ့ တည်ဆောက်ခဲ့တဲ့ အသီးအပွင့်ဖြစ်တယ်။ ဒါကို ကျနော်တို့ ဆက်လက်ထိမ်းသိမ်းရမယ် ဖြစ်ပါတယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှတဆင့် ပြသခဲ့တဲ့ ပြည်သူလူထုတွေရဲ့ မျှော်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ဆက်လက်တိုက်ပွဲဝင်သွားရေးဟာ ယနေ့ ပြည်သူတို့ရဲ့ ပခုံးပေါ်ရောက်နေတဲ့ သမိုင်းတာဝန် ဖြစ်တယ်ဆိုတာကို ယနေ့ လူငယ်မျိုးဆက်အနေဖြင့် အထူးဂရုပြုဖို့ လိုအပ်ပါတယ်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲက တဆင့် အပ်နှင်းလိုက်တဲ့ လုပ်ငန်းတာဝန် များကို အကောင်အထည်ဖော်ဘို့ အထူးတာဝန်ရှိနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခေါင်းဆောင်မှုကဏ္ဍနဲ့ ပြည်သူလူထုရဲ့ မကုန်မဆုံးနိုင်တဲ့ စွမ်းပကားများနဲ့ ပေါင်းစပ်ပြီး ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်များ ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဟန်ချက်ညီညီ လှုပ်ရှားလုပ်ဆောင်ကြရမယ် ဖြစ်ပါတယ်။ ❖

# ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၅၇/၂၃၁ မှ ကောက်နုတ်ချက်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားလာစေရန်နှင့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် မြန်မာအစိုးရအား ပြင်းထန်စွာ တောင်းဆိုလိုက်သည်။ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို ဦးတည်စေမည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုကို နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်နေမှုကိုလည်း ပြင်းထန်စွာ ရှုတ်ချလိုက်သည်။ ထို့အပြင် တွေ့ဆုံဆွေးနွေးမှုအဆင့်ကို စောနိုင်သမျှ စောအောင် လုပ်သင့်ပြီး ဆွေးနွေးပွဲများ၌ အခြားနိုင်ငံရေးသမားများနှင့် တိုင်းရင်းသားအဖွဲ့များကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်ရမည်ဟု မြန်မာအစိုးရအား ပြင်းထန်စွာ တောင်းဆိုလိုက်သည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလ(၁၈)ရက်နေ့

---

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၁၉၉၀ ပြည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ပေးခဲ့သော ကတိသစ္စာများ

"တို့တပ်မတော်ရဲ့ ဒုတိယမြောက် အရေးကြီးတဲ့တာဝန်ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးနဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးတာဝန်ဖြစ်တယ်"

"ရွေးကောက်ပွဲပြီး လိုအပ်တာတွေ ဆောင်ရွက်ပြီးတဲ့နောက် ပြည်သူ့ဆန္ဒနဲ့ ရွေးချယ်လိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေနဲ့အညီ ရွေးချယ်တင်မြှောက်တဲ့ အစိုးရသစ် ပေါ်ပေါက်လာမှာဖြစ်တယ်"

"အဲဒီအစိုးရသစ်အနေနဲ့ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်သွားရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အစွမ်းဆောင်နိုင်ဆုံး ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်မှန်းထားတယ်××× တို့တပ်မတော်သားတွေအဖို့ကတော့ စစ်တန်းလျားကို ပြန်သွားပြီး တို့ရဲ့မူလအဓိကတာဝန်ကြီးဖြစ်တဲ့ အခုပြောကြားရာမှာပါဝင်တဲ့ တာဝန်ကြီးတွေကို ဦးလည်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာပဲ ဖြစ်တယ်"

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(၂၇-၃-၈၉)

---

" နိုင်ငံတော်အာဏာနဲ့ ပတ်သက်လို့လဲ တို့အကြိမ်ကြိမ် ပြောပြီးပြီပဲဖြစ်တယ်။ ရွေးကောက်ပွဲပြီးတာနဲ့ ဥပဒေနှင့်အညီ အစိုးရဖွဲ့ကြ၊ ယူကြပေါ့။ အဲဒီအစိုးရဖြစ်လာအောင် ရွေးကောက်ပွဲက လုပ်ပေးရမှာပဲ၊ ဒါက တို့တာဝန်ပဲ၊ ရွေးကောက်ပွဲပြီးရင် တရားဥပဒေအရ အစိုးရအဖွဲ့တခုဖြစ်လာဖို့ကတော့ တို့တပ်မတော်တာဝန် မဟုတ်ဘူး။ ဒါ အတိအလင်း ပွင့်ပွင့်လင်းလင်း အခုကတည်းက ပြောထားတာပဲဖြစ်တယ်။"

"အခုတမျိုး၊ အခုတမျိုးဆိုရင် ကတိမတည်၊ ကတိမတည်လို့ရှိရင် သံသယစိတ်တွေဖြစ်တယ်ဆိုတာမျိုးတော့ တပ်မတော်အနေနဲ့မဖြစ်မခံနိုင်ဘူး၊ တကယ်တော့ တပ်မတော်ဆိုတာဟာ တိုင်းပြည်အပေါ် သစ္စာခံတာပဲ။ အစိုးရဆိုတာကလည်း တိုင်းသူပြည်သားအများစုရဲ့ ရွေးချယ်တင်မြှောက်လို့ ပြည်သူတွေကို ကိုယ်စားပြုပြီး ဖြစ်ပေါ်လာတဲ့ အဖွဲ့အစည်း၊ တပ်မတော်ဟာ အစိုးရအောက်မှာရှိရမယ်"

"တို့တတွေဟာ အာဏာကို ရေရှည်ယူထားမယ့် အဖွဲ့အစည်းမှ မဟုတ်ပဲ"

နဝတ ဥက္ကဋ္ဌ(၉-၁-၉၀)

---

"တပ်မတော်အနေနဲ့ကတော့ ရွေးကောက်ပွဲအတွက်ပဲ ကတိပေးထားတယ်။"

"နိုင်ငံတော်မှာ ဘယ်အစိုးရပဲတက်တက်၊ ဘယ်ပါတီပဲအာဏာရရ၊ တို့တပ်မတော်ကတော့ တပ်မတော်သားတွေပီပီ နိုင်ငံတော်အကျိုးစီးပွားအတွက် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်သွားကြမှာပဲဖြစ်တယ်။ တို့ဟာ နေ့စဉ် နံနက်တကြိမ်၊ ညနေတကြိမ် စဉ်ဆက်မပြတ် သစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုပြီး သစ္စာကို ဦးထိပ်ပန်ဆင်ထားကြသူတွေဖြစ်တယ်။ တို့ဟာ ဗလောင်းဗလဲမပြောဘူး၊ ကလိမ်ကကျစ်လည်း မလုပ်ဘူး၊ ပြည်သူလူထုကိုလည်း မလှည့်စားဘူး၊ တို့ရင်ထဲမှာရှိတဲ့အတိုင်း ရိုးရိုးပဲ ဖွင့်ဟပြောတတ်တယ်၊"

ကာကွယ်ရေးဦးစီးချုပ်(၂၇-၃-၉၀)

# စစ်အစိုးရအကျဉ်းထောင်များတွင် ရှိနေဆဲဖြစ်သည့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံရေးပါတီအဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဦးဒိုထောင်း | ကလေး (၁) – စစ်ကိုင်းတိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၂ | ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း(ငြိမ်း) | တန့်ဆည်(၂) – စစ်ကိုင်းတိုင်း | ။ |
| ၃ | ဒေါက်တာမြင့်နိုင် | ကန့်ဘလူ(၂) – စစ်ကိုင်းတိုင်း | ။ |
| ၄ | ဦးတိုးပို | ရေဖြူ – တနင်္သာရီတိုင်း | ။ |
| ၅ | ဦးအုန်းမောင် | ညောင်လေးပင်(၁) – ပဲခူးတိုင်း | ။ |
| ၆ | ဦးစိုးမြင့် | မင်းဘူး (၁) – မကွေးတိုင်း | ။ |
| ၇ | ဦးအုန်းကြိုင် (အောင်ဝင့်) | မန္တလေးအရှေ့တောင်(၂) – မန္တလေးတိုင်း | ။ |
| ၈ | ဒေါက်တာဇော်မြင့်မောင် | အမရပူရ(၁) – မန္တလေးတိုင်း | ။ |
| ၉ | ဦးယောစီ | ပူတာအို – ကချင်ပြည်နယ် | ။ |
| ၁၀ | ဦးနိုင်းနိုင်း | ပုဇွန်တောင်–ရန်ကုန်တိုင်း | ။ |
| ၁၁ | ဦးစိန်လှဦး | အင်းစိန် (၂) – ရန်ကုန်တိုင်း | ။ |
| ၁၂ | ဒေါက်တာမေဝင်းမြင့် | မရမ်းကုန်း(၂) – ရန်ကုန်တိုင်း | ။ |
| ၁၃ | ဒေါက်တာသန်းငြိမ်း | ကျောက်တန်း(၁) – ရန်ကုန်တိုင်း | ။ |
| ၁၄ | ဦးခင်မောင်ဆွေ | စမ်းချောင်း – ရန်ကုန်တိုင်း | ။ |
| ၁၅ | ဦးကျော်ခင် | တောင်ကြီး – ရှမ်းပြည်နယ် | ။ |
| ၁၆ | ခွန်မြင့်ထွန်း | သထုံ(၁) – မွန်ပြည်နယ် | ။ |
| ၁၇ | ဦးဝင်းမြင့်အောင် | ဒီပဲယင်း(၂) – စစ်ကိုင်းတိုင်း | ။ |
| ၁၈ | ဒေါက်တာမင်းစိုးလင်း | ရေး (၁) – မွန်ပြည်နယ် | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| ၁၉ | ဒေါက်တာမင်းကြည်ဝင်း | မုဒုံ (၂) – မွန်ပြည်နယ် | ။ |

# လွှတ်ရက်စေ့သော်လည်း ထောင်ဒဏ်ထပ်မံတိုးမြှင့်ချမှတ်ခြင်းခံရ

**မေ၊ (၁၁)ရက်။**

ထောင်သက် ပြည့်နေပြီဖြစ်သည့် အသက်အရွယ်ကြီးမြင့်နေသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအား ထောင်ထဲမှ လွှတ်ပေးလိုက်ပြီဟု ပြောပြီးမှ ညွှန်ကြားချက်အရဟုဆိုကာ ချက်ချင်း ပြန်လည်ဖမ်းဆီးလိုက်ကြောင်း ပြည်တွင်းမှလာသည့် သတင်းများအရ သိရသည်။

အသက်(၇၁)နှစ်အရွယ် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းသည် မတ်လ(၃၁)ရက်နေ့က ထောင်သက်ပြည့်သွားခဲ့ရာ လွှတ်လိုက်ပြီဟု ပြောပြီးမှ ပြည်ထဲရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရဆိုကာ ပုဒ်မ ၁၀(က)ဖြင့် ပထမအကြိမ် ထောင်ဒဏ် နှစ်လ ထပ်တိုးလိုက်ကြောင်း ထောင် တာဝန်ခံ အရာရှိက ဦးကျော်ဆန်းအား အသိပေးပြောကြားခဲ့သည်ဟု ထောင်ဝင်စာ သွားတွေ့ခဲ့သူ ဦးကျော်ဆန်း၏ဇနီးအဆိုအရ သိရသည်။

ဦးကျော်ဆန်းသည် အငြိမ်းစားဗိုလ်မှူးကြီးတဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆုရသည်ကို ထောက်ခံခဲ့သည့်အတွက် ၁၉၉၂ ခုနှစ်က ပထမအကြိမ် ဖမ်းဆီးခြင်းခံခဲ့ပြီး ထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်း ခံခဲ့ရသူဖြစ်သည်။ ထို့နောက် ၁၉၉၅ ခုနှစ်တွင် ထောင်မှ ပြန်လွှတ်လာခဲ့ပြီး ၁၉၉၈ တွင် အခြားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဒုတိယအကြိမ် ဖမ်းဆီးခံခဲ့ရသည်။ ဒုတိယအကြိမ် ထောင်ကျချိန်တွင် ပထမထောင်ကျစဉ်က လက်ကျန်ရက်ကို ပေါင်း၍ ထောင်ဒဏ်စေ့အောင် ခံခဲ့ရရာ ပြီးခဲ့သည့် မတ်လ(၃၁)ရက်နေ့တွင် လွတ်ရက် စေ့ခဲ့ပြီဖြစ်သည်။

သို့ရာတွင် ယခုလို ထောင်ဒဏ်စေ့ပြီးမှ ပုဒ်မ၁၀(က)နှင့် ပထမအကြိမ်အဖြစ် ထောင်နှစ်လ ထပ်မံချမှတ်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ထောင်တွင်း ထပ်မံ ပြစ်ဒဏ်ပေးပြီးနောက် အကြိမ်မည်မျှအထိ ဆက်လက်ဖမ်းဆီးဦးမည် မသိရသေးပေ။

အလားတူ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများအဖြစ် ဖမ်းဆီးခံထားရသူများအနက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အပါအဝင် လွတ်ရက်စေ့နေသူ (၃၀)ဦးခန့်ကို ဆက်လက်ဖမ်းဆီးထားဆဲရှိကြောင်း အဲန်အယ်လ်ဒီ လူမှုအထောက်အကူပြုအဖွဲ့ ဒုဥက္ကဋ္ဌ သခင်အုန်းမြင့်က ပြောကြားသွားခဲ့သည်။ ❖

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ – (၇)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။**

**စာရေးသူ**

**ဗညြ**



ကမ္ဘာ့လွှမ်းခြုံမှုကြောင့် အလုပ်သစ်တွေ ပေါ်လာတာကို အကျိုးခံစားရသူတွေထဲမှာ အမျိုးသမီးတွေ အများကြီး ပါဝင်လာကြတာဖြစ်ပေမဲ့ စီးပွားရေးကပ်ရယ်လို့ ဖြစ်လာတော့လဲ အမျိုးသမီးတွေပဲ အရင်ဆုံး အလုပ်ပြုတ်ကုန်တာပါ။ အာရှပစိဖိတ်ဒေသဆိုင်ရာ ကော်မရှင်အဖွဲ့ရဲ့ အလိုအရတော့ ဒါဟာ မလွှဲမရှောင်သာဘူးတဲ့။ သူတို့ပြောပုံက "အမျိုးသမီးတွေကို အလုပ်သမားအဖြစ် ရွေးခဲ့တာကိုက အများအားဖြင့် သူတို့ကို အလုပ်ဖြုတ်ရတာ လွယ်ကူလို့ပဲ"တဲ့။ ဒီကော်မရှင်ရဲ့အဆိုအရ အာရှတိုက်က အမျိုးသမီးတွေဟာ သူတို့ပူပူနွေးနွေးရရှိထားတဲ့ အလုပ်တွေ ပြုတ်ကုန်တဲ့အတွက် ခြွတ်ခြုံကျပြီး ပြည့်တံဆာဘဝ ရောက်ကြကုန်ရှာပါတယ်။

**လယ်သမားများအပေါ်**
**အကျိုးသက် ရောက်မှု**

အနိုင်နိုင်ငံရှိ ပို့ကုန်နဲ့ပတ်သတ်တဲ့ ဖက်က အလုပ်သမားတွေအတွက် လယ်လိုအခွင့်အလမ်း ပေါ်လာနေပစေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူဦးရေအများစုကြီးဟာ ကျေးလက်မှာနေထိုင်ကြတာသာဖြစ်ပြီး လယ်ယာနဲ့ အသက်မွေးကြတာ ဖြစ်ပါတယ်။ ကမ္ဘာ့လွှမ်းခြုံမှုကို ထိခိုက်မှုအကြောင်း ပြောရာမှာ အရေအတွက်အားဖြင့် အများဆုံး ထိခိုက်စေတာဟာ ဒီကဏ္ဍမှာဖြစ်ပါတယ်။

အချို့တောင်သူလယ်သမားတွေဟာ ကမ္ဘာ့လွှမ်းခြုံမှုကနေပေါ်လာတဲ့ အခွင့်အလမ်းတွေကြောင့် အကျိုးခံစားရပါတယ်။ ကင်ညာနိုင်ငံက လယ်သမားတွေအဖို့ ဥရောပမှာ သူတို့ရဲ့ ဟင်းသီးဟင်းရွက်တွေအတွက် တနှစ်ပတ်လုံး ဈေးကွက်ရှိနေတယ်ဆိုတဲ့ အကွက်ပေါ်လာပါတယ်။ နောက်ပြီး အာဖရိကနဲ့ လက်တင်အမေကရှိ ထုတ်လုပ်သူတွေဟာ ကာဖေးဒီရက် (Cafedirect)၊ အောက်ဖ်ဖမ် (Oxfam)၊ ထရိတ်ခရပ်ဖ် (Traidcraft)စတဲ့ မျှတတဲ့ ကုန်သွယ်မှုပုံစံတွေနဲ့ ဆက်စပ်ရပြီး မိမိတို့ရဲ့ သီးနှံတွေအတွက် တည်ငြိမ်တဲ့ ဝင်ငွေလမ်းကြောင်း ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ အင်မတန်အနည်းစုပါ။

ပိုများတဲ့ တောင်သူလယ်သမားတွေမှာတော့ ကမ္ဘာ့ဈေးကွက်တွေကို ရင်ဆိုင်လာရတဲ့အတွက် ကိုယ့်အသက်မွေးဝမ်းမှုကို ခြိမ်းခြောက်ခံရတဲ့အဖြစ်နဲ့ ကြုံကြရပါတယ်။ မျှတတဲ့ကုန်သွယ်မှု အကာအကွယ်မရတဲ့ ကော်ဖီတွေရဲ့အဖြစ်ဟာ အထင်ရှားဆုံး သာဓကပါပဲ။ ကမ္ဘာအဝှမ်းက ကော်ဖီစိုက်တဲ့ တောင်သူတွေ ထုတ်လုပ်တဲ့ သီးနှံအတွက် ဈေးနှုန်းဟာ တကမ္ဘာလုံးရဲ့ လေးပုံတပုံလောက်ထုတ်လုပ်တဲ့ ဘရာဇီးနိုင်ငံက ဈေးကွက်အခြေအနေအပေါ် မူတည်နေပါတယ်။ ၁၉၉၄ ခုနှစ်မှာ ဘရာဇီးလ်က သူ့ငွေတန်ဘိုးကို မျှောလိုက်တော့ ကမ္ဘာ့ကော်ဖီဈေး ထိုးကျသွားပါတယ်။

ဘရာဇီးလ်နိုင်ငံရဲ့ ရာသီဥတုနဲ့ငွေကြေးတန်ဘိုးအပြောင်းအလဲ အပြောင်းအလဲ ဆိုတာတွေကို အာဖရိက တောင်သူတွေက မချုပ်ကိုင်နိုင်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ ထွက်ကုန်တွေ ကမ္ဘာ့ဈေးကွက်ထဲ ဝင်ရတော့မယ်ဆိုတဲ့ အခါမှာတော့ အဲဒီဒဏ်တွေကို ရှောင်လို့လုံးဝ မရတော့ပါဘူး။ နိုင်ငံတကာ ဈေးကွက်မှာ ကော်ဖီဟာ ကာလရှည်ကြာ ဈေးကျနေလေတော့ နဂိုက ကော်ဖီကို အရံသဘောသာ စိုက်ပျိုးရာကနေ အဓိကသီးနှံအဖြစ် ပြောင်းလဲစိုက်ပျိုးလာတဲ့ တောင်သူတွေဟာ ကြာလေကိုယ့်မိသားစုကို မကျွေးမွေးနိုင်လေ ဖြစ်လာတော့တာပါပဲ။ လူအတော်များများဟာ စိုက်ခင်းတွေကို စွန့်ပြီး မြို့တွေပေါ်မှာ ရရာအလုပ်ရှာကုန် ကြရပါတယ်။

လယ်သမားတွေဟာ သူတို့ရဲ့ဈေးကွက်ကို ခနအင်အား အင်မတန် တောင့်တင်းတဲ့ စိုက်ပျိုးစက်မှုလုပ်ငန်းကြီးတွေအတွက် ဖွင့်ပေးလိုက်တဲ့အခါမှာလဲ ဒုက္ခတွေ့ကြရပါတယ်။ မက္ကစီကိုနိုင်ငံဟာ ၁၉၉၄ခုနှစ်မှာ နာဖတာ (NAFTA)ခေါ် မြောက်အမေရိကတိုက် လွတ်လပ်တဲ့စာချုပ်အရ အမေရိကန်နိုင်ငံက စိုက်ပျိုးရေးလုပ်ငန်းကြီးတွေကို မိမိတို့ရဲ့ ဈေးကွက်ထဲ ဝင်ခွင့်ပြုလိုက်ရပါတယ်။ ဒီလိုနဲ့ သုံးနှစ်ဆိုတဲ့ ကာလလေးအတွင်းမှာပဲ အဲဒီအကျိုးဆက်အနေနဲ့ မက္ကစီကိုက တောင်သူလယ်သမား ရှစ်သိန်းကျော်မွဲပြာကျသွားပါတယ်။ အလားတူပဲ ဘူကီနာဖာဆိုကနေ တောင်အာဖရိကထိဖြစ်တဲ့ နိုင်ငံတွေက မွေးမြူရေးသမားတွေဟာလဲ စရိတ်သက်သာစွာနဲ့ ထုတ်လုပ်ပြီး အစိုးရရဲ့ ပံ့ပိုးမှုတွေ အများကြီးရထားတဲ့ ဥရောပသမဂ္ဂ အသားတွေကို မယှဉ်ပြိုင်နိုင်တဲ့အတွက် လုပ်ငန်းတွေ ပြုတ်ကုန်ကြပါတယ်။

ဒါ့ပြင် ကမ္ဘာ့လွှမ်းမိုးမှုကို တခြားအင်အားစုတွေကလဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အသေးစား တောင်သူလယ်သမားတွေထက် နိုင်ငံလွှန် စိုက်ပျိုးရေး ကုမ္ပဏီကြီးတွေဘက် ပင်းကြပါတယ်။ အမေရိကန်နိုင်ငံရှိ ဒီမိုကရက်တစ်ပါတီက ချီကွစ်တာ (Chiquita) ငှက်ပျောသီးနိုင်ငံလွှန် ကော်ပိုရေးရှင်းဆီက "အလှူငွေ"ဒေါ်လာ ၅သိန်းရပြီးနောက် အဲဒီနေ့မှာပဲ သမတကလင်တန်ဟာ ဥရောပတိုက်က ကာရေးဘီးယန်းဒေသ လယ်သမားတွေရဲ့ ငှက်ပျောသီးကို ပစားပေး လုပ်ထားတဲ့ ကုန်သွယ်ရေးစာချုပ်တွေနဲ့ ပတ်သတ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒဗလျူတီအို(WTO)ဆီကို ကန့်ကွက်စာပို့ ပါတော့တယ်။ ဒဗလျူတီအိုရဲ့ ဖြေရှင်းရေးအဖွဲ့တွေကလဲ နိုင်ငံလွှန်ကော်ပိုရေးရှင်းတွေ ဖက်ကပဲ အဆုံးအဖြတ် ပေးလိုက်ပါတယ်။ ဥရောပရဲ့ ဈေးကွက်ကောင်းကို နိုင်ငံလွှန် ကော်ပိုရေးရှင်းတွေကလဲ ခံစားခွင့်ရှိတယ်တဲ့။ ဒီအဆုံးအဖြတ်ရဲ့ အကျိုးဆက်အနေနဲ့ တောင်သူ (၂)သိန်းလောက်၊ အများစုက အမျိုးသမီးတွေ အလုပ်လက်မဲ့ဖြစ်ကုန်တော့မှာပါ။

**လူမျိုးစုတွေအပေါ်**
**အကျိုးသက် ရောက်မှု**

ချုပ်ကိုင်မှုလျှော့ချပေးရေး ပေါ်လစီတွေကြောင့် နိုင်ငံလွှန်ကုမ္ပဏီကြီးတွေဟာ အင်မတန် ပြဿနာတတ်တတ်တဲ့ နေရာဒေသတွေမှာတောင် လုပ်ကိုင်ခွင့်ရကုန်ပါတယ်။ လူမျိုးစုတွေရဲ့ နေရာတွေမှာ လုပ်ကိုင်တဲ့ ရေကာတာကြီးတွေ၊ သတ္တုတွင်းတွေ၊ သစ်ထုတ်လုပ်ငန်းတွေနဲ့ တခြားသဘာထဲက ထုတ်ယူတဲ့ လုပ်ငန်းတွေဟာအဆိုးဆုံးအကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေလေ့ရှိပါတယ်။ သဘာဝအရင်းအမြစ်တွေကို အဆက်မပြတ် ထုတ်လုပ်တာဟာ သက်ဆိုင်ရာဒေသအတွက် အကျိုးရှိခဲလှပြီး ပျောက်ကွယ်မဲ့ ဘေးမဲ့အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ လူမျိုးစုတွေကို ပိုလို့သာ ဒုက္ခရောက်စေပါတယ်။

နိုက်ဂျာနိုင်ငံမှာလဲ ရှဲလ်ရေနံကုမ္ပဏီကြီးရဲ့ လုပ်ငန်းတွေကို ဆန္ဒပြကြတဲ့ ကင်စာရိုဝီဝါနဲ့ တခြားအိုဂိုနီ လူမျိုးခေါင်းဆောင် ရှစ်ဦးကို သေဒဏ်ပေးခဲ့တာဟာလဲ နိုင်ငံလွှန်ကုမ္ပဏီကြီးတွေနဲ့ ရက်စက်တဲ့အစိုးရတို့ ပူးပေါင်းလုပ်ကြံလေ့ရှိမှုရဲ့ သာဓကတခု ဖြစ်ပါတယ်။ အဲဒီနောက် ကိုလံဘီယာအပါအဝင် တခြားနိုင်ငံတွေမှာလဲ ဆက်ဖြစ်ပေါ်ခဲ့သေးပါတယ်။ ဒီကိစ္စမှာ ဗြိတိသျှရေနံကုမ္ပဏီကြီးက စစ်ရဲတပ်တွေရဲ့ အကူအညီနဲ့ ဆန္ဒပြသူဒေသခံတွေကို သတ်ပစ်တယ်လို့ သတင်းတွေထွက်ခဲ့ပါတယ်။ အင်ဒိုနီးရှားက ဖရီးပို့ (Freeport) သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းနဲ့ ဗမာပြည်က ပရီးမီးယားရေနံကုမ္ပဏီတို့လဲ ဒီစာရင်းမှာ ပါပါတယ်။

လတ်တလောအကျဆုံးကိစ္စဟာ အမေရိကန်နိုင်ငံမှာ သမတအဖြစ်ဘုရှ် အရွေးခံခဲ့ရတဲ့အတွက် အလာစကာပြည်နယ်က ဒေသခံလူမျိုးတွေ အန္တရာယ်ကြုံတွေ့ရတဲ့ ကိစ္စပါပဲ။ ဘုရှ်ရော သူ့ဒုသမတ ဒစ်ချေနီပါ ရေနံလုပ်ငန်းတွေနဲ့ လွန်စွာမှပတ်သတ်ပြီး ဗြိတိ

# တာချီလိတ်မြို့ နှစ်ရက်ဆက်တိုက် ဖုံးပေါက်ကွဲမှုဖြစ်ပွား၍ လူ(၄)ဦး သေဆုံးခဲ့

**မေ၊ (၂၁)ရက်။**

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့တွင် (၂)ရက်ဆက်တိုက် ဖုံးပေါက်ကွဲမှု (၄)ကြိမ်ဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ(၄)ဦး သေဆုံးကာ ပျက်စီးမှုအချို့ရှိခဲ့ကြောင်း သိရသည်။

မေလ(၂၀)ရက်နေ့ည (၁၀)နာရီခန့်တွင် တာချီလိတ်မြို့အရှေ့ဘက် ပါကုတ်ရဲစခန်း၌ ဖုံးတလုံး စတင်ပေါက်ကွဲခဲ့ရာ ဖုံးပေါက်ကွဲမှုကြောင့် ကင်းတာဝန်ကျ နခက အဖွဲ့ဝင် ရဲတပ်သား (၂)ဦး သေဆုံးခဲ့သည်။ ထို့နောက် နောက်နေ့နံနက် (၃)နာရီခန့်တွင် တာချီလိတ်မြို့တွင်းရှိ ဓာတ်ဆီဆိုင်တွင် ဖုံးတလုံး ထပ်မံပေါက်ကွဲခဲ့ရာ အရပ်သားတဦး သေဆုံးသည်။ တတိယမြောက် ဖုံးပေါက်ကွဲမှုအဖြစ် နံနက် (၆း၄၅)နာရီတွင် တာချီလိတ်မြို့ရှိ ဘုရင့်နောင်ရုပ်တုအနီးတွင် ပေါက်ကွဲခဲ့ရာ ဘုရင့်နောင်ရုပ်တုကြီး၏ ခြေနှစ်ဖက်နှင့် လက်တဖက် ပျက်စီးသွားခဲ့သည်။ နံနက်(၈)နာရီတွင် တာဝေ လျှပ်စစ်ဓာတ်ပေးစက်ရုံ၌ နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့ရာ အလုပ်သမားတဦး သေဆုံးသွားပြီး မီးပေးစက်ခေါင်း(၂)လုံး ပျက်စီးသွားခဲ့သည်၊

အဆိုပါဖုံးပေါက်ကွဲမများသည် ထိုင်း–မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသစ် တည်ဆောက်ရေးအတွက် နှစ်ဘက်ထိပ်တန်း ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး (၂)ရက်အကြာတွင် ဆက်တိုက်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မျက်မြင်သက်သေများအဆိုအရ ပေါက်ကွဲမှုများသည် ချိန်ကိုက်ဖုံးများ အသုံးချပုံရကြောင်း သိရှိရပြီး မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း အတည်ပြုနိုင်ခြင်း မရှိသေးချေ။ ❖

# တာချီလိတ် ဖုံးပေါက်ကွဲမှုများ အက်စ်အက်စ်အေ လက်ချက်ဟု နအဖစွပ်စွဲ

**မေ၊ (၂၆)ရက်။**

တာချီလိတ်မြို့ပတ်ဝန်းကျင်တွင် နောက်ထပ်တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကျော်သိန်းက သတိပေးပြောကြားလိုက်သည်၊

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က တာချီလိတ်မြို့ပတ်ဝန်းကျင်တဝိုက်တွင် (၄)ကြိမ်တိုင်တိုင် ဖုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လူ(၄)ဦး သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ ပုံမှန် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ ၎င်းက အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်သည့် ဖုံးပေါက်ကွဲမှုအပါအဝင် အခြားတိုက်ခိုက်မှုမျိုးစုံသည် အနာဂတ်တွင်လည်း အများအပြား ဆက်လက်ဖြစ်ပေါ်လာဖွယ် ရှိကြောင်း ပြောဆိုခဲ့သည်။

ထိုဖြစ်ရပ်များသည် ရှမ်းပြည် တပ်မတော်(အက်စ်အက်စ်အေ)တွင် တာဝန်ရှိကြောင်း ၎င်းက စွပ်စွဲပြောကြားလိုက်ပြီး အကြမ်းဖက်လုပ်ရပ်များကို အမည်မဖော်လိုသည့် ထိုင်းစစ်တပ်နှင့် အစိုးရအဖွဲ့ဝင်များ၏ ထောက်ခံအားပေးမှုနှင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်တပ်မတော်မှ တပ်ခွဲမှူး ဆမ်ဆစ်သည် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခဲ့ပြီး ယခုဖြစ်ပွားခဲ့သည့် ဖောက်ခွဲမှုများအား ပြုလုပ်ခဲ့သည်ကို အထောက်အထား အခိုင်အမာ ရရှိထားပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကျော်သိန်းက ဆိုသည်၊

၎င်းက ထိုင်းနိုင်ငံနှင့်ပတ်သက်နေသည့် စစ်အုပ်စုတချို့က မြန်မာနှင့် ထိုင်းအစိုးရအကြား စိတ်ဝမ်းကွဲပြားမှုဖြစ်ပွားအောင် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသွားပြီး ပြည်သူများအနေဖြင့် တရားခံဖော်ထုတ်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

သို့သော် အက်စ်အက်စ်အေမှ ထို ဖုံးပေါက်ကွဲမှုသည် ၎င်းတို့၏ လက်ချက်မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်ဟု သိရသည်။ ❖

# ဖြူးမြို့ ဖုံးပေါက်ကွဲမှု နအဖ ၏ လုပ်ရပ်သာဖြစ်ကြောင်း ကေအဲန်ယူ ပြောဆို

**မေ၊ (၁၇)ရက်။**

မေလ(၁၅)ရက်နေ့ ညနေပိုင်းက ပဲခူးတိုင်း ဖြူးမြို့တွင် ဖုံးပေါက်ကွဲမှုတခု ဖြစ်ပွားခဲ့ရာ လူတဦးသေဆုံးပြီး (၄၇)ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါသတင်းကို ဖုံးပေါက်ကွဲပြီး နောက်နှစ်ရက်အကြာ နအဖထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖြူးမြို့ရှိ ရုပ်ရှင်ရုံ တရုံတွင် ထိုနေ့ညနေပိုင်းက ဖုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတဦး ပွဲချင်းပြီး သေဆုံးသွားကာ လူ(၄၇)ဦး ဒဏ်ရာရရှိသွားကြောင်း ၎င်းတို့ကို ဖြူးဆေးရုံတွင် တင်ထားရပြီး (၁၂)ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိသဖြင့် တောင်ငူမြို့ ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် သတင်းစာက ဆက်လက်ဖော်ပြထားရာတွင် အဆိုပါဖုံးပေါက်ကွဲမှုသည် ကရင်သောင်းကျန်းသူလက်နက်ကိုင် ကေအဲန်ယူအဖွဲ့၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲဖော်ပြခဲ့သည်။

ထိုစွပ်စွဲချက်နှင့်ပတ်သက်၍ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးမှ ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သူ ပဒိုမန်းရှာက ကေအဲန်ယူသည် အရပ်သားများကို ပစ်မှတ်အဖြစ် မည်သည့်အခါမျှ တိုက်ခိုက်ခြင်း မရှိခဲ့ကြောင်း၊ ထိုကိစ္စသည် အစောင့်စည်းအပ်ဆုံးကိစ္စရပ်အဖြစ် ယူဆထား၍ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယခုဖြစ်ရပ်သည် နအဖစစ်တပ်က ကေအဲန်ယူကို လက်ညိုးထိုးရန် တမင်အကွက်ဆင်သည့် ၎င်းတို့ကိုယ်တိုင် ကျူးလွန်သည့် လက်ချက်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားသည်။ ❖

# ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ


မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

**ဝ ယခင်အပတ်မှ အဆက်**

ဒီလှုပ်ရှားမှုကို မျက်ခြေမပြတ် စောင့်ကြည့်နေတဲ့ ထောက်လှမ်းရေး အမှတ်(၁)မှ ထောက်လှမ်းရေးတွေက အာဏာရှင်ဆန့်ကျင်ရေး သံဃာလှုပ်ရှားမှုကြီးတခု ကြီးမားစွာ ပေါ်ပေါက်လာနိုင်ကြောင်းသိသွားတော့ သူတို့(အာဏာရှင်)ဘက်ကို မြှား ဦးမလှည့်ရအောင် ဆိုပြီး၊ ဗုဒ္ဓဘာသာ–မူဆလင်ဘာသာရေးပဋိပက္ခ ချက်ချင်းဖန်တီးလိုက်ကြမယ်။ မူဆလင်ပလီကျောင်းတွေက မူဆလင်ဘုန်းကြီးတွေကို အမြန်ဖယ်ရှားပြီး အရပ်သား အယောင်ဆောင်ထားတဲ့ ထောက်လှမ်းရေးတွေက ပလီကို စောင့်ရှောက်နေကြပြီး ပလီရှိရာသို့ ဦးတည်ချီတက်လာကြတဲ့ ဗုဒ္ဓဘာသာသံဃာတော်တွေကို သေသည်အထိ ရိုက်နှက်ရာက ပဋိပက္ခကျယ်ပြန့်သွားတယ်။ ပြီးတော့ မှုမှန်တဲ့ကောလဟာလသတင်းတွေဖြန့်၊ စစ်သားတွေကို သံဃာအတု ဖန်တီးပေးပြီး ပလီတွေကို ဖျက်ခိုင်း၊ အဲဒီသံဃာအတုတွေကို လမ်းလျှောက်စကားပြောစက်တွေကို ထုတ်ပေးစသဖြင့် ပဋိပက္ခကို မီးထိုးပေးခဲ့တယ်။ ဒါကြောင့် သံဃာအများစုရဲ့ အာရုံဟာ အာဏာရှင်တွေဆီကို မရောက်တော့ပဲ ဘာသာရေးပဋိပက္ခဆီကို ဦးလှည့်သွားတာတွေ့ရမယ်။ အာဏာရှင်တွေဟာ မူလဦးတည်ချက်ကို အဲဒီလိုဖျက်ဆီးလိုက်ပြီး ခေါင်းဆောင်တဲ့၊ လိုချင်နေတဲ့ သံဃာမှန်သမျှကို ဖမ်းဆီးခဲ့တာပါပဲ။ ထောက်လှမ်းရေးနဲ့ မီဒီယာကို ထိန်းချုပ်ထားနိုင်တော့ ဒီလို လိုသလိုဖန်တီးနိုင်တာဟာ မဆန်းပါဘူး။ သံဃာခေါင်းဆောင်တွေဟာ အာဏာရှင်တွေရဲ့ ဉာဏ်နီဉာဏ်နက်တွေကို အမြဲသတိထားနေရမယ်။ ဒီလိုလှုပ်ရှားမှုဟာ ဘာသာရေးပဋိပက္ခသာ မဖြစ်ခဲ့ဘူးဆိုရင် ကျယ်ပြန့်တဲ့ အာဏာရှင်ဆန့်ကျင်ရေး တနိုင်ငံလုံးဖြစ်ပေါ်လာနိုင်တယ်လို့ ယုံကြည်တယ်။

**၉–၉–၉၉ လှုပ်ရှားမှုအပေါ် သုံးသပ်ချက်**

ပြီးတော့ ဆက်တိုက်ဆိုသလို မြန်မာနိုင်ငံမှာ ဒီမိုကရေစီအတွက်လှုပ်ရှားမှုစီမံချက်တွေ ရှိနေတယ်။ ၉–၉–၉၉ နေ့ကို ကိုးလေးလုံးဆိုတဲ့ လှုပ်ရှားမှုဟာလဲ ဒီမိုကရေစီကြိုးပမ်းမှုရဲ့ မှတ်တိုင်တခုပမာဖြစ်နေခဲ့တယ်။ သံဃာ့အဖွဲ့အစည်းတခုဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂဟာ ဒီလှုပ်ရှားမှုမှာ ရှေ့တန်းကပါဝင်ခဲ့တယ်။ ပြည်တွင်းလှုပ်ရှားမှုစီမံချက်တွေ ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသလို နိုင်ငံတကာရင်ပြင်မှာလဲ မီဒီယာတွေကတဆင့် ပြည်တွင်းလှုပ်ရှားမှုကို အထောက်အကူပြုခဲ့တယ်။

အာဏာရှင်တွေဟာ ဒီ ၉–၉–၉၉ နေ့ ကိုးလေးလုံးလှုပ်ရှားမှုကို အာဏာတင်မက ယတြာတွေ၊ အယောင်ဆောင်တွေသုံးပြီး တားဆီးကာကွယ်ခဲ့ရတယ်။ အကျဉ်းထောင်တွေထဲက ခေါင်းဆောင်နိုင်တဲ့ အကျဉ်းသားတွေကို ထောင်ပြောင်းရွှေ့တာတွေ၊ ထိမ်းချုပ်ထားတဲ့ မီဒီယာတွေကတဆင့် ကိုးလေးလုံးလှုပ်ရှားမှုကို မပါဝင်ကြစေဖို့ လှုံ့ဆော်နေတာတွေ၊ ခေါင်းဆောင်နိုင်တဲ့ လူတွေကိုလဲ လိုက်လံဖမ်းဆီးမှုတွေမှာ ဗုဒ္ဓဘာသာသံဃာတော်တွေဟာ အထင်အရှားပါဝင်ခဲ့တယ်။ ဒီလှုပ်ရှားမှုဟာ အာဏာရှင်တွေကို မဖယ်ရှားပစ်နိုင်ခဲ့ပေမယ့် တုန်လှုပ်စေခဲ့တာကတော့ အမှန်ပဲ။

**တွေ့ဆုံဆွေးနွေးရေးအပေါ် သံဃာ့ဖိအား**

ကိုးလေးလုံးလှုပ်ရှားမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ''တွေ့ဆုံဆွေးနွေးပွဲ တောင်းဆိုမှု'' လှုပ်ရှားမှုတွေ သက္ကရာဇ် (၂၀၀၀) ပြည့်နှစ်မှာ ပေါ်ပေါက်ခဲ့တယ်။ အဓိကအားဖြင့်ကတော့ ဒီတောင်းဆိုမှုတွေဟာ ဗုဒ္ဓဘာသာသံဃာတော်များက အများဆုံးတောင်းဆိုခဲ့တဲ့ အရေးပါပဲ။ အဲဒီအထဲမှာ ထင်ရှားတဲ့ဆရာတော်ကြီးတွေ၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဝင် ဆရာတော်တွေ၊ သံဃသာမဂ္ဂီနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ပါဝင်ခဲ့တယ်။ မေလလောက်မှာ ပိုပြီးပြင်းထန်ခဲ့တယ်။ ဒီလှုပ်ရှားမှုရဲ့ အစီစဉ်ကတော့ ''တောင်းဆိုချက်တွေကို မလိုက်လျှောနိုင်ဘူးဆိုရင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွေကို လူစုလူဝေးပြုလုပ်ပြီး၊ သပိတ်စခန်း (စုဝေးဆန္ဒပြနေရာ) အဖြစ်ပြုလုပ်ပြီး အခြေအနေပေးလာပါက ရန်ကုန်မြို့သို့ နေရာသုံးခုမှ စတင်ပြီး ချီတက်ဆန္ဒပြမယ်'' စသဖြင့် သံဃာတော်များက ကြေညာထားခဲ့တယ်။ အာဏာရှင်တွေက သတင်းစားရှင်းလင်းပွဲပြုလုပ်ပြီး ချေဖျက်ဖို့ကြိုးစားခဲ့သလို ခေါင်းဆောင်လှုပ်ရှားနေကြတဲ့ သံဃာတော် တစ်ရာခန့်နဲ့ ကျောင်းသားလူငယ် အများအပြားကိုလဲ ဖမ်းဆီးထောင်ချခဲ့တယ်။ တယ်လီဖုန်းလိုင်းတွေဖြတ်တောက်ပစ်ပြီး၊ သံဃာတော်များခရီးသွားလာမှု၊ စုဝေးမှုမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခဲ့တယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂမှ ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ အဆိုပါ ပြည်တွင်းအခြေအနေနဲ့ပတ်သတ်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြန်လည်ချေပခဲ့တယ်။ စစ်အာဏာရှင်တွေနဲ့လည်း အခြေအတင်ပြောဆိုမှုတွေရှိခဲ့ပြီး ပြည်ပလှုပ်ရှားမှုတွေကိုလဲ တိုးမြှင့်လုပ်ဆောင်ခဲ့တယ်။ ဒီလှုပ်ရှားမှုတွေဟာ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေး၊ တောင်ကြီး၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ မော်လမြိုင်နဲ့ တနင်္သာရီဒေသတွေမှာ ထင်ထင်ရှားရှားလှုပ်ရှားမှုတွေဖြစ်ခဲ့တယ်။ အာဏာရှင်တွေဟာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလမှာ တွေ့ဆုံဆွေးနွေးနေပြီဖြစ်ကြောင်း လူသိရှင်ကြားကြေညာခဲ့ရတယ်။ နောက်တော့ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေး(လ်)ကို စေလွှတ်ပြီး မြန်မာနိုင်ငံအရေး ဆောင်ရွက်ခဲ့ရတဲ့အထိ ကျယ်ပြန့်ခဲ့တာတွေ့ရှိရတယ်။ ယနေ့ထိ အဲဒီတောင်းဆိုမှု၊ ဆွေးနွေးမှုဟာ မရပ်တန့်သေးဘဲ ရှင်သန်နေဆဲဖြစ်တယ်။ ဆိုလိုတာက မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသံဃာတွေဟာ လိုလျှင် လိုအပ်သလို ပြည်သူဘက်က ရပ်တည်၊ မမှန်တာကို မမှန်သလို ထောက်ပြလေ့ရှိတယ်။ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံကြလေ့ရှိတယ် ဆိုတာပါပဲ။

**ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကြိုးပမ်းမှုမှာ အသက်ဆုံးရှုံးပျံလွန်တော်မူခဲ့ရတဲ့ ဗုဒ္ဓဘာသာသံဃာတော်များ၊**

ဒီလို ဒီမိုကရေစီကြိုးပမ်းမှုမှာ ၁၉၈၈ ခုနှစ်လောက်ကစပြီး အသက်စွန့်လွှတ်သွားကြရတဲ့ ဗုဒ္ဓဘာသာ သံဃာအာဇာနည် အများအပြားအနက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂကနေပြီးတော့ မှတ်တမ်းတင်နိုင်ခဲ့တာကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) ဆရာတော် ဦးဇောတ မ္ဗကတိက) အင်းစိန်အကျဉ်းထောင်၊
(၂) ဦးကာဝိယ ဂင္ဂုန်နီသံဃာ့အဖွဲ့ချုပ် ဥက္ကဋ္ဌ မန္တလေး
(၃) ဦးရေဝတ သံဃာ့သာမဂ္ဂီ ဥက္ကဋ္ဌမန္တလေးထောင်
(၄) ဦးအာစာရ ရဟန်းပျို သမဂ္ဂ သရက်အကျဉ်းထောင်
(၅) ဦးကုဏ္ဍက ကွန်းဟိန်း ရှမ်းပြည်
(၆) အရှင် ဝေပုလ္လရဟန်းပျို သမဂ္ဂ (ရန်ကုန်)
(၇) အရှင်ဥတ္တမ ရဟန်းပျိုသမဂ္ဂ (ရန်ကုန်)
(၈) အရှင်ပုည ရဟန်းပျို သမဂ္ဂ (မုဒုံ)
(၉) ကျွန်းတောကျောင်းဆရာတော် (ကရင်ပြည်နယ်)
(၁၀)ရှင်ဇနိန္တ မန္တလေး
(၁၁)အရှင်ကုမာရ ရဟန်းပျိုသမဂ္ဂ (ရန်ကုန်) စသည်တို့ဖြစ်တယ်။

ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

အမေရိကန်အစိုးရက နအဖအပေါ် သဘောထားပြောင်းလဲလာရန် လှုံ့ဆော်သူအဖြစ် ဆောင်ရွက်ရန် စစ်အုပ်စုက ငှားရမ်းထားသူ Mr .Barry Broman သည် ယခင်က မြန်မာနိုင်ငံတွင် အမေရိကန် ဗဟိုထောက်လှမ်းရေး စီအိုင်အေ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သူတဦးဖြစ်ကြောင်း မေလ(၁၃)ရက်နေ့ထုတ် Boston Globe သတင်းစာတွင် ရေးသားထားသည်။

သတင်းစာ၌ ''အလုပ်ရှင် ပြောင်းသွားသည့် မစ္စတာဘယ်ရီဘရိုမင်''ဟု ခေါင်းစဉ်တပ်ထားပြီး ဝေဖန်ရေးသားထားရာတွင် ဘရိုမင်သည် အမေရိကန်အစိုးရက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ စုံစမ်းရန် တာဝန်ပေးခြင်းခံရသူဖြစ်ခဲ့ပြီး ယခုအခါ နအဖက ဘရိုမန်ကို တလ ဒေါ်လာ(၅,၀၀၀)ပေး၍ စစ်အစိုးရအပေါ် အမေရိကန်အစိုးရက သဘောထား ပြောင်းလဲလာရန် စည်းရုံးခိုင်းနေကြောင်း ဖော်ပြရေးသားထားသည်။

မစ္စတာဘရိုမန်သည် ၁၉၉၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စုံစမ်းရေး စီအိုင်အေအရာရှိတဦးဖြစ်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က နအဖစစ်အုပ်စု၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတကာအဆင့်အနေဖြင့် အမေရိကန်အစိုးရက သတ်မှတ်ခံရရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။ ထိုသို့ သတ်မှတ်ခြင်း ခံရပါက မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းပြု ငွေကြေး အကူအညီ အများအပြား ရရှိမည်ဖြစ်သည်။

မစ္စတာဘရိုမင်၏ကိစ္စနှင့်ပတ်သက်၍ အမေရိကန်အစိုးရနှင့် စီအိုင်အေများအကြား ဝေဖန်မှုများ ထွက်ပေါ်နေပြီး စီအိုင်အေအရာရှိများသည် သက်ဆိုင်ရာအစိုးရအတွက် ထောက်လှမ်းပေးရမည့်အစား မိမိတို့၏ အနာဂတ်ငွေကြေးကို မျှော်ကိုးနေပါက အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်လာနိုင်ကြောင်း အစိုးရအရာရှိတဦးက ပြောကြားခဲ့သည်။ စီအိုင်အေအရာရှိဟောင်း မစ္စတာ မီလ်ဗင်ဂွတ်မန်းကလည်း မစ္စတာဘရိုမင်၏လုပ်ရပ်သည် ကိုယ်ကျင့်သိက္ခာနှင့် ကိုက်ညီမှု မရှိသည့်လုပ်ရပ်ဖြစ်ကြောင်း ရှုတ်ချ ပြစ်တင်လိုက်သည်။

အမေရိကန်ဥပဒေအရ အမေရိကန်အခြေစိုက် ဝါဒဖြန့်ချိရေးကုမ္ပဏီများသည် မည်သူ့အတွက် ဝါဒဖြန့်ချီ လုပ်ဆောင်ပေးရသည်ကို တရားဝင်မှတ်ပုံတင်ရသည်။ ထိုဥပဒေမှာ ၁၉၃၈ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အာဏာရှင် ဟစ်တလာက အမေရိကန်တွင် ၎င်း၏ ဝါဒဖြန့်ချီရေးလုပ်ငန်း ဆောင်ရွက်ရန် ကုမ္ပဏီတခုကို ငှားရမ်းခဲ့ပြီးနောက်ပိုင်းမှစ၍ စတင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ မှတ်တမ်းအရ မစ္စတာဘရိုမင်သည် နအဖက ငှားရမ်းခဲ့သည့် CID ဝါဒဖြန့်ချီရေးကုမ္ပဏီ၏ အဖွဲ့ဝင်(၁၀)ဦးအနက် တဦးဖြစ်ကြောင်း Boston Globe သတင်းစာတွင် ဖော်ပြထားသည်။ ❖

# မြန်မာနိုင်ငံတွင် နိုင်ငံရေးဆွေးနွေးပွဲများ ပြန်လည်စတင်တော့မည်ဟု ထိုင်းဝန်ကြီးပြောကြား

**မေ (၂၁)ရက်။**

လာမည့်သီတင်းပတ် အနည်းငယ်အတွင်း မြန်မာစစ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ရပ်တန့်နေခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြန်လည်ပြုလုပ်သွားရန်ရှိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ယနေ့ဘန်ကောက်မြို့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။


ထိုင်းနိုင်ငံခြားရေးဝန်ကြီး စူယာကီယက်

မေလ (၁၉)ရက်နေ့က တာချီလိတ်မြို့တွင် ပြုလုပ်သည့် ထိုင်း–မြန်မာတံတားသစ်ဖွင့်ပွဲကို တက်ရောက်ခဲ့သူ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက မိမိနှင့် နအဖအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် တံတားသစ်တည်ဆောက်ရေး ကိစ္စရပ်အပြင် နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်မှု ပူးပေါင်းတိုက်ဖျက်ရန် ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာစစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်မှာ တနှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံရေးဆွေးနွေးပွဲများ ရပ်တန့်နေသဖြင့် စစ်အုပ်စုသည် ဒီမိုကရေစီမလိုလားသည့်အပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ဆန္ဒမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

စူယာကီယတ်က မြန်မာ–ထိုင်းဘက်ဆက်ဆံရေး ခိုင်မြဲမှုကိစ္စရပ်အတွက်သာမက မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးမှတဆင့် ငြိမ်းချမ်းမှုရရှိနိုင်ရေးကို တွေ့မြင်လိုသည့်အတွက် ဆွေးနွေးပွဲများ ဖြစ်မြောက်လာရန် အကူအညီပေးလိုကြောင်း ပြောကြားခဲ့သည်။

စူယာကီယတ်က ဆွေးနွေးပွဲများ ဖြစ်မြောက်လာရေးနှင့် လူ့အခွင့်အရေးများ တိုးတက်လာရန် ရည်ရွယ်၍ နိုင်ငံတကာက စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများသည် မြန်မာစစ်အစိုးရအပေါ် မည်သို့မျှ အကျိုးသက်ရောက်မှု ရှိမလာနိုင်ကြောင်း ပြောကြားခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း မိုးကုတ်လူထုအား ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်

## နိုင်ငံရေး ရှင်သန်မှုရှိခြင်းသည် ကောင်းမွန်သည့်လက္ခဏာ

ကျမကတော့ အခြေအနေကို သုံးသပ်လိုက်တဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ် နိုင်ငံရေးဟာ လှုပ်ရှားနေတယ်။ ဒီလိုပဲ ကျမပြောချင်တယ်၊ လှုပ်ရှားနေတဲ့ နိုင်ငံရေးဆိုတာ အင်မတန်မှ ကောင်းပါတယ်။ လှုပ်ရှားမှုမရှိတဲ့ နိုင်ငံရေးသာ မကောင်းတာ။ တခုတော့ ရှိတယ်ပေါ့နော်၊ လှုပ်ရှားနေတဲ့ နိုင်ငံရေးအခြေနေမှာဆို ကျမတို့က သတိနဲ့တော့ နေရမယ်။ ဒီလှုပ်ရှားမှုဟာ နိုင်ငံအတွက် အကျိုးဖြစ်တဲ့ လှုပ်ရှားမှုမျိုး ဖြစ်အောင်လို့ ကျမတို့က သတိနဲ့နေရတယ်၊ သတိနဲ့ ပျိုးထောင်ရမယ်။ အခြေအနေကို ကိုယ်ကနေပြီးတော့ ဘယ်လိုသုံးတယ်ဆိုတာ နိုင်ငံရေးမှာ အင်မတန်မှ အရေးကြီးပါတယ်။

ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ကို ဘယ်တော့မှ ထူးထူးခြားခြား ရန်လိုတာလည်း မဟုတ်ပါဘူး။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ လုပ်တာတွေဟာ မတရားတာတွေ အများကြီးရှိတယ်ဆိုတာ ကျမတို့သိတယ်။ ပြည်သူလူထုလည်း သိတာပဲ။ ကြံ့ခိုင်ရေးဖွံ့ဖြိုးရေးအဖွဲ့က အနှောင့်အယှက်ပေးတာတွေ ဘာတွေနဲ့ ပတ်သက်လို့ ရန်ကုန်ရုံးကပေါ့လေ၊ တရားဝင် အာဏာပိုင်တွေကို အသိပေးပါတယ်။ အာဏာပိုင်တွေအနေနဲ့ လုပ်သင့်သလို လုပ်ပါဆိုတော့ ဘာမှလုပ်မလာဘူး။ ဘာမှမလုပ်လို့ရှိရင်လည်း ကျမတို့ကနေပဲ လုပ်ရတော့မှပေ့ါ။ လုပ်ရတော့မှပေ့ါဆိုတာ ကျမကနေပြီးတော့ ပြည်သူလူထုကို ပြောတဲ့အခါကျရင် ဒီကိစ္စတွေအကြောင်း ကျမတို့ ရှင်းပြမယ်၊ ဒါ ကျမတို့ တာဝန်နော်။

ကျမတို့ဟာ ပြည်သူလူထုကို လက်ရှိအခြေနေကို ပွင့်ပွင့်လင်းလင်း မပြောနိုင်လို့ရှိရင် ဒီမိုကရေစီ နိုင်ငံရေးအဖွဲ့တခုရဲ့တာဝန် မကျေဘူး၊ ပြည်သူလူထုကို တင်ပြရမယ်။ အခြေအနေ ဘယ်လိုရှိသလဲဆိုတာကို၊ အဲတော့.... ကျမတို့ ဒီလိုလာတဲ့အခါကျလို့ရှိရင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က ဒီလိုလုပ်ပါတယ်ဆိုတာ တင်ပြတာဟာ ကျမတို့ဟာ အခြေအနေကို ပြည်သူလူထု သိစေချင်လို့ တင်ပြတာပဲ။ ပြည်သူလူထုကို ဒီကိစ္စတင်ပြဖို့ဟာ ကျမ ဘယ်တော့မှ ဝန်မလေးဘူး။ ပြည်သူလူထု သိကို သိသင့်တယ်။

ဒီလိုဖြစ်နေတယ်ဆိုတာ၊ အဲဒါနဲ့ ကျမက ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့နဲ့ ပတ်သက်လို့ ပြောတဲ့အခါမှာ ကျမက ပြောတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ထဲမှာဆိုရင် အခွင့်အရေးလိုချင်လို့ ဝင်ပြီးတော့ လုပ်နေတဲ့သူတွေ အများကြီး ရှိတယ်။ ကျောင်းသူကျောင်းသားတွေ တော်တော်များများဟာဆိုရင် ဒီအဖွဲ့ထဲကို ဝင်လို့ရှိလို့ရှိရင် အမျိုးမျိုး ခြိမ်းခြောက်မှုတွေလည်း ရှိတယ်။ မက်လုံးပေးမှုတွေလည်း ရှိတယ်ပေ့ါနော်။ ဥပမာဆိုလို့ရှိရင် ဒီအဖွဲ့ထဲ မဝင်လို့ရှိရင် စာမေးပွဲမအောင်ဘူးလို့ ပြောတဲ့နေရာတွေမှာ၊ ပြောတဲ့ နေရာတွေမှာ ပြောတယ်။ ဒါမှမဟုတ် ဒီအဖွဲ့ မဝင်လို့ရှိလို့ရှိရင် ကွန်ပြူတာသင်တန်း မတက်ရဘူး ဆိုတာတွေလည်း ရှိတယ်။ အဲတော့.... အဲဒီဟာတွေကို ကျမက အဲဒါကြောင့် ဒီလို အခြေအနေတွေကြောင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ထဲမှာ ဝင်နေတဲ့သူတွေ အများကြီးရှိတယ်လို့ ပြောတာကို ကျမတို့အနေနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ကို နစ်နာအောင် ပြောသလို ကျမက နေပြီးတော့ လုပ်ရပါတယ်ဆိုတဲ့ ပုံသဏ္ဍာန်မျိုးနဲ့ အာဏာပိုင်တွေက ကျမတို့ကို ရှင်းပြတယ်။

ဒါကို ပြည်သူလူထုအနေနဲ့ သုံးသပ်ပါ။ တရားသလား ပြောတာ။ စပြီးတော့ လုပ်တာက ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က စပြီးတော့ လုပ်တယ်။ ကျမတို့အနေနဲ့ ပြောတာက နစ်နာအောင် ပြောတာ မဟုတ်ဘူး၊ အမှန်ကို ပြောတာ။ အမှန်ကို ပြောလို့ သူတို့နာလို့ရှိရင် မလုပ်နဲ့။

**ပြည်သူ့လွှတ်တော်ခေါ်ယူရေး တောင်းဆိုချက် အောင်မြင်သည့်အထိ ချီတက်သွားရမည်မှာ နိုင်ငံချစ်သူတိုင်း၏ တာဝန်ဖြစ်သည်။**

# ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်အတွင်း ကြံ့ဖွံ့ နှောင့်ယှက်မှု အကြမ်းဖက်အသွင်ဆောင်လာ

**မေ (၂၇)ရက်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၁၃)နှစ်မြောက် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ အထိမ်းအမှတ် အခမ်းအနားနေ့တွင် ရွေးကောက်ပွဲ ကြေညာစာတမ်း တစောင်နှင့်အတူ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးခရီးစဉ်များအတွင်း ကြံ့ဖွံ့အဖွဲ့၏ နှောင့်ယှက်မှုအခြေအနေများအား ဖော်ပြထားသည့် အထူးကြေညာချက်တစောင်ကိုပါ ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးခရီးစဉ်များသည် သက်ဆိုင်ရာအာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်း၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း ခရီးစဉ်များတွင် ကြံ့ဖွံ့အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ပျက်ပြားစေရန် ရည်ရွယ်သည့်သဘောမျိုးနှင့် ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်များကို ဖော်ပြထားသည်။ ထို့ပြင် အဖွဲ့ချုပ်ကို ထောက်ခံအားပေးကြသည့် ပြည်သူလူထုများအား အမျိုးမျိုး ခြိမ်းခြောက် တားဆီးမှုများနှင့်ပတ်သက်၍ နေရာဒေသအလိုက် ဖြစ်ပွားခဲ့သည့်အခြေအနေများကို အသေးစိတ် ဖော်ပြထားသည်။ ကြံ့ဖွံ့အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား နစ်နာအောင် ပုတ်ခတ်ပြောဆိုခြင်း၊ ဥပဒေမဲ့ အော်ဟစ်ပြောဆိုခြိမ်းခြောက်ခြင်း၊ အသရေပျက်ပြားစေသည့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်းတို့အပြင် လူစုလူဝေးများ အဓမ္မစုစည်း၍ လူထုအဓိကရုဏ်းများ ဖြစ်ပွားလာနိုင်သည်အထိ လုပ်ဆောင်ခဲ့ကြကြောင်း၊ သို့ရာတွင် လုံခြုံရေးတာဝန်ယူထားသည့် အဖွဲ့အစည်းများက အဆိုပါအခြေအနေကို တားဆီးထိန်းသိမ်းခြင်းမရှိကြောင်း ထောက်ပြခဲ့သည်။

ယခုလက်ရှိ သွားရောက်နေသည့် ခရီးစဉ်အတွင်း ဟန့်တားမှုများမှာ တုတ်၊ ခဲး၊ လေးခွလက်နက်များ ကိုင်ဆောင်လာကြခြင်း၊ ကိုယ်ထိလက်ရောက်ထိပါးလာခြင်း၊ လောက်လေးခွများ ခဲများဖြင့် အဝေးမှ ပစ်ခတ်ခဲ့ခြင်းများကြောင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ ထောက်ခံအားပေးသူများ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်လာရာ ထိုသို့လုပ်ဆောင်ချက်များမှာ တစစ အကြမ်းဖက်သည့်အသွင်သို့ ရောက်ရှိလာကြောင်း ဖော်ပြထားသည်။ ကြံ့ဖွံ့အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည် စီးနင်းလိုက်ပါလာသည့် ကားကို ခဲနှင့် ထုခဲ့ကြကြောင်းလည်း ဖော်ပြထားသည်။

ထိုအဖြစ်အပျက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်များထံ တိုင်တန်းအကြောင်းကြားထားသော်လည်း ယခုတိုင် အရေးယူ ဆောင်ရွက်ပေးခြင်း မရှိသေးကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြပါရှိသည်။

❖ ❖ ❖

# ကချင်ခရီးစဉ် ဟန့်တားနှောင့်ယှက်မှု မဟုတ်မှန်ကြောင်း နအဖ ငြင်းဆို

**မေ (၂၄)ရက်။ (ဗွီအိုအေ)**

ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ပါတီစည်းရုံးရေးခရီးစဉ်အတွင်း အကြမ်းဖက်နှောင့်ယှက်နေသည်ဟုဆိုခြင်းမှာ မဟုတ်မှန်ကြောင်း နအဖ သတင်းပြန်ကြားရေးအဖွဲ့က ဗွီအိုအေအသံလွှင့်ဌာနသို့ ဖက်စ်တစောင် ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အသံလွှင့်ဌာနက နအဖ ပေးပို့လာသည့် ဖက်စ်မိတ္တူကို ဖတ်ကြားပြရာတွင် အဲန်အယ်ဒီက ပြောနေသော အကြမ်းဖက်ဟန့်တားနှောင့်ယှက်သည်ဆိုသည်မှာ စွပ်စွဲချက်သက်သက်သာဖြစ်ပြီး ပြည်တွင်းပြည်ပတွင် မတရား နှောင့်ယှက်သည်ဆိုသော အသံ ကျယ်ကျယ်လောင်လောင် လာပြီး နိုင်ငံတော်အစိုးရအပေါ် ပြည်ပမှ အထင်အမြင်လွဲစေရန် ဆောင်ရွက်ခြင်းများသာ ဖြစ်သည်။

ကေအိုင်အိုမှ လမ်းလုံခြုံရေး ယူပေးသည်၊ ကေအိုင်အိုအရာရှိတဦး လာတွေ့သည်ဟူသောကိစ္စနှင့် ပတ်သက်၍ မှန်ကန်မှု မရှိကြောင်း၊ အစိုးရနှင့် ငြိမ်းချမ်းရေး ယူထားသောအဖွဲ့များအကြား ထင်ယောင်ထင်မှားဖြစ်စေရန် သွေးထိုးလှုံ့ဆော်မှုတခုသာ ဖြစ်သည်ဟု ဖတ်ကြားထုတ်လွှင့်ခဲ့ပါသည်။

သို့ရာတွင် မေလ (၁၁)ရက်နေ့က နအဖ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် သန်းထွန်းနှင့် အေအက်ဖ်ပီသတင်းဌာနတို့ တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း လုံခြုံရေးနှင့် တိုင်းပြည်တည်ငြိမ်ရေးအတွက် လူထောင်ပေါင်းချီ၍ စုဝေးကြိုဆိုမှုများ မပြုလုပ်ကြရန်၊ ကြိုဆိုရေးဆိုင်းဘုတ်များ ကိုင်ဆောင်၍ ကြွေးကြော်သံများ မဟစ်အော်ရန် တားမြစ် အမိန့်ပေးထားကြောင်း ဝန်ခံပြောကြားထားခဲ့သည်။ ❖



ဗိုလ်မှူးချုပ်သန်းထွန်း



ရောဝတီတိုင်းခရီးစဉ်အတွင်း

နောက်ကျောဖုံးမှအဆက်

သည်ဟု ဆိုသည်။ နှောက်ယှက်ဟန့်တားသူ ကြံ့ဖွံ့အဖွဲ့ဝင်များသည် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ရင်းနှီးနီးကပ်စွာ နေထိုင် ဆက်ဆံနေကြသည်ကို တွေ့ရမြင်ရပါလျက် ဘယ်လိုကြောင့်မှန်းမသိ ကြမ်းကြမ်းတမ်းတမ်း နှောင့်ယှက်ဟန့်တားမှု ပြုခဲ့ကြောင်း အာဏာပိုင်များထံ ဆက်သွယ်ပြောဆိုခဲ့သည်။ သို့ရာတွင် နအဖ၏ တစုံတရာ ပြန်ကြားချက်မရဟု ဆိုသည်။

**မေ(၁၈)ရက်။ ။** ဝိုင်းမော်မြို့သို့ သွားရောက်၍ မြို့နယ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်သည်။ ဝိုင်းမော်မြို့တွင် ကွယ်လွန်သူ ကချင်အမျိုးသားခေါင်းဆောင်တဦး၏ဇနီး ဖိတ်ခေါ်ချက်အရ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။ ဝိုင်းမော်မှ နေ့ ၁၂ နာရီတွင် ပြန်ရောက်၍ မြစ်ဆုံသို့ သွားရောက်သည်။ ထိုမှ မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာရာ ညနေ ၆ နာရီတွင် ပြန်ရောက်သည်။



မကွေးတိုင်း ခရီးစဉ်အတွင်း

ဝိုင်းမော်မှ ကြံ့ဖွံ့အင်အား ၁၀၀ ကျော်တို့က ပိုစတာများနှင့် နှောင့်ယှက်ဟန့်တားခဲ့သည်။

**မေ(၁၉)ရက်။ ။** နံနက် ၉ နာရီတွင် မြစ်ကြီးနားမှ ကေအိုင်အို ထိန်းချုပ်နယ်မြေ လိုင်ဇာဒေသသို့ သွားရောက်ရန် ထွက်ခွာခဲ့သည်။ ညနေ ၅ နာရီတွင် လိုင်ဇာအနီး အန်ဂျန်းယန်သို့ ရောက်ရှိလာရာ စစ်ထောက်လှမ်းရေး အမှတ်(၈) ဗိုလ်မှူးတင်အောင်ကြည်နှင့် အမှတ်(၂၁) ထောက်လှမ်းရေးမှူး ဗိုလ်မှူးမင်းလွင်ဦးတို့က သွားရောက်ခွင့် မပြုခဲ့သဖြင့် ဗန်းမော်မြို့သို့ ဦးတည်ခဲ့ရသည်။

လိုင်ဇာရှိ ကချင်လူထုက မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှ ဒေါ်စုကို ကြိုဆိုနှုတ်ဆက်ရန် ကချင်ရိုးရာဝတ်စုံများ ဝတ်ဆင်၍ စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေခဲ့ကြသည်ဟု သိရသည်။ ကေအိုင်အို ခေါင်းဆောင်များကလည်း ဒေါ်စုရောက်ရှိလာပါက မြို့တော်ခန်းမတွင် မိန့်ခွန်းပြောကြားနိုင်ရန် ပြင်ဆင်ထားခြင်း၊ စာတန်းများရေးထိုး၍ ကြိုဆိုထားခြင်းတို့ ပြုလုပ်ထားကြောင်းသိရပြီး ကျောင်းသူကျောင်းသား ဘိုးဘွားများပါမကျန် မျှော်လင့်ခြင်းကြီးစွာ စောင့်ဆိုင်းနေခဲ့သည်ဟု သိရသည်။

ဒေါ်စုနှင့်အဖွဲ့ လိုင်ဇာမြို့သို့ မရောက်မီ တရက်အလိုတွင် အမှတ်(၂၁) ထောက်လှမ်းရေးတပ်က ကေအိုင်အိုဗဟိုကော်မတီ အတွင်းရေးမှူး ဒေါက်တာတူးဂျာအား ဒေါ်စုနှင့် မတွေ့ရန် ကိုတင်တားမြစ်ခဲ့သည်။ လိုင်ဇာမြို့သည် နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် ကေအိုင်အိုအဖွဲ့၏ အရေးပါသည့် ဒေသဖြစ်သည်။ တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် မြို့တမြို့လည်းဖြစ်သည်။

မေ(၂၀)ရက်။ ။ ခရီးစဉ် ၁၅ ရက်မြောက်နေ့တွင် ဗန်းမော်မြို့နယ် အဖွဲ့ချုပ်ရုံးခွဲကို ဆိုင်းဘုတ်တင်ဖွင့်လှစ်ခဲ့သည်။ ဗန်းမော်မြို့၌ ညအိပ်ရပ်နားရန်စီစဉ်ထားသော်လည်း လမ်းပမ်းကြမ်းတမ်းမှုကြောင့် ကားပျက်နေ၍ ယနေ့နံနက် ၅ နာရီခန့်မှ ရောက်ရှိလာခြင်း ဖြစ်သည်။

ဒေါ်စုနှင့်အဖွဲ့ ဗန်းမော်မြို့သို့အလာ အချို့နယ်မြေများတွင် ကေအိုင်အိုင်အဖွဲ့ ခေါင်းဆောင်ပိုင်း၏ ညွှန်ကြားချက်ဖြင့် ဒေါ်စုကို ခွင့်တောင်း၍ လုံခြုံရေးယူပေးခဲ့ကြောင်း၊ ထိုအချက်သည် ထူးခြားမှုဖြစ်ကြောင်း ဦးလွင်က မှတ်ချက်ချခဲ့သည်။

နေ့လည် ၁၂ နာရီတွင် မြို့နယ်ရုံး၌ ဆိုင်းဘုတ်တင်ပွဲပြုလုပ်စဉ် လူထု နှစ်သောင်းခန့် တက်ရောက်ခဲ့သည်။ ဒေါ်စုက လူထုဟောပြောပွဲတရပ် ပြုလုပ်ပြီးနောက် ရွှေကူမြို့သို့ ခရီးဆက်ခဲ့သည်။

ဗန်းမော်အဝင် (၃)မိုင်ရွာတွင် အင်အား (၃၀၀) ကျော်ခန့်ရှိသည့် ကြံ့ဖွံ့အဖွဲ့က တားဆီးမှု၊ နှောင့်ယှက်မှုများ ပြုလုပ်ခြင်း၊ ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ခြင်းတို့ ပြုလုပ်ရာ အဖွဲ့ချုပ်မှလည်း ပြန်လည်၍ ဓာတ်ပုံရိုက်၊ ဗွီဒီယိုမှတ်တမ်းတင်သည့် အလုပ်များ ပြုလုပ်ခဲ့သည်။ အဖွဲ့ချုပ်က ဗွီဒီယိုမှတ်တမ်းတင်နေစဉ် ကြံ့ဖွံ့အဖွဲ့က ကင်မရာများ လုယူရန် ကြိုးစားခဲ့ကြောင်းသိရသည်။ ထို့ပြင် ဦးတင်ဦး စီးနင်းလိုက်ပါလာသည့်ကားကို ထုရိုက်ခြင်း၊ လက်များဖြင့်ထိုးသွင်းခြင်းတို့ ပြုလုပ်ခဲ့သော်လည်း လုံခြုံရေးတာဝန်ယူထားသူများက အကြမ်းဖက်သူများအား တားဆီးအရေးယူမှု မပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေကူမြို့တွင် အဖွဲ့ချုပ် အဖွဲ့ဝင်များအား သက်ဆိုင်ရာအာဏာပိုင်များက ကြိုတင်တားဆီးမှုများ ပြုလုပ်ထားသည်။ သို့ရာတွင် မြို့အဝင်တွင် လူထုတသောင်းခန့်က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ရွှေကူမြို့နယ်ရုံးကို ညနေ ၅ နာရီခန့်တွင် နှောင့်ယှက်မှု တစုံတရာမရှိဘဲ ဖွင့်လှစ်နိုင်ခဲ့သည်။

ဒေသခံတဦးအဆိုအရ ဤရက်ပိုင်းအတွင်း ကချင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှု၊ လမ်းပမ်းကြမ်းတမ်းမှုကြောင့် ကားစက်များ ချို့ယွင်းမှုဖြစ်ခဲ့ရာ ကားနှစ်စီးလမ်းတွင် ချန်ထားခဲ့ရသည်ဟု သိရသည်။

**မေ(၂၁)ရက်။ ။** ရွှေကူမြို့မှ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်အတွင်းရှိ မဘိန်းမြို့သို့ ခရီးဆက်သည်။ မိုးမိတ်–မဘိန်း အကြားတွင် ရဲနှင့် လဝကတို့က ခရီးစဉ်နှောင့်နှေးကြန့်ကြာအောင် နှောင့်ယှက်ခဲ့သည်။ ထို့ပြင် မဘိန်းမြို့နယ်အတွင်းရှိ အဖွဲ့ချုပ်ပါတီဝင်များ၏ လှုပ်ရှားမှုကို နည်းမျိုးစုံနှောင့်ယှက်နေပြီး ဒေါ်စုနှင့်အဖွဲ့ကို ကြိုဆိုမည့် ပြည်သူလူထုအား ကြံ့ဖွံ့နှင့် စွမ်းအားရှင်အဖွဲ့များက အင်အားသုံးပြီး လူစုခွဲခဲ့သည်။

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ဒေသခံများ၏ အဆိုကိုကိုးကား၍ ကချင်ပြည်နယ်ခရီးစဉ်အတွင်း ဟန့်တားနှောင့်ယှက်မှုပြုသူ အင်အား(၃၀၀)ခန့်ရှိ ကြံ့ဖွံ့အဖွဲ့သည် တဖွဲ့တည်းဖြစ်နိုင်ကြောင်း ကောက်ချက်ချခဲ့သည်။ ၎င်း ကန့်ကွက်ဟန့်တားကြသူများမှာ ကြံ့ဖွံ့အဖွဲ့မှ ထမင်းကျွေး၍ နေ့စားခငွေ ၅၀၀ကျပ်ပေးကာခေါ်ထားသည့် ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားနှင့် ဗန်းမော်အကြား ကားပျက်၍ ကျန်နေခဲ့သူများသည် ကေအိုင်အိုအဖွဲ့၏ အကူအညီဖြင့် ဆက်လက်လိုက်ပါနိုင်ခဲ့သည်။ ၎င်းတို့အား အကူအညီမပေးရန် ဒေသခံအာဏာပိုင်များက အမိန့်ထုတ်ထားသဖြင့် လုံးဝအကူအညီမရဖြစ်နေစဉ် ကေအိုင်အိုက ယခုလို ကူညီခဲ့ခြင်းကို ကျေးဇူးတင်ကြောင်း အဖွဲ့ချုပ်က လေးလေးနက်နက် အသိအမှတ်ပြု ပြောကြားခဲ့သည်။

**မေ(၂၂)ရက်။ ။** ယမန်နေ့ညက မဘိန်းတွင် ညအိပ်ရပ်နားခဲ့သော ဒေါ်စုနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် မိုးကုတ်မြို့သို့ ရောက်လာသည်။ မိုးကုတ်တွင် ကြိုဆိုသူလူထုအင်အား ၂၀၀,၀၀၀(နှစ်သိန်း)ခန့် ရှိ



လာရောက်အားပေးကြသော ပြည်မြို့ရှိ ပြည်သူလူထုများ

ပြီး မြို့အဝင်မှ အဖွဲ့ချုပ်ရုံးသို့ ရောက်ရန် ၂ နာရီကြာ ကားမောင်းခဲ့ရသည်။ ညနေ ၄ နာရီတွင် မြို့ထဲဝင်နိုင်ခဲ့သော်လည်း ၆ နာရီကျော်မှ အဖွဲ့ချုပ်ရုံးသို့ ရောက်သည်။

မိုးကုတ်အဖွဲ့ချုပ်ရုံးတွင် လူထုပရိသတ်ကြီးအား ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းကောက်နှုတ်ချက်ကို သီးခြားဖော်ပြထားသည်)**

မိုးကုတ်မြို့တွင် နှောင့်ယှက်မှုများ မကြုံတွေ့ခဲ့ရသည့်အပြင် ကြံ့ဖွံ့ဝတ်စုံကို မဝတ်ဆင်ရန် အာဏာပိုင်များက တားမြစ်ထားကြောင်း သိရသည်။ မိုးကုတ်မြို့တွင် ၂ ရက်ကြာ နားခဲ့သည်။

**မေ(၂၃)ရက်။ ။** ဒေါ်စုနှင့်အဖွဲ့ မိုးကုတ်မြို့တွင် အနားယူနေစဉ် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တဦးနှင့် အခြားနှစ်ဦး ဖမ်းဆီးခံရကြောင်း သိရသည်။ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ ဘဏ္ဍာရေးမှူး ဦးဝင်းမောင်နှင့် စည်းရုံးရေးမှူး ဦးတင်လှိုင်တို့အား စစ်ထောက်လှမ်းရေးက လွန်ခဲ့သည့် သီတင်းပတ်က ဖမ်းဆီးခဲ့ပြီး မေ (၂၂)ရက်နေ့တွင် ထောင် (၂)နှစ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့နှင့်အတူ အခြားပါတီမှ (၆)ဦးပါ ဖမ်းဆီးခဲ့ကြောင်းသိရပြီး ၎င်းတို့ကို စီရင်ချက်ချမှတ်ခြင်း မရှိသေးပေ။ ထောင်တွင်း တရားစီရင်ခြင်းဖြစ်ပြီး ဖမ်းဆီးထောင်ချခံရသူများအတွက် အဖွဲ့ချုပ်က အယူခံဝင်မည်ဟု သိရသည်။

၎င်းတို့သည် စည်းရုံးရေးဆင်းစဉ် အစိုးရအပေါ် ပုတ်ခတ်စွပ်စွဲပြောဆိုခဲ့သည့်အပြင် လူထုအတွင်း ဆူပူအောင် လှုံ့ဆော်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အာဏာပိုင်များက အကြောင်းပြသည်။

ယခုဖမ်းဆီးမှုသည် ဒေါ်စု နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပြီး ပါတီစည်းရုံးရေးခရီးစဉ်များ လှည့်လည်စဉ် ဒုတိယအကြိမ် ဖမ်းဆီးမှုဖြစ်သည်။ ပထမတကြိမ်မှာ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း ကျိုင်းတုံမြို့မှ စည်းကော်မတီနှစ်ဦးကို လယ်သမားအရေး ဆောင်ရွက်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူ ဦးစိုင်းဖ (စိုင်းဖ)သည် အကျဉ်းထောင်အတွင်း နှိပ်စက်ညှဉ်းပန်းမှုများကြောင့် သေဆုံးခဲ့ရသည်။

ဒေါ်စုနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းရှိ မုံရွာ၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ တန့်ဆည်မြို့နယ် (၅)မြို့နယ်ကို ဆိုင်းဘုတ်တင် ဖွင့်လှစ်မည်ဖြစ်သည်။ ဦးလွင်က ကချင်ပြည်နယ်ခရီးစဉ်သည် မျှော်မှန်းထားသည်ထက် အောင်မြင်မှုရရှိခဲ့ကြောင်း မှတ်ချက်ချခဲ့ပြီး ကြံ့ဖွံ့အဖွဲ့သည် အနှောင့်အယှက် အဟန့်အတားမရှိ လွတ်လပ်စွာ လှုပ်ရှားမှုရနေသည်မှာ စဉ်းစားဖွယ်ဖြစ်နေကြောင်း ဝေဖန်ပြောကြားခဲ့သည်။

**မေ(၂၄)ရက်။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မိုးကုတ်မြို့တွင် ဆက်လက်အနားယူပြီးနောက် မိုးကုတ်မှ ကြပ်ပြင်မြို့သို့ သွားရောက်မည်ဟု သိရသည်။

**မေ(၂၅)ရက်။ ။** နံနက် ၉ နာရီ ၃၀ မိနစ်တွင် ကြပ်ပြင်မြို့သို့ ရောက်ရှိသည်။ မြို့ခံတဦး၏အဆိုအရ လူဦးရေ (၃)သိန်းကျော်တို့သည် မော်တော်ဆိုင်ကယ်များ၊ ကားများဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။ ဒေါ်စုက ပြည်သူများအား မိန့်ခွန်းပြောကြားခဲ့ပြီးနောက် နံနက် ၁၁ နာရီတွင် စဥ့်ကူးမြို့သို့ ခရီးဆက်ခဲ့သည်။ အပြန်လမ်းတလျှောက်တွင် ပြည်သူလူထုကြီးက အိုးစည်ဗုံမောင်းများတီး၍ နှုတ်ဆက်ခဲ့ကြသည်။



ရောဝတီတိုင်းခရီးစဉ်အတွင်း လူထုအား မိန့်ခွန်းစကားပြောကြားစဉ်

တဘက်စာမျက်နှာသို့

## တဘက်စာမျက်နှာမှ

ကြပ်ပြင်တွင် ကြံ့ဖွံ့အဖွဲ့က နေ့စားခ ၅၀၀ ပေး၍ ခေါ်ယူထားသည့် ရှောနှင့် ကုလားလူမျိုးအနည်းအကျဉ်းက ဆန့်ကျင်ရေး ပိုစတာများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် ကြပ်ပြင်မြို့နှင့် မိုင် ၇၀–၈၀ ခန့် ကွာဝေးသော ကျေးရွာများမှ ကြံ့ဖွံ့အဖွဲ့က ခြိမ်းခြောက်ခေါ်ယူခဲ့သူများ ဖြစ်သည်ဟု ဒေသခံတို့ကဆိုသည်။ ကြံ့ဖွံ့အဖွဲ့က ဆန္ဒပြပွဲမတက်ရောက်ပါက ၎င်းတို့၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအား သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့သည့်အတွက် လာရောက်ကြသူများဖြစ်သည်။ ထိုရွာသားများမှာ စာမတတ်သဖြင့် ဆိုင်းဘုတ်များကို ပင် ဇောက်ထိုးကိုင်ခဲ့ကြသူများရှိကြောင်း ဒေသခံများက ဆိုသည်။

စဥ့်ကူးမြို့သို့ ဆက်လက်ထွက်ခွာရာ မြို့အဝင် လက်ပံလှနှင့် ကျည်တောက်ပေါက်ရွာများသို့ ရောက်ချိန်တွင် ခရီးစဉ်အတွင်း ကြုံခဲ့ရသည့် နှောင့်ယှက်မှုများအနက် အဆိုးရွားဆုံးအခြေအနေကိုကြုံခဲ့ရသည်ဟု ဦးလွင်က ဆိုသည်။ ဦးလွင်အဆိုအရ မန္တလေး၊ ကျောက်ဆည်၊ မတ္တရာနှင့် အမရပူရတို့မှ ရယက ဥက္ကဋ္ဌများက ဆင့်ခေါ်ထားသူ ၃၀၀ ကျော်တို့အား ကားအစီး ၂၀ ဖြင့် ခေါ်ယူလာပြီး ဆိုးဆိုးရွားရွား နှောင့်ယှက်ခဲ့ကြသည်။ ထို့ပြင် အနီးဝန်းကျင်ရှိ ရွာများမှ ရွာသားများကိုလည်း တအိမ်တယောက် မလာမနေရအမိန့်ထုတ်၍ ခေါ်ယူထားခဲ့သည်။ မလာရောက်ပါက ထောင်ဒဏ် ၇ နှစ်ချမှတ်မည်ဟုလည်းကောင်း၊ ရွှေကျင်နေသည့် လုပ်ကွက်များကို ပိတ်ပစ်၍ လက်ပံလှရွာ လမ်းဖောက်လုပ်ရေးတွင် လုပ်အားပေးခိုင်းစေမည်ဟုလည်းကောင်း ကျေးရွာဥက္ကဋ္ဌများက ခြိမ်းခြောက်ခဲ့ကြသည်။ သို့ရာတွင် တားဆီးပိတ်ပင်မှုများကြားမှ ပြည်သူလူထုသည် ဒေါ်စုနှင့်အဖွဲ့ကိုကြိုဆိုရန် ကျည်တောက်ပေါက်ရွာ၏ ကားလမ်းဘေးတဘက်တချက်စီတွင် နေရာယူထားကြသည်။ ကြံ့ဖွံ့ကားများက ၎င်းတို့၏ကားများဖြင့် လမ်းဘေးတဘက်တချက်စီ၌ စီတန်းစောင့်ကြိုနေကြသည့် လူထုကို လိုက်လံတိုက်ခိုက်ခဲ့ရာ ပြေးလွှားရှောင်တိမ်းခဲ့ကြရသည်။ မရှောင်လျှင် ကိုယ့်အလောင်းကိုယ် ပြန်ကောက်သွားရမည်ဟု အော်ဟစ်၍ ကားနှင့် လိုက်တိုက်ခဲ့ခြင်းဖြစ်သည်။ ကားများပေါ်တွင်လည်း အသံကျယ်လောင်အောင် အထူးပြုလုပ်ထားသည့် စပီကာကြီးများတပ်ဆင်၍ အော်ဟစ်ခဲ့ကြသလို သံပုံးများထု၍ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်။ ကားပေါ်တွင် လိုက်ပါလာသူများကလည်း တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်ထားကြပြီး ခုတ်မည်၊ ပစ်မည်ဟု အော်ဟစ်ခြိမ်းခြောက်ခဲ့ကြသည်။ အဖွဲ့ချုပ်လူငယ် မောင်ထွန်းထွန်းဝင်းသည် အဝေးမှ ခဲနှင့် ပစ်ခတ်ခံခဲ့ရသည့်အတွက် ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။ နှောင့်ယှက်သူများသည် ဒေါ်စု စီးနင်းလာသည့် ကားစက်ခေါင်းဖုံးကို ပြင်းပြင်းထန်ထန် ထုနှက်ရိုက်ပုတ်ခဲ့ကြသည်။ ၎င်းတို့သည် နှစ်မိုင်ခန့်ရှည်လျားသည့် ခရီးအထိ ဤကဲ့သို့ လိုက်လံနှောင့်ယှက်ခဲ့ကြခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မူလက စဥ့်ကူးမြို့တွင် ညအိပ်ရပ်နားရန် ဖြစ်သော်လည်း လက်ပံလှရွာတွင် ညအိပ်ရပ်နားခဲ့ရသည်။ ဦးတင်ဦးက လက်ပံလှရဲစခန်း၌ နှောင့်ယှက်ဟန့်တားမှုများ၊ ဒဏ်ရာအနာတရဖြစ်အောင် တိုက်ခိုက်ခံရမှုများအား သွားရောက်အမှုဖွင့်တိုင်ကြားခဲ့သည်။

**မေ(၂၆)ရက်။** ။ ဒေါ်စုနှင့်အဖွဲ့သည် မတ္တရာမြို့တွင် လူငယ်စည်းရုံးရေးအဖွဲ့ ဖွဲ့စည်းရန် ရောက်ရှိလာခဲ့သည်။ မတ္တရာမြို့တွင် လူထုထောင်နှင့်ချီ၍ ကြိုဆိုနှုတ်ဆက်ကြသည်။ ကြံ့ဖွံ့များ ကား(၅)စီးဖြင့် ရောက်ရှိလာကာ ပိုစတာများကိုင်၍ အော်ဟစ်နှောင့်



ပုသိမ်မြို့ခရီးစဉ်အတွင်း

ယှက်ကြပြန်သည်။ မတ္တရာ၌ လူငယ်အဖွဲ့ဖွဲ့စည်းရေးအတွက် အစည်းအဝေးကျင်းပနေစဉ် ကြံ့ဖွံ့အဖွဲ့က အပြင်မှ အော်ဟစ်နှောင့်ယှက်နေသဖြင့် ဒေါ်စုကို အားပေးကြိုဆိုရန် ရောက်ရှိနေသည့် သံဃာတော် ၆ ပါးက ကြံ့ဖွံ့အဖွဲ့ဝင်များအား ကန့်ကွက်ခဲ့ကြသည်။

မတ္တရာမြို့မှ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာလာစဉ် ပုသိမ်ကြီးမြို့အဝင်တွင် ကြံ့ဖွံ့အဖွဲ့သားများ ကားအစီး(၅၀)ကျော်နှင့် ရောက်ရှိလာပြီး အော်ဟစ်နှောင့်ယှက်ခဲ့သည်။ ထိုအချိန်တွင် ကြံ့ဖွံ့အဖွဲ့များက ကျည်တောက်ပေါက်ရွာ၌ ဆိုးဆိုးရွားရွား နှောင့်ယှက်ခဲ့မှုကို မခံမရပ်နိုင်ဖြစ်နေသော သံဃာတော်များ ကားတစီးဖြင့် ရောက်ရှိလာပြီး တားဆီးခဲ့သည့်အတွက် ကြံ့ဖွံ့အဖွဲ့များ လှည့်ပြန်သွားကြသည်။ သံဃာတော်များက ဒေါ်စုနှင့်အဖွဲ့အား မန္တလေးမြို့အထိ စောင့်ရှောက် လိုက်ပါ ပို့ဆောင်ပေးခဲ့ကြသည်။

ဒေါ်စုနှင့်အဖွဲ့သည် ထိုနေ့ညနေ ၆ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိလာကြသည်။ ည ၉ နာရီတွင် မန္တလေးမြို့ခံလူထုကြီးအား ဒေါ်စုက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

နအဖက မတ္တရာနှင့် ပုသိမ်ကြီးမြို့များတွင် ဖြစ်ပွားခဲ့သည့် သံဃာတော်များနှင့် ကြံ့ဖွံ့အဖွဲ့များ၏ ထိပ်တိုက်ရင်ဆိုင်မှုသည် အန်အယ်လ်ဒီက သံဃာတော်များအား ခုတုံးလုပ် အသုံးချခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

ထိုအတောအတွင်း အာဏာပိုင်များက မုံရွာမြို့တွင် ဒေါ်စုနှင့်အဖွဲ့လာလျှင် ရုတ်ရုတ်သဲသဲမဖြစ်ရေး ထိန်းသိမ်းပေးရန် မုံရွာရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား သွားရောက်လျှောက်ထားခဲ့ကြောင်း၊ ထို့ပြင် သံဃာတော်များအနေဖြင့် ဒေါ်စု ရောက်ရှိလာပါက ထွက်မတွေ့ရန် မှာကြားထားကြောင်း မုံရွာမြို့မှ ဆရာတော်ကြီးတပါးအဆိုအရ သိရသည်။

**မေ(၂၇)ရက်။** ။ နံနက်ပိုင်းတွင် မန္တလေး ကျောက်သပိတ်ရှိ ရတနာမဥ္ဇူဘုရားကို သွားရောက်ဖူးမျှော်ခဲ့ပြီး ထိုမှတဆင့် တံတားဦးမြို့သို့ သွားရောက်ကာ တံတားဦးလူငယ်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် မန္တလေးမြို့သို့ လှည့်ပြန်လာပြီး မန္တလေးအရှေ့မြောက်မြို့နယ် လူငယ်စည်းရုံးရေးအဖွဲ့ ဖွဲ့စည်းသည်။ ဒေါ်စုသည် မန္တလေးအနောက်မြောက်မြို့နယ် အဖွဲ့ချုပ်ရုံးရှေ့တွင်ကြိုဆိုနေသည့် လူထုအား နှုတ်ဆက်စကားပြောကြားခဲ့သည်။



မကွေးတိုင်းခရီးစဉ်အတွင်း လူထုကြိတ်ကြိတ်တိုးစည်ကားခဲ့



**ဒီကနေ့ဆိုလို့ရင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲတုန်းက ပြည်သူလူထုဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို တခဲနက်ထောက်ခံခဲ့ပါတယ်။ အဲဒီကျေးဇူးကို ကျမတို့ အဖွဲ့ချုပ်က မမေ့သင့်ပါဘူး။ အဲဒီကျေးဇူးတွေကို ကျမတို့အနေနဲ့ ပေးဆပ်ဖို့ဟာတွေ ရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီကျေးဇူးတွေကို ပေးဆပ်နိုင်တဲ့နည်းဟာ တနည်းပဲ ရှိတယ်။ ကျမတို့ဆက်လက်ပြီးတော့ ဒီမိုကရေစီရရှိတဲ့အထိ ကြိုးပမ်းသွားရမှာပဲ။ အမြန်ဆုံးရအောင်လို့ ကြိုးပမ်းဖို့လည်း လိုပါတယ်။ ကျမတို့နိုင်ငံမှာ ဒီမိုကရေစီမရမချင်းတော့ နာနေမှာပဲ။ ဒါကြောင့်မို့လို့ အမြန်ဆုံးဒီမိုကရေစီရအောင်လို့ ကျမတို့က ကြိုးစားရမယ်။ ကြိုးစားတဲ့နေရာမှာ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှု လိုတယ်။ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုမရှိဘဲနဲ့ ဘယ်နိုင်ငံရေး လုပ်ငန်းမှ ရေရှည်မှာ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။**

**[(၁၃)နှစ်မြောက် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့တွင်<br>မန္တလေးတိုင်း အရှေ့မြောက်မြို့နယ် အဖွဲ့ချုပ်ရုံးရှေ့၌<br>ပြည်သူလူထုကြီးအား ပြောကြားခဲ့သည့်<br>ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နှုတ်ချက်]**

**မေ(၂၈)ရက်။** ။ ဒေါ်စုနှင့်အဖွဲ့ မန္တလေးမြို့တွင် အနားယူသည်။ ထိုနေ့တွင် နအဖသတင်းထုတ်ပြန်ရေးအဖွဲ့က ဒေါ်စုကို ကြိုဆိုကြသည့် မော်တော်ဆိုင်ကယ်များကြောင့် ယာဉ်တိုက်မှုများ၊ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။

**မေ(၂၉)ရက်။** ။ ဒေါ်စုနှင့်အဖွဲ့သည် မန္တလေးမှ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ခရီးဆက်ခဲ့သည်။ ဒေါ်စုနှင့်အဖွဲ့အား အနှောင့်အယှက်ပြုရန် ကြံ့ဖွံ့အဖွဲ့မှခြိမ်းခြောက်ခေါ်ယူခဲ့သည့် လူငယ်လေးများက စစ်ကိုင်းတံတားအနီးသို့ ဒေါ်စုရောက်ရှိလာချိန်တွင် လက်အုပ်ချီ၍ ကန်တော့ခဲ့ကြကြောင်း ဦးလွင်က ဆိုသည်။ မန္တလေးမြို့မှသံဃာတော်များသည် ဒေါ်စုနှင့်အဖွဲ့အား စစ်ကိုင်းတိုင်း မြင်းမူမြို့အထိ လိုက်ပါပို့ဆောင်ခဲ့ပြီး မြင်းမူရှိ သံဃာတော်များက မုံရွာမြို့ရောက်အောင် အဆင့်ဆင့် လိုက်ပါပို့ဆောင်ခဲ့သည်။ မုံရွာမြို့သို့ ညနေ ၈ နာရီခန့်တွင် ရောက်ရှိလာရာ မီးဖြတ်ထားသဖြင့် လူထုက မိုးညှင်း သံဗုဒ္ဓေလမ်းထောင့်မှစ၍ ဖယောင်းတိုင်များ ကိုယ်စီထွန်းညှိပြီး ကြိုဆိုရာ မီးထွန်းပွဲတော်တခုပမာ စည်ကားသိုက်မြိုက်လှကြောင်း မြို့ခံတဦးအဆိုအရ သိရသည်။ ည ၉ နာရီခန့်တွင် အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိလာပြီး ညတွင်းချင်း မြို့နယ်ရုံးဆိုင်းဘုတ်တင်သည်။ ထို့နောက် ပြည်သူလူထုအား မိန့်ခွန်းပြောကြားခဲ့သည်။ ကြံ့ဖွံ့ ၂၀၀ ကျော်ခန့်ရှိနေသော်လည်း သံဃာတော်များ စောင့်ကြပ်နေသည့်အတွက် အနှောင့်အယှက် မပြုလုပ်နိုင်ခဲ့။ ထိုညသန်းခေါင်ကျော်ချိန်မှ အဖွဲ့ချုပ်လူငယ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

**မေ(၃၀)ရက်။** ။ ဒေါ်စုနှင့်အဖွဲ့သည် နံနက်ပိုင်း၌ မုံရွာမြို့ ဇောတိကကျောင်းတိုက် ဆရာတော်နှင့် ဥက္ကံတောရ ဆရာတော်ကြီးများအား သက်န်းကပ်လှူပူဇော်ခဲ့သည်။ ထို့နောက် မုံရွာမြို့မှ ဘုတလင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ လမ်း၌ အနှောင့်အယှက် တစုံတရာမရှိ။ ထိုမှတဆင့် ဒီပဲယင်းသို့ ခရီးဆက်မည်ဖြစ်သည်။ ဒေသခံအာဏာပိုင်များက လမ်းတလျှောက် ရဲများ ထူထပ်စွာ ချထားကြောင်း သိရသည်။ ❖

## ကျေးဇူးတင်ရှိခြင်း

ဓာတ်ပုံများနှင့် ပြည်တွင်းသတင်းများအား အသုံးပြုခွင့်ပေးခဲ့သည့်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွှတ်မြောက်နယ်မြေ)နှင့်
နိုင်ငံရေးအံ့တုကော်မတီတို့အား
မိုးကြိုးသတင်းစဉ်မှ အထူးကျေးဇူးတင်ရှိပါကြောင်း ...

မိုးကြိုး

○ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ အခန်းအနားမှ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီလိုအပ်နေသည်ကို အထင်အရှားတွေ့မြင်ရကြောင်း အဖွဲ့ချုပ် အနေဖြင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည် ဖော်နိုင်ရေး အတွက် တစိုက်မတ်မတ်ဆက်လက်ကြိုးပမ်း သွားရန်လည်း တိုက်တွန်းထားသည်။ သဝဏ်လွှာ၏ နိဂုံးပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်က "၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနေ့ကို ပြန်လည်သတိရပြီး ၎င်းရွေးကောက်ပွဲရဲ့ ရလဒ်ကို အကောင်အထည်ဖော်ရေးအတွက် အားမာန်သစ်များနဲ့ ပြည့်ဝလာစေချင်ပါတယ်။ ပြည်သူတွေရဲ့ ဒုက္ခမျှော်လင့်ချက်တွေကို စိုးရိမ်ပင်ပန်းမှုများနှင့် ထိတွေ့နေရတာကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူ့အကျိုးအတွက် ရာနှုန်းပြည့် တာဝန်ကျေပွန်စွာနဲ့ လုပ်ဆောင်စေချင်ပါတယ်။ ၁၉၉၀ ပြည့်နှစ်က ပြည်သူတွေက ယုံကြည်စိတ်ချစွာနဲ့ ပေးထားတဲ့ တာဝန်အားလုံး ပြည့်ပြည့်ဝဝ ကျေပွန်သည်အထိ ကိုယ်ကျိုးမဖက် ပြည်သူ့အကျိုးအတွက် လှုပ်ရှားကြိုးပမ်းနေတဲ့အဖွဲ့ဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြတဲ့ အဖွဲ့ဝင်များ ဒီမိုကရေစီလိုလားသူများနဲ့ ဧည့်သည်တော်ကြီးများအားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်လိုက်ပါတယ်ရှင်"ဟု ရေးသားဖော်ပြထားသည်။

အခမ်းအနားသို့ အဖွဲ့ချုပ် ခေါင်းဆောင်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် မဟာမိတ်တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် ဖိတ်ကြားထားသူ ဧည့်သည်သံတမန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

❖ ❖ ❖

## တာချီလိတ်တွင် ဓာတ်ဆီယာဉ်တန်းတခု ခြံခိုတိုက်ခိုက်ခံရ

**မေ (၂၂)ရက်။**

ယမန်နေ့က ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သော တာချီလိတ်မြို့တွင် ယနေ့ ဆက်လက်၍ ဓာတ်ဆီ သယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းတခုအား အမည်မသိသူတစုက ခြုံခိုပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့မှ ဦးတည်မောင်းနှင်လာသော လုံခြုံရေးအစောင့်အရှောက်များ လိုက်ပါလာသည့် ဓာတ်ဆီတင်ကား (၉)စီးပါ ယာဉ်တန်းကို တာချီလိတ်မြို့အနီး လွိုင်ဆမ်စောင် (ခေါ်) တောင်သုံးလုံးအမည်ရှိ နေရာ၌ အမည်မသိသူများက ဒုံးကျည်များဖြင့် ပစ်ခတ်၍ ချုံခိုတိုက်ခိုက်ခဲ့ရာ ဓာတ်ဆီတင်ကား(၃)စီး မီးလောင်ပျက်စီးသွားပြီး (၃)စီးမှာ ချောက်ထဲ ကျသွားကြောင်း သိရသည်။ ထိုတိုက်ခိုက်မှုကြောင့် ယာဉ်မောင်းသူတဦး၊ အရပ်သား(၃)ဦး သေဆုံးခဲ့ပြီး လုံခြုံရေးလိုက်ပါလာသူ စစ်သား(၃)ဦးမှာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

တာချီလိတ်မြို့အနီး ယခုလို တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားနေသော်လည်း နအဖ အာဏာပိုင်များက တစုံတရာ ထုတ်ဖော်ပြောကြားမှု မပြုလုပ်သေးကြောင်း သိရသည်။ ❖

## ရွှေဟောင်းမြို့တော်ကို အလှဖျက်မည့် မျှော်စင်အတွက် ယူနက်စကိုက စိုးရိမ်

**မေ (၁၉)ရက်။**

မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့တော်တမြို့ဖြစ်သည့် ပုဂံတွင် အမြင့်ပေ(၂၀၀)ရှိ မျှော်စင်တခု တည်ဆောက်ရန် ဆောင်ရွက်နေသည့်အပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်း ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ထုတ်ဖော်ပြောဆိုသော်လည်း ဆက်လက်တည်ဆောက်သွားမည်ဟု အစိုးရအရာရှိကြီးတဦးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ထိုသို့ တည်ဆောက်လိုက်ပါက ပုဂံရှေးဟောင်းဘုရားများ၏ အလှနှင့် သဘာဝပတ်ဝန်းကျင်ကို မျှော်စင်က အကျည်းတန်သွားနိုင်သည့်အပေါ် (UNESCO)က စိုးရိမ်မှုများ ရှိနေခဲ့သည်။

စစ်အုပ်စုသည် ပုဂံမြို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုရန် အစဉ်တစိုက် ကြိုးပမ်းနေသည့်ကြားမှ (UNESCO) ၏စိုးရိမ်မှုကို အလေးမထားဘဲ အမြင့်မီတာ ၆၀ (ပေ ၂၀၀)ရှိသည့် မျှော်စင်တခုကို မြန်မာ့ရှေးဟောင်း ရိုးရာပုံစံနှင့် တည်ဆောက်သွားမည်ဖြစ်ဟု မြန်မာ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားရေးမှူးချုပ်က မြန်မာတိုင်းမ်ဂျာနယ်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

❖ ❖ ❖

## ခိုးဝင်သူများထံမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**မေ (၁၈)ရက်**

စစ်ထောက်လှမ်းရေးတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မုံးကိုးမြို့ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ် (၁/၅၆)သို့ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသားတဦးနှင့် အပေါင်းပါ (၂)ဦးတို့အား ဘိန်းဖြူတောင်း ၅၀ (အလေးချိန် ၅၀၀ ဂရမ်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရုတ်နိုင်ငံသား ကချင်လူမျိုးမှာ မမာတောင်၊ (အဘ)တိန်နဂန် တရုတ်နိုင်ငံ လုံချမ်းခရိုင် လုံချမ်းမြို့နယ် ဖုန်ဆိုင်ရွာတွင် နေထိုင်သူဖြစ်ပြီး အခြား (၂)ဦးမှာ ကော့လန်နှင့် အမည်မသိ တဦးတို့ဖြစ်သည်။ ၎င်းတို့အား လဝက အက်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

❖ ❖ ❖

# ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်းနှင့် ဒီမိုကရက်တစ်မြန်မာ့အသံ အသံလွှင့်ဌာနတို့ တွေ့ဆုံမေးမြန်းခန်းမှ ကောက်နှုတ်ချက်


ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်း

**မေး။ ။** ဟုတ်ကဲ့ဆရာ၊ အဲတုန်းက အခြေအနေမျိုးကော ဆရာ၊ ကျနော်တို့ သတင်းတွေတော့ ကြားရပါတယ်။ ဆရာ ဆန္ဒပြပြီးတော့ ဖမ်းသွားတယ်၊ ထောင်ချလိုက်တယ်၊ အခု လွတ်လာတယ်ပေါ့လေ။ အကျဉ်းရုံးပြီးတော့ ဆရာ့ကို ဘယ်လိုဖမ်းတယ်၊ ဖမ်းတော့ ဘယ်လိုခေါ်လဲ၊ ရှေ့နေ ငှားခွင့်တို့၊ တရားရုံးမှာ ထုချေခွင့်တို့ ဘယ်လိုမျိုးရှိလဲ ခင်ဗျား။

**ဖြေ ။ ။** အဲဒါတော့ သူတို့ထုံးစံအတိုင်းပါပဲ။ ဒါတော့ သိပ်ပြီးတော့ အထူးအထွေ ပြောစရာမလိုပါဘူး ထင်တယ်။ သူတို့ ဖမ်းတယ်၊ သူတို့ ဖမ်းပြီးတော့မှ သူတို့လည်း ပြောပြတာပေါ့ဗျာ၊ အစုံပဲ။ ဒါ မဖြစ်ပါဘူး။ ဒါ အဘ မကျေနပ်တဲ့ဥစ္စာဟာ ကျနော်တို့ ဘယ်လိုဆည်တွေ ဘယ်လိုလုပ်တယ်၊ ဘာတွေလုပ်တယ်၊ ညာလုပ်တယ်၊ အဲဒါမျိုးတွေပေါ့၊ ဒါတွေပြောတယ်။ နောက် သူတို့ ကျနော့်ကို သုံးရက်လောက်ထားပြီးတော့ သူတို့ ဗိုလ်တထောင် ထောက်လှမ်းရေးမှာ ကျနော့်ကို သူတို့ စစ်ဆေးတယ်။ ကျနော်လည်း အမှန်အတိုင်းပဲပြောပါတယ်။ ကျနော်က နဂိုကလည်း သူတို့ဖမ်းပြီးရင် ဘာဖြစ်မယ်ဆိုတာ ကျနော်က စိတ်ထဲမှာတော့ အဆုံးအဖြတ်ထားပြီးသားလေ။ ဆုံးဖြတ်ပြီးသားဆိုတော့ ကျနော်က ဆန္ဒပြရင်းကို၊ အဲဒီမှာတင်ပဲ ကိုယ့်သွေးအိုင်ထဲမှာပဲ ကိုယ်လဲသေနေမလား။ ဒါလည်း အဲဒီအထိကို ကျနော် ဆုံးဖြတ်ပြီးသားပဲ။ သို့သော်လည်းပဲ ကျနော် ဆန္ဒပြတဲ့အလှည့်ကျတော့ အင်မတန်ကို ကံကောင်းကြပါတယ်။ ကျနော် အံ့ဩလောက်အောင်ကို ကောင်းတယ်။ ကျနော့်ကို အမြဲတမ်း အကောင်းဆုံး ဆက်ဆံတယ်၊ သူတို့ ဆက်ဆံပြီးတော့ နောက်ဆုံးကျတော့ ကျနော်လည်း ပြောချင်တာတွေပြော။ ပြောပြီးလို့ရှိရင် နောက်တခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို စာရေးပါဆိုလို့ ကျနော်လည်း ရေးတယ်။ ရောက်လားမရောက်လားကတော့၊ ဒါက ကျနော်လည်း မသိဘူးပေါ့ဗျာ။ အဲဒါနဲ့ပဲ ကျနော်လည်း အခြေအနေတွေ အကုန်လုံး ပြောပြပြီးတော့မှ ကျနော်လည်း တင်ပြတဲ့သဘောပဲ။ အဲနောက်ဆုံးကျတော့ သူတို့က ပြောပါတယ်။ အဘရယ်တဲ့၊ အဘပြောတဲ့ ဥစ္စာတွေကို ကျနော်တို့ နားလည်ပါတယ်တဲ့၊ သဘောတူတယ်လို့တော့ မပြောပါဘူး၊ နားလည်ပါတယ်တဲ့။ သို့သော်လည်းပဲ ဒီ သူတို့ရဲ့ ဟို Law and Order ကို ဘရိတ်လုပ်တဲ့အတွက်ကြောင့် ကျနော့်ကိုတော့ ထောင်ထဲပို့ရမှာပဲတဲ့။ အဘလည်း အဆုံးတွေးထားတဲ့သူ မဟုတ်လားတဲ့။ ဟုတ်ပါတယ်လို့၊ ပို့ပါလို့၊ ခင်ဗျားတို့ ပို့မယ်ဆိုရင်တော့လို့။ ထောင်ထဲမှာ ကျနော့်ကိုထားတယ်။ ထောင်ထဲ တော်တော်လေး၊ တလလောက်ကြာပြီးမှ သူတို့ ကျနော့်ကို စစ်တယ်။ ပထမဦးဆုံး စစ်တော့ ကျနော်ပြောတယ် တရားသူကြီးကို၊ ကျနော့်အိမ်က လူတွေလည်း ခေါ်ချင်ပါတယ်လို့။ ဒါ ကျနော်နဲ့ မဆိုင်ဘူးတဲ့ တရားသူကြီးက၊ အဲ ကျနော်လည်း ထပြောချင်တယ်၊ ဘာလဲဆိုတော့ ခင်ဗျားနဲ့မှ မဆိုင်ရင် ဘယ်သူနဲ့မှ၊ တရားသူကြီးမင်းနဲ့မှ မဆိုင်ရင် ဘယ်သူနဲ့ ဆိုင်သေးသလဲလို့ ကျနော်မေးချင်တယ်။ ပြောချင်တာပေါ့လေ။ သို့သော်လည်း မပြောချင်ပါဘူး။ ဒါက ကျနော်က နဂိုကဒါဖြစ်မယ်ဆိုတာ မျှော်လင့်ပြီးသားကို။ ထောင်ထဲကလည်း လူတိုင်းက ကျနော့်ကို ပြောတယ်။ အဘ ၇ နှစ် ကျမယ်တဲ့။ အဲဒီမှာ ကြမ်းခင်းဈေးပဲတဲ့၊ ၅(ည)တွေရဲ့ ကြမ်းခင်းဈေးပဲတဲ့။ ဟုတ်ကဲ့လို့၊ ထင်တဲ့အတိုင်းပဲ သူတို့ အိမ်ကလူတွေလည်း မသိဘူး။ နောက်ပြီးတော့ ဟိုတရား ဟိုဒင်းလည်း ငှားခွင့်လည်း မရှိဘူး။ အဲတော့ ထောင်(၇)နှစ် ကျတာပဲ၊ ဒါပါပဲ။

# အာရှလမ်းမကြီးစီမံကိန်း အောက်တိုဘာလတွင် စတင်မည်

မေ(၁၉)ရက်။

အာရှအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးအတွက် မြန်မာနိုင်ငံဘက်ခြမ်း မြဝတီနှင့် သဃ်နီးညီနောင်ကြားတွင် ထိုင်း–မြန်မာ နှစ်နိုင်ငံ ပူးတွဲ၍ လေ့လာမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း တပ်ခ်ခရိုင်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုလေ့လာမှုချက်များကို မူတည်၍ လာမည့် ဇူလိုင်လအစတွင် လမ်းဖောက်လုပ်ရေးအစီအစဉ်ကို အပြီးသတ် ရေးဆွဲသွားမည်ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလတွင် လမ်းဖောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု အဝေးပြေးလမ်းဖောက်လုပ်ရေးဌာနအကြီးအကဲ မစ္စတာဘီရော့ချ်က ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ အစီအစဉ်ဖြင့် ဖောက်လုပ်မည့် အဆိုပါလမ်းဖောက်လုပ်ရေးစီမံချက်မှာ ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် အလယ်ပိုင်း အာဂျာဘာဂျာမှတဆင့် အာရှအရှေ့အလယ်ပိုင်းကို ဖြတ်၍ ဥရောပနိုင်ငံများနှင့် ဆက်သွယ်မည့် လမ်းကြောင်းဖြစ်ကြောင်း တပ်ခ်ခရိုင်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ချာဝါချာဖရန်က ပြောကြားခဲ့သည်။ ထိုင်းလမ်းဖောက်လုပ်ရေးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်မည့် အဆိုပါစီမံချက်မှာ ပြီးစီးသည်အထိ တနှစ်ခွဲခန့် ကြာမည်ဖြစ်သည်ဟု ဆိုသည်။

ထိုအစီအစဉ်အရ စစ်ကိုင်းတိုင်း နယ်စပ် တမူးအထိ အိန္ဒိယမှ လမ်းဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပြီး ရန်ကုန်မြို့အထိ ဆက်လက်ဖောက်လုပ်ရန် အိန္ဒိယအစိုးရက ဆောက်လုပ်ရေးကိရိယာများ မြန်မာဘက်သို့ လွှဲပြောင်းပေးထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

❖



# တပ်မတော်မဟုတ်တော့သော စစ်တပ် စစ်တပ်မဟုတ်တော့သော တပ်မတော်

ဂါမဏိ

မကြာသေးခင်က "သူနှင့် သူချစ်သော ပြည်သူ"လို့ ခပ်တည်တည် နာမည်တပ်ထားတဲ့ နအဖအတွင်းရေးမှူး(၂) ဒုဗိုလ်ချုပ်ကြီး အဆင့်ရှိသူ တင်ဦး အထုပ္ပတ္တိစာအုပ်ကို ဖတ်လိုက်ရပါတယ်။ တင်ဦး ကောင်းကြောင်းတွေကို ဇွတ်အတင်း ဖြစ်ညှစ်ရှာကြံရေးထားတာတွေ ဖတ်ရတော့ အတော်ကို ရီစရာကောင်းလှပါတယ်။ အဲဒီလို ဖြစ်ညှစ်ရှာကြံပြီး "လုပ်"ထားတဲ့ကြားထဲက ဘယ်လိုမှ မဖုံးနိုင် မဖိနိုင်ဘဲ ပေါ်လာတာတခုကတော့ အင်မတန်မှ တိုင်းပြည်နဲ့ ပြည်သူကို ချစ်တယ်ဆိုတဲ့တင်ဦး စစ်ထဲဝင်လာပုံက ဘာမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်နဲ့မှ မဟုတ်ဘဲ လူမှုရေးပြဿနာတခုကို ရင်ဆိုင်မဖြေရှင်းရဲလို့ ထွက်ပြေးတဲ့အနေနဲ့ စစ်ထဲဝင်လာတာ ဖြစ်တယ်ဆိုတဲ့ အချက်ပါဘဲ။ ဒါဟာ တိုင်းပြည်ကြီး "ဂျောက်ထဲကျဖို့ လက်နှစ်လုံးအလို"မှာ "ကယ်တင်"လိုက်တဲ့၊ အလွန့်အလွန် တိုင်းပြည်ကို ချစ်ပါတယ်ဆိုတဲ့ နဝတ–နအဖ အဖွဲ့ထဲမှာ နံပါတ်(၄)အဆင့် ဖြစ်ခဲ့ဖူးတဲ့ "ပုဂ္ဂိုလ်အထိး အကောင်းစားကြီး"ရဲ့ သမိုင်းပါဘဲ။

တိတိကျကျ ပြောရရင်တော့ ၁၉၆၂ ခု မတ်လ (၂)ရက်နေ့ကစပြီး တပ်မတော် အဖြစ်ကနေ တပ်မတော် မဟုတ်တော့တဲ့ စစ်တပ်ဖြစ်သွားခဲ့တာ ကနေ့ထိပါဘဲ။ တပ်မတော်ဆိုတာ နိုင်ငံတနိုင်ငံရဲ့ တရားဝင်အစိုးရ လက်အောက်မှာရှိတဲ့ တခုတည်းသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပါတယ်။

စာအုပ်ထဲမပါတဲ့ တင်ဦးရဲ့ စစ်မှုထမ်းဘဝတကွက်ကို ပြောရရင် ဒီပုဂ္ဂိုလ်ဟာ ၁၉၈၀ ခုနှစ်များအစပိုင်း တပ်မ ၅၅ ဗျူဟာမှူးဖြစ်တုန်းက ရှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်ဆင်တောင် အနောက်ခြမ်းကရွာတရွာကို သူ့လက်အောက်က စစ်ကြောင်းတစ်ကြောင်း အဝင်မှာ ရွာထဲရှိနှင့်နေတဲ့ SURA မိုးဟိန်းအဖွဲ့က (၃–၄)ယောက်က စစ်ကြောင်းကို ပစ်ခတ်ပြီး ထွက်ပြေးသွားလို့ ကျဆုံးဒါဏ်ရာရတွေ ရှိခဲ့တယ်။ အဲဒီဖြစ်စဉ်ကို စစ်ကြောင်းမှူးက မိုင်းကိုင်ဗျူဟာကို ဆက်သွယ်ရေးဆက်နဲ့ အစီရင်ခံပြီး ဘာလုပ်ရမလဲဆိုတာကို ညွှန်ကြားချက်တောင်းပါတယ်။ အဲဒီတော့ ဗျူဟာဘက်က စက်တပ်တဲ့ ဂျီသရီး(ဝါ)စစ်ဦးစီး(တ)က ဗျူဟာမှူးကြီး(တင်ဦး) ဘုရားခန်းဝင်နေလို့ စစ်ကြောင်းမှူးကို ခဏစောင့်ဖို့နဲ့ ဘုရားခန်းကထွက်လာမှ အခြေအနေ အစီရင်ခံတင်ပြပြီး ညွှန်ကြားချက်တောင်းပေးမယ်လို့ ပြောပါတယ်။ နောက်ဆုံးမှာတော့ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး အဆင့်ရှိသူတဦးဟာ တနာရီနီးပါးကြာအောင် ဘုရားရှိခိုး၊ ပုတီးစိတ်၊ တရားထိုင်၊ အမျှအတန်းပေးဝေပြီးလို့ ထွက်လာတဲ့အခါမှာ ညွှန်ကြားချက် ပေးလိုက်တာကတော့ "အဲဒီရွာကို မီးရှို့ပစ်လိုက်" ဆိုတာပါပဲ။ ဒီကိစ္စဟာ ဟိုတုန်းက မဆလစစ်တပ်ထဲမှာ ပြောစမှတ်ဖြစ်သွားခဲ့တယ်။ အဲဒါမျိုးတွေကြောင့် တင်ဦးဟာ ရာထူးအတက်မြန်ပြီး အာဏာသိမ်းစစ်အုပ်စုရဲ့ ထိပ်သီးခေါင်းဆောင်တယောက်ထိ ဖြစ်လာခဲ့တာပါ။

အင်မတန်မှ တိုင်းပြည်အတွက် အလုပ်လုပ်တဲ့ တင်ဦးရဲ့ အရည်အချင်းကိုဖော်ပြတဲ့ ဇာတ်လမ်းတပုဒ်ကလည်း အထုပ္ပတ္တိ စာအုပ်ထဲ မပါခဲ့ပါဘူး။ အဲဒါကတော့ ကယားပြည်နယ်ကို တိုင်းခန်းလှည့်လည်တုန်းက တင်ဦးက ဌာနဆိုင်ရာလူကြီးတွေ၊ မြို့မိမြို့ဖတွေနဲ့ "ငြိမ်းချမ်းရေးအဖွဲ့"တွေက တိုင်းရင်းသားခေါင်းဆောင်တွေကိုခေါ်ပြီး "ဩဝါဒပေးလမ်းညွှန်မှာကြား"တုန်းက အဖြစ်အပျက်ပါ။ အဲဒီတုန်းက KNPP ဟာ နအဖနဲ့ အပစ်အခတ်ရပ်စဲရေးပျက်ပြီး ပြန်တိုက်နေတဲ့အချိန်ဖြစ်တယ်။ ဒီဩဝါဒပေးပွဲမှာ တင်ဦးဟာ ကယားပြည်နယ်ဟာ မကြာခင် ငြိမ်းချမ်းတော့မှာဖြစ်တယ်။ အခုဆိုရင် "ကရင်နီ"နဲ့ ငြိမ်းချမ်းရေးရပြီး တောထဲမှာ "ကလလတ" (၁၄–၅)ယောက်ပဲ ကျန်တော့တယ်လို့ ပြောသွားတာကို မြို့မိမြို့ဖတွေနဲ့ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်တွေ တအံ့တဩ နားထောင်လိုက်ရတယ်။ အခုလို ဩချရလောက်တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ နအဖထိပ်သီးများရဲ့ "တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်"တွေအောက်မှာမှ တိုင်းပြည်မပျက်ရင် ဘယ်အစိုးရအောက်မှာ ပျက်အုံးမှာလဲ။ ဒါတွေကြောင့်လဲ လဘော်[သရေ] နအဖစစ်ဗိုလ်တွေကြားမှာ ထောက်လှမ်းရေးက တမူးသာပြီး တွင်ကျယ်နေတာဖြစ်တယ်။

တင်ဦး အထုပ္ပတ္တိစာအုပ်ထဲမှာ သူတို့စစ်တပ်ရဲ့ လက်ရှိအခြေအနေတွေ၊ တင်ဦးရဲ့ လုပ်ရပ်တွေကို ဇွတ်ကြီးအကောင်းတွေဆွဲရေးထားတဲ့ကြားက အတွင်းသရုပ်မှန်ဘွားဘွားကြီးပေါ်လာလို့ ဟားရတာတခု ရှိသေးတယ်။ အဲဒါကတော့ ဂေါက်ကွင်းကယ်ဒီမလေး မင်္ဂလာဆောင်ကို မဟာကရုနာရှင်ကြီး တင်ဦး သွားရောက်ချီးမြှင့်နေတုန်း ကျသွားတဲ့ စစ်သားမိန်းမ မုဆိုးမတစ်ယောက်က ငိုကြီးချက်မနဲ့ စားဝတ်နေရေးတအားဒုက္ခရောက်နေလို့ ပစ်မထားဘဲ ကြည့်ရှုပေးဖို့ လာပြောတာနဲ့ အဲသလိုပေါက်ကွဲတာတွေ ရင်ဆိုင်ရမှာစိုးလို့ မင်္ဂလာဆောင်ကနေ ရှူးသလို ပေါသလိုနဲ့ ထပြေးတာပဲ ဖြစ်ပါတယ်။ နအဖစစ်တပ်ရဲ့ သရုပ်၊ နအဖထိပ်သီးတွေရဲ့ သရုပ် ဖုံးဖိမရဘဲ ငုတ်တုတ်ကြီး ပေါ်နေပါတယ်။

အသက်ထွက်ပြီးတဲ့လူကို ဖနောင့်နဲ့ပေါက်တဲ့အလုပ်မျိုး မလုပ်ချင်ပါဘူး။ ဒါပေမဲ့ အခုပြောခဲ့တာတွေဟာ တင်ဦးတယောက်ထဲနဲ့ဆိုင်တဲ့ စရိုက်လက္ခဏာတွေ၊ စိတ်ဓာတ်အတွေးအခေါ်တွေ မဟုတ်ဘဲ စစ်တပ်ထိပ်ပိုင်းတွေအားလုံးရဲ့ ယေဘုယျလက္ခဏာဖြစ်လို့ ဖော်ထုတ်ပြရတာ ဖြစ်ပါတယ်။ နံပါတ်(၄) အဆင့်ဖြစ်ခဲ့သူတောင် ဒီလိုဖြစ်မှတော့ နဝတ–နအဖ တခုလုံးရဲ့ အခြေအနေကို သဘောပေါက်ဖို့ပါပဲ။ နောက်တချက်သတိပြုစရာက တင်ဦးတပ်ထဲဝင်တဲ့ အချိန်ဟာ ၁၉၅၀ ခု ဖြစ်တယ်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ထဲကို ကိုယ်ကျိုးရှာသမားတွေနဲ့ စစ်ဝါဒီတွေ တဖြည်းဖြည်း စိမ့်ဝင်လာကြ၊ တပ်မတော်ထဲက မျိုးချစ်ပြည်ချစ်တွေကြားမှာ စုံးပြူးဖြစ်နေခဲ့တဲ့ နေဝင်းလိုလူမျိုးတွေနဲ့ ပေါင်းဖက်စုစည်းမိကြပြီး သူတို့အင်အားကောင်းလာတဲ့အဆုံးမှာတော့ တပ်မတော်ဟာ တပ်မတော်အဖြစ်ကနေ ရပ်စဲသွားပြီး လက်နက်ကိုင်လူအစုအဝေးသက်သက်ပဲ ဖြစ်သွားတော့တယ်။ ဒါကြောင့်လဲ နယ်ချဲ့ဆန့်ကျင်ရေး–ဖက်ဆစ်တော်လှန်ရေးတွေမှာ အစဉ်အလာကြီးခဲ့တဲ့ တပ်မတော်၊ ဒီကနေ့ ဒီအခြေအနေ ဖြစ်ပွားခဲ့တာ အံ့ဩစရာ မရှိပါဘူး။

တိတိကျကျ ပြောရရင်တော့ ၁၉၆၂ ခု မတ်လ (၂)ရက်နေ့ကစပြီး တပ်မတော်အဖြစ်ကနေ တပ်မတော် မဟုတ်တော့တဲ့ စစ်တပ်ဖြစ်သွားခဲ့တာ ကနေ့ထိပါဘဲ။ တပ်မတော်ဆိုတာ နိုင်ငံတနိုင်ငံရဲ့ တရားဝင်အစိုးရ လက်အောက်မှာရှိတဲ့ တခုတည်းသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပါတယ်။ ၁၉၆၂ ခု မတိုင်မီက ဗမာပြည်မှာ လက်ဝဲအင်အားစုတွေ၊ တိုင်းရင်းသား အင်အားစုတွေနဲ့ ပြည်တွင်းစစ်တိုက်နေရတာတွေရှိပေမဲ့ တရားဝင်အစိုးရရဲ့ အမိန့်ကိုနာခံပြီးလုပ်ရတဲ့ တပ်မတော်ပီပီသသ ဖြစ်ခဲ့တယ်။ ၁၉၆၂ နောက်ပိုင်းမှာတော့ တရားဝင်အစိုးရမရှိတော့၊ တရားဝင်အစိုးရဖြစ်ကို သစ္စာမစောင့်၊ မကာကွယ်မစောင့်ရှောက်တော့ဘဲ အာဏာသိမ်း စစ်ခေါင်းဆောင်ထိပ်သီးတွေကိုသာ နာခံသစ္စာစောင့်တဲ့ စစ်တပ်ကို အဆင့်ကို လျှောကျသွားတယ်။

ဒီလိုတပ်မတော်အဆင့်ကနေ စစ်တပ်အဆင့်ကို လျှောကျပြောင်းလဲသွားတဲ့ လက္ခဏာတရပ်ကို တပ်မတော်စစ်ချီသီချင်းတွေမှာလဲ တွေ့နိုင်ပါတယ်။ ဘီအိုင်အေ၊ ဘီဒီအေနဲ့ ဂျပန်တော်လှန်ရေးတွေက ပေါက်ဖွားလာတဲ့ စစ်ချီသီချင်းတွေကို မဆလစစ်အစိုးရလက်ထက်မှာ စာသားတွေ ပြောင်းလဲပြင်ဆင်ပစ်ခဲ့တယ်။ အဓိကပြောင်းပစ်ခဲ့တဲ့ စာပိုဒ်တွေကတော့ တိုင်းပြည်နဲ့ ပြည်သူအတွက် အသက်စွန့်ဖို့ အသေခံဖို့ဆိုတဲ့ စာပိုဒ်မျိုးတွေဖြစ်ပါတယ်။

"ဖန်နေဝန်း"သီချင်းမှာ "အာဇာနည်ရဲမက်တွေသည်×× အသက်စွန့်တိုက်မည်" ဆိုတဲ့ စာပိုဒ်ကို "အာဇာနည်ရဲမက်တွေသည် ×× ဇွဲနဲ့တိုက်မည်"လို့ ပြင်ထားတယ်။ "ရဲသွေးနဲ့ သေမင်းကို သစ္စာနှံမည်"ကို "ရဲသွေးနဲ့ ပြည်သူ့အပေါ်သစ္စာနှံမည်"လို့ ပြောင်းလိုက်တယ်။ "ဗမာမှန်ရင် သတ္တိရှိသည်×× အသက်နဲ့လဲမဲ့ ရဲဘော်ဖြစ်သည်"ကို "ဇွဲနဲ့ကြံမဲ့ရဲဘော်ဖြစ်သည်"လို့ပြင်တယ်။ "မျိုးရိုးအာဇာနည်× စစ်ကိုလဲ အမြဲတိုက်ရမည်"ကို"တိုင်းပြည်အတွက် အမြဲအသင့်ဖြစ်သည်"လို့လဲ ပြောင်းလိုက်သေးတယ်။

"တူယှဉ်ကာလေ" သီချင်းမှာ "သေပစေ××ဒို့အသက်ကို×× ဖက်ရှက်မှတ်ပါတယ်"ဆိုတဲ့ စာပိုဒ်ကို "နိုင်ငံတော်အကျိုးရှိဖွယ်×× တာဝန်ကျေပြွန်တယ်"လို့ ပြင်လိုက်တယ်။

"မျိုးမြန်မာပြည်ရွာ"သီချင်းမှာတော့ "သေရင်လဲ မမှုပါ×× ရင်မြေကတုတ်ပမာ" ကို "ညီအကို ဒို့များပေါင်းစည်းကာ×× ရင်မြေကတုတ်ပမာ"လို့ ပြောင်းထားပါတယ်။

အလားတူဘဲ "ဒို့ဗမာတွေ ရဲစွမ်းပြမည်"သီချင်းက "ဒို့ရဲဘော်များအားလုံး ညီညီ အသက်စွန့်ကာတိုက်မည်"ဆိုတဲ့ စာသား၊ "နိုင်ငံတော်ကို ချစ်တဲ့သားကောင်းစစ်သည်တော်"သီချင်းက "နိုင်ငံတော်အတွက်ဆို ဇွဲနဲ့နဲ့လို့ပျော်"ဆိုတဲ့ စာသားတွေကိုလဲ "ဒို့ရဲဘော်များအားလုံးညီညီ×× ဇွဲနဲ့ ချီတက်မည်"နဲ့ "နိုင်ငံတော်အတွက်ဆို အသက်နဲ့လဲပျော်" ဆိုပြီး ပြင်လိုက်တယ်။ "ဗမာပြည်ကာကွယ်မည်"သီချင်းမှာ "သေသည်ရှင်သည်×× ဒို့မမှုတော့ပြီ" ကို "ရန်သူတွေကို ဒို့မမှုတော့ပြီ" "အာဇာနည်ပီပီ×× တိုက်ဖို့ထွက်ခဲ့သည်"ကို "အာဇာနည်ပီပီ×× သတ္တိဗျတ္တိညီ" "တိုက်ပွဲကိုပင်××တွေ့အောင်ရှာခဲ့တယ်"ကို "တိုက်ပွဲကိုပင်×× အပွဲပွဲနွှဲခဲ့တယ်" "သေမင်းဆွေရေ×× သစ္စာနှံဖို့လေ" ကို "အောင်ပန်းဆွေရေ×× ဒို့ရဲ့ရဲမက်တွေ"လို့ ပြင်ထားတယ်။

"ရဲရဲတောက်" သီချင်းနဲ့ "မဟာဗျူဟာ" သီချင်းတွေကတော့ အသက်စွန့်ရေးစာသားတွေမပါလို့ နဂိုမူရင်းအတိုင်းပဲ ဆက်သုံးနေပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း မရောင်ရာဆီလူးပြီး "ဗမာ"ကို "မြန်မာ"လို့ ပြောင်းတာတွေကတော့ သီချင်းတိုင်းပါပဲ။

ဒီသီချင်းတွေဟာ တော်လှန်ရေးကာလတွေတုံးက ဝိုင်အမ်ဘီအေ သခင်တင်၊ နန်းတော်ရှေ့ဆရာတင်အစရှိတဲ့ နိုင်ငံကျော်တိုင်းချစ်ပြည်ချစ် တေးပြုစာဆိုတွေက ရေးစပ်ခဲ့တာဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ထိုစဉ်က တပ်မတော်ခေါင်းဆောင်တွေကိုယ်တိုင် လက်ခံအတည်ပြုခဲ့တဲ့ စစ်ချီသီချင်းတွေ ဖြစ်ပါတယ်။ ဒီစစ်ချီသီချင်းတွေကျေးဇူးကြောင့် တကယ့်တိုင်းချစ် ပြည်ချစ်လူငယ်လူရွယ် အမြောက်အများတပ်မတော်ထဲဝင်ပြီး နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်နဲ့ ကျူးကျော်သူ ကူမင်တန်တွေကို သက်စွန့်ကြိုးပမ်းတိုက်ခဲ့ကြတယ်။

နေဝင်းအစိုးရခေတ်ကစပြီး အခု နဝတ–နအဖခေတ်အထိမှာတော့ စောစောကပြောခဲ့သလိုဘဲ တိုင်းပြည်အတွက် အသက်စွန့်တိုက်ဖို့ဆိုတဲ့ စာသားတွေကို ပယ်ဖျက်ပြင်ဆင်ပြီး သုံးနေတော့တယ်။ ("အောင်ဆန်းနော်၊ တေဇနော်"ဆိုတဲ့ စစ်ချီသီချင်းကတော့ ၁၉၈၈ နောက်ပိုင်းမှာ လုံးဝပျောက်ထွက်သွားခဲ့တယ်) သေမှာကြောက်ပြီး စစ်ထဲမဝင်တာ၊ ဒါမှမဟုတ် တပ်ကထွက်ချင်တာ မဖြစ်ရအောင် ပြောင်းတာဘဲဖြစ်တယ်။

ရှေ့လဆက်ရန်

# ေတာင်ယာမီးရှို့ပွဲ



❍ ငါတို့
ရွာပြင်ကို ထွက်ခဲ့ကြတယ်။

❍ ဘာဖြစ်လို့လဲဆိုတော့
ငါတို့ဟာ
တောင်ယာမီးရှို့ကြမယ့်သူတွေဖြစ်လို့။

❍ ဘာဖြစ်လို့လဲဆိုတော့
ခုတ်ဖြတ်ထားတဲ့အပင်သေတွေ
ရှင်းလင်းစေချင်လို့
ပြီး…
ဒီမီးလောင်ပြာသားတွေက
မြေကြီးကို အင်အားဖြစ်စေချင်လို့။

❍ ဘာဖြစ်လို့လဲဆိုတော့
ငါတို့ စပါး အသီးထွားစေချင်လို့။

❍ ဘာဖြစ်လို့လဲဆိုတော့
ငါတို့ဟာ
အောင်သီးအောင်သား
စားချင်ကြတဲ့သူတွေဖြစ်လို့
ငါတို့ရွာပြင်ထွက်ခဲ့ကြတယ်။

ညိုထက်
(လမ်းသစ်ဦး)


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# သတင်းတိုထွာ

## ယူနိုကယ်ကုမ္ပဏီ မြန်မာပြည်မှ မခွာနိုင်

**မေ၊ (၂၀)ရက်။**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် ယူနိုကယ်(UNOCAL) ကုမ္ပဏီက မြန်မာပြည်မှ ပြန်လည်ထွက်ခွာမည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ အစုရှယ်ယာဝင်များ ပါဝင်သည့် နှစ်ပတ်လည် အစည်းအဝေးတွင် ဆန္ဒပြမှုများ၊ ပင်စင်ရန်ပုံငွေအဖွဲ့က ကန့်ကွက်တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ယူနိုကယ် ကုမ္ပဏီမှ မြန်မာပြည်တွင် လုပ်ကိုင်နေသည့်လုပ်ငန်းအပေါ် ယုံကြည်မှုအပြည့်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ရိုက်တာသတင်းတပုဒ်တွင် ဖော်ပြထားသည်။

## ရန်ကုန်တွင် ကန့်သတ်ထိန်းချုပ်မှုများနှင့် အင်တာနက်ကဖေးဆိုင် နှစ်ဆိုင် ဖွင့်

**မေ၊ (၂၂)ရက်။**

အများပြည်သူ အသုံးပြုနိုင်မည့် အင်တာနက်ကဖေး (၂)ဆိုင်ကို ရန်ကုန်မြို့တွင် မေ(၁၈)ရက်နေ့က စတင်၍ ဖွင့်လှစ်လိုက်ကြောင်း မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်။ ယခုဖွင့်လှစ်လိုက်သော အင်တာနက်ကဖေးများသည် World Wide Web(www) ခေါ်သည့် ကမ္ဘာအနှံ့ဖြန့်ကျက်ကြည့်ရှုနိုင်သော အင်တာနက် စာမျက်နှာများအား လွတ်လပ်စွာ ကြည့်ခွင့်ရမည် မဟုတ်ဘဲ စစ်အုပ်စုက ကန့်သတ် ခွင့်ပြုထားသော အင်တာနက်စာမျက်နှာ တသောင်း(၁၀,၀၀၀)ခန့်ကိုသာ ကြည့်ရှုနိုင်မည်ဟု ဧရာဝတီသတင်းတပုဒ်၌ ဖော်ပြထားသည်။

## ချဲထီရေး စိတ်မအေးရသေး

**မေ၊ (၁၆)ရက်**

မကွေးတိုင်း ရဲတပ်ဖွဲ့က ချဲထီလောင်းကစားသူများအား နှိမ်နင်းလျက်ရှိရာ မေလ (၁၄)ရက်နေ့က မကွေးတိုင်း၊ ဂန့်ဂေါမြို့၊ အမှတ် (၄)ရပ်ကွက်တွင် နေထိုင်သူ ဘိုမြင့် အသက်(၄၇)နှစ် (အဘ) ဦးမောင်အား ရှာဖွေရာ ချဲထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့်အတူ ကျပ်ငွေ (၄၀၀၀)ကျော် တွေ့ရှိရသဖြင့် လောင်းကစားပုဒ်မ ၁၅(က)၊ ၁၆(က)အရ အရေးယူထားကြောင်း သိရသည်။

## တရားမဝင် အလုပ်သမားများ ပြန်ပို့ရေး ဆွေးနွေးကြပြန်

**မေ၊ (၁၅)ရက်။**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် တရားမဝင် မြန်မာအလုပ်သမားများ ပြန်ပို့ပေးရေးကိစ္စနှင့်ပတ်သက်၍ ထိုင်းနှင့် နအဖတို့ ယနေ့ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် ပြန်ပို့ခံရသူ အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှုများ ရရှိခဲ့သည်ဟုဆိုသည်။ ၂၀၀၂ ခု ဖေဖော်ဝါရီလမှစ၍ ယခုနှစ် ဧပြီလအထိ တရားမဝင် မြန်မာအလုပ်သမား (၉,၅၅၄)ဦးကို မြန်မာနိုင်ငံသို့ ပြန်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဒုက္ခသည် တသိန်းလေးသောင်းကျော်နှင့် တရားမဝင် အလုပ်သမား လေးသိန်းခန့် ရှိနေသေးကြောင်း ဆင်ဟွာသတင်းတပုဒ်တွင် ဖော်ပြထားသည်။

## ကြံ့ဖွံ့အဖွဲ့ ရှမ်းပြည်လူထုကို အဓမ္မစည်းရုံးနေ

**မေ၊ (၁၃)ရက်။**

ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ်အတွင်းရှိ ပြည်သူများအား ကြံ့ဖွံ့အသင်းသို့ မဝင်မနေရ ဝင်ခိုင်းနေကြောင်း သိရသည်။ ထို့ပြင် ကြံ့ဖွံ့အဖွဲ့ဝင်များအား တဦးလျှင် ငွေတသောင်းပေးမည်ဟုဆို၍ တရက်လျှင် နှစ်ယောက်နှုန်းနှင့် စစ်သင်တန်းများ ပေးနေသည်။ မြို့နယ်အတွင်းရှိကျေးရွာများမှ ရွာလူကြီးများအား ခေါ်ယူ၍ ကြံ့ဖွံ့အဖွဲ့လျှောက်လွှာများအား လိုက်လံဝေပေးနေပြီး ရွာသူရွာသားများအား မဝင်မနေရ ဝင်ခိုင်းနေကြောင်း သိရသည်။

# ဝန်ထမ်းများ လာဘ်စားရုံနှင့် မလုံလောက်၍ နိုင်ငံတော်ပိုင်ပစ္စည်းများ ခိုးယူရောင်းချနေ

**ဧပြီ၊ (၄)ရက်။**

မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းများ ကြီးမြင့်နေပြီး လစာငွေ မလုံလောက်မှုများကြောင့် အစိုးရဝန်ထမ်းများအကြား လာဘ်စားမှုများ ပေါ်ပေါက်နေသည့်အပြင် နိုင်ငံတော်ပိုင်ပစ္စည်းများကိုပါ ခိုးထုတ်ရောင်းချနေကြကြောင်း သိရသည်။

ဧပြီ(၂၄)ရက်နေ့က မကွေးတိုင်း၊ တောင်တွင်းကြီးမြို့အနီး မန္တလေးဘက်သို့ ထွက်ခွာမည့် ကားလမ်းမတနေရာတွင် ကုန်တင်ကားနှစ်စီးအား ရဲတပ်ဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ အဆိုပါကားနှစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ဝါဂွမ်းပိသာချိန် တသောင်း(၁၀,၀၀၀)ကျော် စစ်ဆေးတွေ့ရှိခဲ့ရာ ပဲခူးတိုင်း မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်အောင်က ဝါကုန်သည်များထံ တရားမဝင် ရောင်းချထားခြင်းဖြစ်ကြောင်း သိရသည်။

အမည်မဖော်လိုသူ ဝါကုန်သည်တဦး၏ အဆိုအရ ကားပေါ်တွင် ပါလာသည့် ဝါဂွမ်းများမှာ နိုင်ငံတော်ပိုင်ဝါများဖြစ်ပြီး တိုင်းမန်နေဂျာ ဦးမြင့်အောင်က ပေါက်ခေါင်းမြို့နယ် မန်နေဂျာ ဦးလှမြင့်ထံမှဝယ်ယူ၍ ပုဂ္ဂလိကဝါကုန်သည်များထံ ရောင်းချထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဝါဝယ်ယူသူများကို တိုင်းမန်နေဂျာက ဝါဝယ်ယူရေးကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက်လက်မှတ်ကိုပါ ထုတ်ပေးထားခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုသို့ နိုင်ငံတော်ပိုင်ဝါများကို ခိုးယူ၍ မန္တလေးမှတဆင့် တရုတ်ပြည်သို့ မှောင်ခိုတင်ပို့ရောင်းချမှုများ ပြုလေ့ရှိကြောင်း ၎င်း၏ ထုတ်ဖော်ပြောပြချက်အရ သိရသည်။

❖ ❖ ❖

# စစ်တပ်ထုတ် အထူးမှတ်ပုံတင်ကဒ်ပြား ကိုင်ဆောင်နေရ

**မေ၊ (၁၈)ရက်။**

တနင်္သာရီတိုင်း၊ ရေးမြို့နယ် တောင်ပိုင်းအတွင်း နေထိုင်သော ဒေသခံ ပြည်သူများအား ဒေသခံ နအဖတပ်များက ၎င်းတို့ ထုတ်ပေးသည့် အရှည် ၄ လက်မ၊ အနံ ၃ လက်မအရွယ်ရှိ အထူးမှတ်ပုံတင်ကဒ်ပြားများကို ကိုင်ဆောင်ထားရန် အမိန့်ပေးထားကြောင်း လွတ်လပ်သည့် မွန်သတင်းဌာန အဆိုအရ သိရသည်။

၎င်းကဒ်ပြားများသည် တရားဝင် နိုင်ငံသားကဒ်ပြားအစား ကိုင်ဆောင်ရခြင်း မဟုတ်ဘဲ ဒေသခံပြည်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်စဉ်တွင်ဖြစ်စေ၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်စဉ်တွင်ဖြစ်စေ ရေးမြို့နယ်နှင့်အနီးတဝိုက် သွားလာရာတွင် မဖြစ်မနေ ကိုင်ဆောင်ရမည်ဟု ဆိုသည်။

အဆိုပါဒေသအတွင်း အသက် (၁၅) နှစ်မှ (၄၀)နှစ်အရွယ်ရှိသူများသည် မိမိတို့ နေထိုင်ရာ အနီးအနားရှိ နအဖ တပ်ရင်းများတွင် ထိုကဒ်ပြားအတွက် မှတ်ပုံတင်ကြရပြီး ကဒ်ပြားကိုင်ဆောင်ထားမှု မရှိဘဲ မိမိနေရာထိုင်ရာ ရွာအပြင်ဘက်တွင် ဖမ်းဆီးခြင်းခံရပါက ဒဏ်ငွေ ကျပ် (၂၀,၀၀၀) ပေးဆောင်ရမည်ဖြစ်ပြီး ကဒ်ပြား ပျောက်ဆုံးပါက ဒဏ်ငွေ ကျပ်(၁၅,၀၀၀)မှ (၂၀,၀၀၀)ထိ ပေးဆောင်ရမည်ဖြစ်သည်။

ကဒ်ပြားထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ အရပ်သားများနှင့် မွန်လက်နက်ကိုင်များ ကွဲပြားသိသာစေရန်နှင့် ဒေသခံပြည်သူများအနေဖြင့် မွန်တိုင်းရင်းသားလက်နက်ကိုင်များအား ထောက်ပံ့ကူညီမှု မပေးနိုင်စေရန် ကန့်သတ်သည့်အနေဖြင့် ဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသ ရေးမြို့နယ်အနီးတဝိုက်နှင့် တနင်္သာရီမြောက်ပိုင်းတို့တွင် နအဖတပ်များနှင့် မွန်ခွဲထွက်အဖွဲ့တို့အကြား တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားနေကြောင်း မွန်သတင်းဌာနအဆိုအရ သိရသည်။ ❖

# အယ်လ်ကိုင်ဒါးအဖွဲ့ဝင်ဟု ယူဆခံရသူ မြန်မာနိုင်ငံသား ပါကစ္စတန်ရဲ ဖမ်းဆီး

**မေ၊ (၂၀)ရက်။**

ပါကစ္စတန်အာဏာပိုင်များက အယ်လ်ကိုင်ဒါး အကြမ်းဖက်ကွန်ယက်နှင့် အဆက်အစပ်ရှိသူဟု ယူဆရသော မသက်ာဖွယ် မြန်မာနိုင်ငံသားတဦးကို ဖမ်းဆီးလိုက်ကြောင်း ကရာချိမြို့မှလာသည့် သတင်းအရ သိရသည်။

ပါကစ္စတန်ရဲများ၏အဆိုအရ ပါကစ္စတန်တွင် လှုပ်ရှားနေသည့် အယ်လ်ကိုင်ဒါး အကြမ်းဖက်သမားများအား လက်နက်ရှာဖွေပေးနေသူဟု ယူဆရသူ အဒူမူတာလစ်ကို ကရာချိဆိပ်ကမ်းတွင် မေလ(၁၅)ရက်နေ့က ဖမ်းဆီးထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ နအဖက မေလ (၁၉)ရက်နေ့တွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ ပါကစ္စတန်ရဲများက ဖမ်းဆီးထားသူနှင့်ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်သွားမည်ဟုဆိုသည်။ ပါကစ္စတန်ရဲအဖွဲ့သည် စက်တင်ဘာ(၁၁)ရက် အကြမ်းဖက်မှုနှင့် ယီမင်နိုင်ငံ ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သည်ဟု ယူဆရသူ (၂၁)ဦးကို ပြီးခဲ့သောလများအတွင်း ဖမ်းဆီးခဲ့ပြီးနောက် ၎င်းတို့နှင့်ဆက်စပ်မှုရှိသူဟု ယူဆရသည့် အဒူမူတာလစ်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ❖

# အဓမ္မခိုင်းစေမှုများ ကြားနာရန် အိုင်အယ်လ်အို စစ်ဆေးရေးမှူး မြန်မာပြည်သွားမည်

**မေ၊ (၁၅)ရက်။**

အဓမ္မခိုင်းစေခံရသူများ၏ တိုင်ကြားချက်များအား ကြားနာရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)မှ စစ်ဆေးရေးမှူးတဦးကို မြန်မာနိုင်ငံသို့ လာရောက်ရန် နအဖက ခွင့်ပြုလိုက်ကြောင်း ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

စစ်အုပ်စုက အဆိုပါ စစ်ဆေးရေးမှူးနှင့် အဓမ္မလုပ်အားခိုင်းစေခြင်း ခံရသူများအား လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုမည်ဖြစ်ပြီး နောက်ပိုင်းတွင် တန်ပြန်အရေးယူမှုများ ပြုလုပ်မည် မဟုတ်ကြောင်း အိုင်အယ်လ်အိုကို ကတိပေးထားကြောင်း သိရသည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အဓမ္မလုပ်အား ခိုင်းစေမှုများကို ရပ်တန့်သွားရန် ပြုလုပ်သွားမည်ဟုလည်း ကတိပေးထားသည်ဟု ဆိုသည်။

အိုင်အယ်လ်အို စစ်ရေးမှူးသည် လုပ်အားခ မပေးဘဲ ခိုင်းစေခြင်း ခံရသူများအတွက် လျော်ကြေးငွေ တောင်းခံပေးရန် အဓိက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့၏ ညွှန်ကြားရေးမှူး ကီရီတာပီရိုလာ (Kirita Piola)က ပြောကြားခဲ့သည်။ ၎င်းက အဓမ္မခိုင်းစေခံရသူများအနေဖြင့် စစ်ဆေးရေးမှူးနှင့် ရဲရဲဝံ့ဝံ့ လာရောက်တွေ့ဆုံ၍ မိမိတို့၏ ဖြစ်ရပ်များကို တိုင်တန်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့တိုင်တန်းရာတွင် ကာယကံရှင်များအနေဖြင့် လျှို့ဝှက်စွာ တွေ့ဆုံခွင့်ရရန် စီစဉ်ထားကြောင်း၊ စစ်ဆေးရေးမှူးသည် တိုင်တန်းချက်များအား အလွတ်သဘော စုံစမ်းမှုများ ပြုလုပ်နိုင်သလို လိုအပ်ပါက တရားဥပဒေအရ အမှုဖွင့် အရေးယူသည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပီရိုလာက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်သည် မြန်မာပြည်တွင် တည်ဆဲဥပဒေအရ အတင်းအဓမ္မ ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ခံရသူများအတွက် နစ်နာကြေးရရန် ဆောင်ရွက်လိမ့်မည့် အစီအစဉ် ဖြစ်သော်လည်း လိုအပ်လျှင် ပြစ်မှုကျူးလွန်သူများအပေါ် ဥပဒေအရ အရေးယူ အပြစ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်မည်ဟုဆိုသည်။

သို့ရာတွင် ထိုသို့အရေးယူရာတွင် မြန်မာနိုင်ငံ၏ တရားစီရင်ရေးဥပဒေကိုသာ အသုံးပြုရမည်ဖြစ်သဖြင့် နိုင်ငံတကာ ဝေဖန်ခံနေရသည့် နအဖ ဥပဒေအပေါ် ယုံကြည်မှုနည်းပါးနေပြီး ထိရောက်မှုရှိမည် မဟုတ်ကြောင်း လေ့လာသူများက သုံးသပ်နေကြသည်။ ❖

# နအဖ တပ်ရင်းမှူးအပါအဝင် (၅)ဦး ကျဆုံး

**မေ၊ (၂၀)ရက်။**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း တနေရာတွင် မေလ(၁၆)ရက်နေ့က ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့များက နအဖ ဒေသခံတပ်ရင်းမှ တပ်ရင်းမှူး ဦးစီးလာသည့် စစ်ကြောင်းတကြောင်းကို ခြုံခိုတိုက်ခိုက်ခဲ့ရာ ထိုတပ်ရင်းမှူးအပါအဝင် စုစုပေါင်း (၅)ဦး ကျဆုံးသွားကြောင်း သိရသည်။

ကေအဲန်အယ်လ်အေ တပ်မဟာ(၆) လက်အောက်ခံ တပ်ရင်း(၁၇)မှ တပ်ခွဲတခုသည် ကြာအင်းဆိပ်ကြီးအခြေစိုက် ခမရ (၅၈၃)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ညိုမိုင်း ဦးစီးသည့် စစ်ကြောင်းတခုကို ခြုံခိုတိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားချိန် (၇)မိနစ်အတွင်း တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ညိုမိုင်း အပါအဝင် တပ်ကြပ်ကြီး(၂)ဦး၊ တပ်ကြပ်(၂)ဦး စုစုပေါင်း(၅)ဦး ကျဆုံးသွားခဲ့သည်။

ထို့ပြင် ဒုတပ်ရင်းမှူး ဗိုလ်မှူးမြဝင်းနှင့် တပ်သား(၄)ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီး ကျဆုံးသူ တပ်ရင်းမှူး၏ အလောင်းကို နအဖတပ်ဖွဲ့များက သယ်ယူခြင်း မပြုနိုင်ခဲ့ကြောင်း သိရသည်။

ကေအဲန်အယ်လ်အေတပ်များက ဂျီ–၃(၂)လက်၊ အာရ်ဂျီပီ (၁)လက် သိမ်းဆည်းရရှိခဲ့သည်။

❖ ❖ ❖

# ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု

၁၃–၅–၀၃ နေ့တွင် နအဖစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၁) လက်အောက်ခံ ခမရ(၅၄၇၊ ၅၄၈၊ ၅၄၉) တပ်ဖွဲ့ဝင်များသည် နဘူးမြို့နယ်ရှိ တောင်သူလယ်သမားများထံမှ လယ်မြေဧက (၃၀၀)ကျော် သိမ်းဆည်းခဲ့သည်။

၁၅–၅–၀၃ နေ့တွင် ရန်သူ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၄) လက်အောက်ခံ ခမရ(၇၀၈)မှ စစ်ကြောင်း(၁) ဗိုလ်မြင့်လွင် ဦးစီးသော အင်အား (၂၀)သည် ပီတခတ်ကျေးရွာကို ဝင်ရောက်လုယက်တိုက်ခိုက်ရာ နော်ဒေါသေအိမ်မှ ကျပ်ငွေ (၂)သိန်းတန်ဖိုးရှိ ပစ္စည်းများအပြင် ရွှေ(၂)ကျပ်သား၊ ဆိတ်တကောင်နှင့် နော်မူဖောအိမ်မှ ကျပ်ငွေတန်ဖိုး ငါးသောင်းရှိ ပစ္စည်းများ၊ ထမင်းအိုးအသစ် (၅)လုံးတို့ကို လုယက်ယူငင်သွားကြောင်း သိရသည်။

❖ ❖ ❖

# ကလေးခိုးဂိုဏ်းများ သောင်းကျန်းနေ ညမထွက်ရအမိန့် ထုတ်နေရ

မြန်မာနိုင်ငံတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခြေအနေများ အလွန်ဆိုးဝါးနိမ့်ကျလျက်ရှိရာ နယ်စပ်ဒေသများ၌သာမက ပြည်နယ်တိုင်းအသီးသီးတို့တွင် မြန်မာတိုင်းရင်းသားများ တဘက်အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေမှုများ တနေ့တခြား ပိုမိုများပြားလာလျက်ရှိသည်။

ထိုအခွင့်အရေးကို အသုံးချနေသည့် ဝိသမလောဘသမားများက ဗဟုသုတခေါင်းပါးသည့်သူများအား လိမ်လည်ဖြားယောင်း၍ လူမှောင်ခိုကူးခြင်းလုပ်ငန်းများ ပြုလုပ်နေရာ နအဖ ပြည်ထဲရေးဝန်ကြီးနှင့် ဗိုလ်ချုပ်ခင်ညွန့်ဇနီး ဒေါ်ခင်ဝင်းရွှေ ဦးဆောင်သည့် မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့က လူမှောင်ခိုကူးသူများအား အရေးယူခြင်း မြို့ရွာများတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ဟန့်တားနေသော်လည်း အဆိုပါပြဿနာမှာ တနေ့တခြား ပိုမိုဆိုးဝါးလာလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ မလေးရှားနိုင်ငံများသို့ နေ့စဉ် အလုံးအရင်းနှင့် ခိုးထွက်နေမှုများရှိနေပြီး လူမှောင်ခိုကူးသူများက မြန်မာတိုင်းရင်းသူ အမျိုးသမီးငယ်လေးများနှင့် ကလေးသူငယ်များအား တဘက်တရုတ်နိုင်ငံသို့ ရောင်းချနေမှုများပါ တိုးပွားလာနေသည်ကို စိုးရိမ်ဖွယ် ကြားသိနေရသည်။

ယခုအခါ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ကလေးခိုးဂိုဏ်းများပါ ပေါ်ပေါက်လာပြီး ကလေးပျောက်ဆုံးမှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် စစ်ကိုင်းတိုင်း လေရှီးမြို့နယ်တွင် ည(၆)နာရီမှ နံနက်(၆)နာရီအထိ တရွာနှင့်တရွာ ကူးသန်းသွားလာမှုများ မပြုလုပ်ရန် အာဏာပိုင်များက အမိန့်များထုတ် တားဆီးနေရကြောင်း သိရသည်။ ❖

မိုးကြိုး သတင်းစဉ်

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BiNA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

# တဘက်နိုင်ငံမှ လူခိုးဝင်မှုများ

**မေ၊ (၂၅)ရက်။**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လုံဖန်ရွာသား ကောင်းစွန်ဖုန်းသည် လူရိုက်မှုဖြင့် ထောင်ဒဏ်ကျခံနေရာမှ မြန်မာဘက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်လာစဉ် ရပ်စောက်မြို့နယ် အုတ်ကျင်းကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။

**မေ၊ (၅)ရက်။**

ထိုင်ဝမ်နိုင်ငံသား တရုတ်လူမျိုး လောယူချင့်သည် ကချင်ပြည်နယ် ကျောက်စိမ်းမြေသို့ ခိုးဝင်ခဲ့သည့်အတွက် မြစ်ကြီးနားတရားရုံးတွင် ရုံးတင်စစ်ဆေးနေကြောင်း သိရသည်။

**မေ၊ (၁၆)ရက်။**

မြန်မာနိုင်ငံအတွင်းသို့ တဘက်အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ခိုးဝင်နေမှုများ အဆက်မပြတ် ဖြစ်ပေါ်နေလျက်ရှိရာ ရှမ်းပြည်နယ် မိုင်းရှူးဒေသ ရတနာမြေသို့ တရားမဝင် ခိုးဝင်ခဲ့သည့် တရုတ်နိုင်ငံသားများဖြစ်ကြသည့် အိုက်ကော် (ခ) ကောင်းဖပန်နှင့် ကျိန်းယွင်ချာတို့နှစ်ဦးအား မိုင်းရှူးတရားရုံးက မေလ(၁၄)ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ ထောင်ဒဏ်(၂)နှစ်၊ တရားမဝင် နိုင်ငံခြားငွေ ကိုင်ဆောင်သည့်အတွက် ထောင်ဒဏ်(၁)နှစ် ချမှတ်ခဲ့ပြီး ကြိုးမဲ့ကြေးနန်းဖုန်း ကိုင်ဆောင်မှုအတွက် အမှုစစ်ဆေးရန် မေလ(၁၆)ရက်နေ့တွင် ထပ်မံချိန်းဆိုထားကြောင်း သိရသည်။

အလားတူ လွန်ခဲ့သည့် မတ်လ(၁၉)ရက်နေ့က တဘက်နိုင်ငံမှ တရားမဝင် ဝင်ရောက်၍ သစ်ခိုးထုတ်ကြသည့် တရုတ်နိုင်ငံသား ကျန်ကျိဟွနှင့် အခြား(၈)ဦးတို့ကို မန်စီတရားရုံးက ပြီးခဲ့သည့် ဧပြီလ(၂၅)ရက်နေ့တွင် ထောင်ဒဏ်(၅)နှစ်စီချမှတ်ခဲ့ပြီး ၎င်းတို့အား ကူညီခဲ့သူ မြန်မာနိုင်ငံသား ဦးမရန်တန်အား လဝက အက်ဥပဒေ၊ ကြေးတိုင်ဥပဒေ၊ သစ်တောဥပဒေတို့နှင့် ထောင်ဒဏ် (၇)နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**မေ၊ (၂၂)ရက်။**

ချင်းလူမျိုး (၁၄)ဦးအား တဘက်နိုင်ငံသို့ လူမှောင်ခိုတင်သွင်းရန်အတွက် ကြိုးပမ်းနေသူ (၂)ဦးအား သက်ဆိုင်ရာက ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေနေကြောင်း သိရသည်။ ခွာထော (ခ)မိုက်ကယ်၊ လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ယာတွင် နေထိုင်သူနှင့် သမိုင်းလမ်းဆုံ ရဲရန်အောင်လမ်းတွင် နေထိုင်သူ ဆွေလျှံတို့သည် ချင်းလူမျိုး (၁၄)ဦးအား တွေ့ဆုံစည်းရုံး၍ တဘက်နိုင်ငံသို့ ပို့ရန် စီစဉ်ခဲ့ပြီး ထားဝယ်မြို့သို့ ရောက်ရှိလာစဉ် လူမှောင်ခိုတားဆီးရေးအဖွဲ့က ဖမ်းဆီးမှု ခံခဲ့ရသည်။ ၎င်းတို့အား ပညာပေးဟောပြောမှုများ ပြုလုပ်ပြီး နေရပ်သို့ ပြန်ပို့ရန် စီစဉ်နေကြောင်း သိရသည်။ ❖

# ဘုန်းတော်ကြီးများမချန် နအဖ စစ်တပ် ပစ်သတ်နေ

**မေ၊ (၁၅)ရက်။**

ရှမ်းပြည်တောင်ပိုင်း ကွမ်ဟိန်းမြို့နယ်အတွင်း ဘုန်းတော်ကြီးနှစ်ပါးအား နအဖ စစ်တပ်က ပစ်ခတ်သတ်ဖြတ်သွားကြောင်း (Asian Tribune) သတင်းတပုဒ်အရ သိရသည်။

ထိုင်းနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသူများ၏အဆိုကို ကိုးကား၍ သတင်းက ဖော်ပြထားရာတွင် ပြီးခဲ့သည့် မတ်လ (၂၃)ရက်နေ့က ခလရ(၂၄၆) ဗိုလ်ကြီးသန်းနိုင်ဦး ဦးစီးသည့် တပ်ဖွဲ့တဖွဲ့သည် ကွမ်ဟိန်းမြို့နယ်အတွင်းရှိ ကျေးရွာသို့ ရောက်လာပြီး ကျေးရွာဘုန်းကြီးကျောင်းသို့ သွားရောက်ကာ တစုံတရာ မေးမြန်းခြင်းမရှိဘဲ သက်တော် (၈၃)နှစ်အရွယ်ရှိ ကျောင်းထိုင်ဆရာတော် ဦးဥတ္တမနှင့် ဦးပဥ္စင်း ဦးဆန်လုံကောတို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားရာ ဆရာတော်ကြီးမှာ နေရာတွင်ပင် ပွဲချင်းပြီး ပျံလွန်တော်မူခဲ့ပြီး ဦးပဥ္စင်း ဦးဆန်လုံကောမှာ ဆေးရုံရောက်ကာမှ ပျံလွန်သွားခြင်းဖြစ်သည်။ မသေဆုံးမီ ပစ်သတ်သွားသူများကို ထုတ်ဖော်ပြောကြားခဲ့သည်။

စျာပနအပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါရွာလူကြီးများကို တပ်ရင်းအရာရှိက ဆင့်ခေါ်၍ ဖြစ်ပွားမှုအပေါ် မည်သူ့ကိုမျှ မပြောရန် နှုတ်ပိတ်ခဲ့ပြီး ယခုအဖြစ်အပျက်သည် ရှမ်းလက်နက်ကိုင် အဖွဲ့အစည်းများ၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုရန် အမိန့်ပေးခဲ့သည်ဟု ထိုင်းနယ်စပ်သို့ ရောက်လာသူများအဆိုအရ သိရသည်။

နအဖ သည် ဧပြီလ (၂၉)ရက်နေ့က ရှမ်းတောင်သူ (၁၁)ဦးအား ရှမ်းလက်နက်ကိုင်များက ပစ်သတ်ခဲ့သည့်အတွက် (၄)ဦး သေဆုံးပြီး (၄)ဦး ဒဏ်ရာရရှိခဲ့ကြောင်း – – နေ့ သတင်းစာတွင် ရှင်းလင်းပြောကြားသွားသည်။

သို့ရာတွင် အမှုမှန်မပေါ်ရေးအတွက် မျက်မြင်သက်သေများကို နအဖတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ရှမ်းသတင်းအေဂျင်စီ၏အဆိုအရ သိရသည်။ ❖

# တိုင်းရင်းသားများပိုင် လယ်မြေများ ထောက်လှမ်းရေးတပ် သိမ်းပိုက်

**မေ၊ (၆)ရက်**

ပြီးခဲ့သည့် ဧပြီလက ကချင်ပြည်နယ် ဟိုပင်မြို့နယ်တွင်းရှိ ဒေသခံ ရှမ်းတိုင်းရင်းသားများပိုင် လယ်မြေများအား ထောက်လှမ်းရေးတပ်က သိမ်းယူပြီး ဒေသခံလူထုကို ထိုလယ်မြေများတွင် အဓမ္မခိုင်းစေနေကြောင်း သိရသည်။

ဟိုပင်မြို့နယ် အင်းတော်ကြီးဒေသတခုလုံးရှိ လက်ရှိလုပ်ကိုင်နေသည့် ရှမ်းလူစုပိုင် လယ်မြေများအပြင် အသစ်ဖော်ထားသော လယ်ဧက (၁၀၀)ကျော်ကို မြစ်ကြီးနားအခြေစိုက် ထောက်လှမ်းရေးအမှတ် (၈)က တပ်ပိုင်လယ်မြေများအဖြစ် သိမ်းယူခဲ့သည်။ ယခင်က လယ်ဧက များသူများထံမှ သိမ်းယူခြင်းဖြစ်သော်လည်း ယခုအခါ အင်းတော်ကြီးတခုလုံးရှိ လယ်မြေများကို သိမ်းယူခြင်းဖြစ်သည်။

ဒေသခံတဦး၏အဆိုအရ ထောက်လှမ်းရေးတပ်ကြပ်ကြီး လင်းဇော်ဆိုသူက အဆိုပါမြေများတွင် စပါးပင်စိုက်သည်အထိ အခကြေးငွေ မပေးဘဲ တအိမ်တယောက် လုပ်အားပေး ခိုင်းစေမှု ပြုလုပ်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ(၂၃)ရက်နေ့တွင် နအဖ တွင်း(၂) ဗိုလ်ချုပ်စိုးဝင်က တောင်သူလယ်သမားများထံမှ ဆန်နှင့် စပါးကို ရွှေ့နှစ်မှစပြီး အစိုးရက တိုက်ရိုက်ဝယ်ယူမှု မပြုတော့ဘဲ တောင်သူကြီးများကိုယ်တိုင် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း တရားဝင်ပြောဆိုခဲ့သော်လည်း ရန်ကုန်နှင့် အလှမ်းဝေးသည့်ဒေသများတွင် ယနေ့အချိန်ထိ လယ်သမားများ၏ လယ်မြေများ အဓမ္မသိမ်းယူခြင်း ခံနေရဆဲဖြစ်သည်။

❖ ❖ ❖

# တပ်မြို့တည်ရန် ကျေးရွာများအား မောင်းထုတ်နေ

**မေ၊ (၁၄)ရက်။**

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ခမောက်ကြီးကျေးရွာကို တပ်မြို့အဖြစ် ပြောင်းလဲရန်အတွက် ကျေးရွာနေ ရွာသူရွာသားများအား ရွာမှထွက်ခွာသွားရန် ခမရ (၂၈၈) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကိုယ်တိုင် အမိန့်ပေးထားသည်။ မူလက ခမောက်ကြီးကျေးရွာကို မြို့နယ်အဆင့်ထိ တိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်ထားပြီးမှ ယခုလို မောင်းထုတ်ခြင်းဖြစ်ကြောင်း ရွာသားတဦးအဆိုအရ သိရပြီး ထိုရွာတွင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် လာရောက်ဖွင့်လှစ်ခဲ့ပြီးနောက် ခလရနှင့် ခမရတပ်ရင်း (၅)ရင်းစီ ချထားရန် စီစဉ်နေသည့်အတွက် ကျေးရွာနေလူထုမှာ မောင်းထုတ်ခံရခြင်းဖြစ်သည်ဟု သိရသည်။ ရွာသားများသည် မေလ(၁၂)ရက်မှ ဇွန်လ(၁၅)ရက်နေ့အတွင်း အပြီးပြောင်းရွှေ့ရမည်ဖြစ်ပြီး တောရိုင်းမြေများအား ခုတ်ထွင်ရှင်းလင်းနေထိုင်ကြရမည်ဟု ဆိုသည်။ ❖

**ကျမ မေလ(၆ )ရက်နေ့မှာ နေအိမ်မှ ကန့်သတ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်ပြီးတဲ့နောက်မှာ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့ကို ခရီးထွက်ခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်းမှာဆိုလို့ရှိရင် ပြည်သူလူထုတွေရဲ့ လိုအပ်ချက်တွေ၊ မျှော်လင့်ချက်တွေ၊ စိုးရိမ်ပူပန်မှုတွေကို အနီးကပ် ကျမ ခံစားခဲ့ရပါတယ်။ ဒီလို အနီးကပ်ခံစားရတဲ့အခါကျတော့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို ကျမတို့က ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတယ်ဆို တာ ကျမ သဘောပေါက်လာပါတယ်။**

**ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို မချိုးဖောက်ကောင်းပါဘူး။**
**ကျမတို့ အဖွဲ့ချုပ်ကလည်း ဘယ်တော့မှ မချိုးဖောက်သင့်ပါဘူး။**
**မချိုးဖောက်နိုင်အောင်လို့လည်း ကျမတို့ဟာ ကြိုးစားလုပ်ကိုင်သွားရမှာ ဖြစ်ပါတယ်။**



ရှမ်းပြည်နယ်ခရီးစဉ်အတွင်း တောင်ကြီးလူထုအား မိန့်ခွန်းစကားပြောကြားနေစဉ်

ရှေ့ဖုံးမှ

ဦးလွင်က ယခုခရီးစဉ်တွင် အာဏာပိုင်များထက် ကြံ့ဖွံ့အဖွဲ့က ပိုမိုနှောင့်ယှက်ကြောင်း မှတ်ချက်ချသည်။ နအဖ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်သန်းထွန်းက ဒေါ်စု ခရီးစဉ်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကန့်သတ်ပိတ်ပင်တားမြစ်မှုများ ပြုလုပ်ထားကြောင်း သတင်းဌာနတခုကို ဝန်ခံခဲ့သည်။

**မေ(၁၁)ရက်။** ။ ခရီးစဉ် ၆ ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်သို့ ခရီးဆက်သည်။ စစ်ကိုင်းတိုင်း ကသာမြို့နယ်မှ ကချင်ပြည်နယ် မိုးညှင်းမြို့သို့အသွား အင်းတော်တွင် ကြံ့ဖွံ့အဖွဲ့၏ နှောင့်ယှက်မှုခံရသည်။ အင်းတော်မြို့သို့ ည ၈ နာရီခန့်မှ ရောက်ရှိလာခဲ့ရာ လျှပ်စစ်မီး ဖြတ်ထားသဖြင့် တမြို့လုံးက ဖယောင်းတိုင်မီးများ ထွန်းညှိကာ ထူးထူးခြားခြား ကြိုဆိုခဲ့သည်။ မြို့လုံးကျွတ်မျှ ကြိုဆိုကြခြင်းဖြစ်သည်။ သို့ရာတွင် ကြံ့ဖွံ့အင်အား ၅၀ ခန့်က "ပြည်ပအားကိုး.... ကန့်ကွက်ကြ" ဆိုင်းဘုတ်များကိုင်၍ အော်ဟစ်ဆန္ဒပြခဲ့သည်။ အဖွဲ့ချုပ်ဝင်များကလည်း ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် သက်တော်ရာကျော်ရှည်ပါစေဟု တုံ့ပြန်အော်ဟစ်ခဲ့ကြသည်။

ထိုသို့နှောင့်ယှက်ခြင်းမှာ ဝန်းသိုမြို့သို့ ရောက်ရှိစဉ် ပြည်သူလူထုကို မိန့်ခွန်းပြောကြားရာ၌ ကြံ့ဖွံ့အဖွဲ့သည် အခွင့်ထူးခံ လူတန်းစားဖြစ်ကြောင်း၊ ကြံ့ဖွံ့အသင်းသို့ဝင်မှ အလုပ်အကိုင်ရ၊ စာမေးပွဲအောင်သည့် အခွင့်အရေးများရရှိကြောင်း ဝေဖန်ပြောကြားခဲ့သည့်အတွက် ကသာနှင့် အင်းတော်တို့တွင် ဆန္ဒပြခံရခြင်းဖြစ်ကြောင်း တဝတ ဥက္ကဋ္ဌက လာရောက်ရှင်းပြခဲ့သည်။

မိုးညှင်းမြို့သို့မရောက်မီ နန်စီအောင်မှစ၍ ပြည်သူထုများက မအိပ်မနေစောင့်ဆိုင်းကြိုဆိုခဲ့ကြသည်။ ဒေါ်စုနှင့်အဖွဲ့သည်လည်း ထိုနေ့ည၌ပင် မအိပ်မနေ ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။

**မေ(၁၂)ရက်။** ။ နံနက် ၃ နာရီတွင် ကချင်ပြည်နယ် မိုးညှင်းသို့ ရောက်သည်။ ဦးစွာ မိုးညှင်းမြို့နယ်စည်းကော်မတီများနှင့် တွေ့ဆုံညှိနှိုင်း၍ နံနက် ၁၁ နာရီခန့်တွင် မြို့နယ်အဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ပေးခဲ့သည်။ မိုးညှင်းမြို့တွင် နှောင့်ယှက်မှု တစုံတရာမရှိ။ နေ့လည် ၁၂ နာရီတွင် မိုးကောင်းမြို့သို့ ခရီးဆက်သည်။ လမ်းခရီး နမ္မားရွာတွင် ကချင်တိုင်းရင်းသား ၁၀,၀၀၀ (တသောင်း)ခန့်က စည်စည်ကားကား ကြိုဆိုနေကြရာ ဒေါ်စုက ခေတ္တရပ်နား၍ နှုတ်ခွန်းဆက်စကား ပြောသည်။ ထို့နောက် ဟိုပင်သို့ ခရီးဆက်ရာ ဟိုပင်ရှိ ကချင်ပြည်သူများက ရိုးရာခြင်းတောင်းများတွင် ရိက္ခာများ အပြည့်ထည့်လွယ်ပိုး၍ ဦးတင်ဦးနှင့် ဒေါ်စုတို့အား လက်ဆောင်များပေးခဲ့ကြသည်။ ဒေါ်စုက မိုးညှင်းမြို့လူထုဟောပြောပွဲတွင် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကိစ္စကို အလေးပေးဟောပြောခဲ့သည်။

ဟိုပင်မှအထွက် ရွာတရွာတွင် ကြံ့ဖွံ့အဖွဲ့အင်အား(၃၀)ခန့်က ပိုစတာများ ကိုင်ဆောင်၍ အော်ဟစ်ကြရာ ထောက်ခံသူများနှင့်အပြိုင် ဖြစ်နေခဲ့သည်။ မိုးကောင်းအဝင် ဂ မိုင်ရွာတွင် ကြံ့ဖွံ့အဖွဲ့များ၏ ဟန့်တားနှောင့်ယှက်မှု ခံခဲ့ရသည်။ မိုးကောင်းတွင် ညအိပ်ရပ်နားသည်။

**မေ(၁၃)ရက်။** ။ နံနက် ၁၁ နာရီတွင် မိုးကောင်းမြို့နယ် အဖွဲ့ချုပ်ရုံးကို ဆိုင်းဘုတ်တင် ဖွင့်လှစ်သည်။ ကြံ့ဖွံ့အဖွဲ့က လမ်းကို ပိတ်ဆို့ထားခြင်း၊ ပြည်သူလူထုကို ခြိမ်းခြောက်တားမြစ်ထားခြင်းတို့ ပြုလုပ်ခဲ့သော်လည်း လူထုပရိသတ် ကြိတ်ကြိတ်တိုး စည်ကားနေပြီး လမ်းမပေါ်တွင် ပြည့်လျှံနေသည်။ လူထုကို အသံချဲ့စက်ဖြင့် စကားပြောခွင့်မပြုသည့်အတွက် လက်ကိုင်လော်စပီကာ ငယ်ဖြင့်သာ ဟောပြောခဲ့ရသည်။



ရောဝတီတိုင်းခရီးစဉ်အတွင်း ပြည်သူများအား နှုတ်ခွန်းဆက်စကား ပြောကြားနေစဉ်

မိုးကောင်းမှ ဖားကန့်မြို့ဘက် ခရီးဆက်သည်။ ဖားကန့်မရောက်မီ လုံးခင်းရွာ၌ ကြိုဆိုနေသည့် လူထုတသောင်းကျော်ကို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဖားကန့်သို့ ညနေ ၆ နာရီခန့်တွင် ရောက်ရှိလာရာ ကချင်ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ထားသည့် ဒေသခံတိုင်းရင်းသားအသီးသီးက ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် မြို့လုံးကျွတ်ထွက်၍ ကြိုဆိုကြသည်။ ဖားကန့်တွင် ညအိပ်ရပ်နားခဲ့သည်။

**မေ(၁၄)ရက်။** ။ နံနက် ဂ နာရီမှ ၁၀ နာရီကြားအတွင်း မြို့နယ်အဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ခြင်း၊ လူထုပရိသတ်အား မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ဖားကန့်မြို့ကိုပတ်၍ လှည့်လည်နှုတ်ဆက်ရာ ပြည်သူများက မြို့လုံးကျွတ် ကြိုဆိုသည်။ နံနက် ၁၁ နာရီတွင် ဖားကန့်မှ တနိုင်းဘက်သို့ခရီးဆက်သည်၊ ခရီးစဉ်အတွင်း တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ထားသောကြောင့် ရန်ကုန်ဌာနချုပ်ရုံးနှင့် အဆက်အသွယ် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ဦးလွင်က ပြောသည်။

တနိုင်းသို့သွားရန် မိုးကောင်းမြို့သို့ ပြန်ဝင်၍ ညအိပ်သည်။ မိုးကောင်းမြို့သို့ ည ၉ နာရီ ၂၀ မိနစ်တွင် ရောက်ရှိသည်။

**မေ(၁၅)ရက်။** ။ နံနက် ၄ နာရီတွင် မိုးကောင်းမှ တနိုင်းသို့ခရီးဆက်သည်။ တနိုင်းမြို့အဝင်တွင် ကြံ့ဖွံ့အဖွဲ့ အင်အား (၃၀)ခန့်က နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားခဲ့သည်။ ဖုန်းအဆက်အသွယ် ဖြတ်တောက်ထားဆဲဖြစ်ကြောင်း ဦးလွင်မှ ပြောကြားသည်။ တနိုင်းမြို့တွင် ဂြိုလ်တု ဆက်သွယ်ရေး ဖုန်းတလုံးရှိသော်လည်း အာဏာပိုင်များက ယင်းဖုန်းကို (၂)ရက်တိတိ ပိတ်ထားရန် အမိန့်ပေးထားကြောင်း သိရသည်။

တနိုင်းမြို့နယ် အဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ပေးပြီးနောက် ညနေပိုင်းတွင် မြစ်ကြီးနားသို့ ခရီးဆက်သည်။ နမ္မတီးမြို့အရောက်တွင် ကြံ့ဖွံ့အင်အား (၅၀)ခန့်က လောက်လေးခွများကိုင်ဆောင်ပြီး နှောင့်ယှက်ဟန့်တားခဲ့သည်။

**မေ(၁၆)ရက်။** ။ ယခုခရီးစဉ်တလျှောက် ကြံ့ဖွံ့အဖွဲ့များ၏ အကြမ်းတမ်းဆုံး နှောင့်ယှက်ဟန့်တားမှုကို ရင်ဆိုင်ခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်ကို ထိပါးနိုင်သည်အထိ ခြိမ်းခြောက်မှုများရှိခဲ့ကြောင်း ဦးလွင်ကပြောကြားခဲ့သည်။

မြစ်ကြီးနားမြို့အဝင် ကုန်းတံတားတခုပေါ်တွင် ကြံ့ဖွံ့အဖွဲ့ဝင်အင်အား ၃၀၀ ခန့်က လမ်းတဘက်တချက်တွင် ပိုစတာများကိုင်ပြီး ကြွေးကြော်သံများ ဟစ်အော်ခဲ့ကြသည်။ ထို့အပြင် ဒေါ်စု စီးနင်းလိုက်ပါလာသည့်ကားကို လမ်းလယ်ခေါင်မှဖြတ်ပိတ်ကာ တားဆီးလိုက်သည်။ ကြွေးကြော်သံများ အော်ဟစ်ရုံသာမက လက်သီးလက်မောင်းများတန်း၍ ကားဘေးပြတင်းပေါက်များမှ ထိုးသွင်းလာခဲ့သည်။ ကြံ့ဖွံ့များသည် နှစ်တလက်မဒုတ်များ၊ လောက်လေးခွများနှင့် လောက်စာလုံးများအဖြစ် မော်တော်ကားမူလီများကို ကိုင်ဆောင်ထားရုံမက သောက်စား မူးယစ်ထားကြကြောင်း သိရသည်။ ၎င်းတို့သည် ကိုင်နေကြ ပိုစတာများအပြင် "လူမျိုးနှင့် ဘာသာသာသနာကို ခိုးယူသွားသူများအား ဆန့်ကျင်ကြ၊ ခြေမှုန်းကြ"ဆိုသည့် ပိုစတာတခုကိုပါ ထူးထူးခြားခြား ကိုင်ဆောင်လာကြကြောင်း ဦးလွင်က ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့၏ မော်တော်ယာဉ်တန်းနားအထိ ကပ်၍ ထိုသို့ ကြမ်းတမ်းစွာ နှောက်ယှက်ခဲ့ချိန်သည် နာရီဝက်ခန့် ကြာမြင့်ခဲ့သည်။ ဦးလွင်၏ အဆိုအရ အဖွဲ့ဝင်များသာ မော်တော်ယာဉ်ပေါ်က ဆင်းခဲ့ပါက အသက်အန္တရာယ် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

အသက်အန္တရာယ်ရှိလောက်သည့် နှောင့်ယှက်ဟန့်တားမှုအတွက် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်၊ ဟန့်တားခြိမ်းခြောက်မှုများအား ကျော်ဖြတ်၍ မြစ်ကြီးနားသို့ နံနက် ဂ နာရီတွင် ရောက်ရှိသည်။

ညနေ ၄ နာရီတွင် ကချင်ပြည်နယ်အဖွဲ့ချုပ်ရုံးနှင့် မြစ်ကြီးနားမြို့နယ်အဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ခဲ့သည်။ ဆိုင်းဘုတ်တင်ပွဲအပြီးတွင် အဖျက်သိမ်းခံ ကချင်နိုင်ငံရေးပါတီများဖြစ်သည့် ဒီမိုကရေစီကချင်အမျိုးသားကွန်ဂရက်၊ ကချင်အမျိုးသားကွန်ဂရက်နှင့် ကချင်အမျိုးသားဒီမိုကရက်တစ်ပါတီတို့မှ ပုဂ္ဂိုလ်များက ကချင်ရိုးရာခလေ့အတိုင်း ပလိုင်းများဖြင့် ယူလာသော ထမင်းဟင်းများဖြင့် ထမင်းလက်ဆုံစားပွဲ ပြုလုပ်သည်။ မြစ်ကြီးနားတွင် ညအိပ်ရပ်နားသည်။

**မေ(၁၇)ရက်။** ။ မြစ်ကြီးနားမြို့တွင် နားနေသည်။ ရန်ကုန်နှင့် ဖုန်းအဆက်အသွယ်ရစဉ် မြစ်ကြီးနားအဝင် ကြမ်းတမ်းစွာ နှောင့်ယှက်ဟန့်တားခံရမှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း နအဖ အာဏာပိုင်များထံ အကြောင်းကြားထား

စာမျက်နှာ(၁၈)၊ ကော်လံ(၁)သို့



ပြည်မြို့ခရီးစဉ်အတွင်း